# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်၊ တနင်္ဂနွေနေ့။ Sunday, 28 February 2021 ၁၀၃၀၂


**ကပ်ငြိတွယ်တာမှုမရှိ**

လာကြကုန်လော့(ရတနာခုနစ်ပါးဖြင့်) ဆန်းကြယ်သော မင်းစီးရထားလျှင် ဥပမာရှိသော (အဝတ်တန်ဆာတို့ဖြင့်) ဆန်းကြယ်သော ဤခန္ဓာငါးပါးတည်းဟူသော လောကကို ရှုကြကုန်လော့။ ယင်းလောက၌ မိုက်သူတို့သည် ခန္ဓာငါးပါး၌ နစ်မြုပ်ကုန်၏။ ပညာရှိတို့အား ခန္ဓာငါးပါး ကပ်ငြိတွယ်တာမှု သည်မရှိ။

လောကဝဂ်(ဓမ္မပဒ-၁၇၁)

# သတင်းထုတ်ပြန်ချက်

၁။ မြန်မာနိုင်ငံအခြေအနေနှင့်ပတ်သက်၍ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener ၏ ရှင်းလင်းမှုပါဝင်သည့် အထွေထွေ ညီလာခံ အလွတ်သဘောအစည်းအဝေးကို ၂၆-၂-၂၀၂၁ ရက်နေ့ နံနက်ပိုင်းတွင် နယူးယောက်မြို့၊ ကုလသမဂ္ဂဌာနချုပ်၊ အထွေထွေ ညီလာခံခန်းမတွင် ကျင်းပခဲ့ပါသည်။

၂။ အဆိုပါအစည်းအဝေး၌ ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်း ကိုယ်စားလှယ်/သံအမတ်ကြီး ဦးကျော်မိုးထွန်းက NLD ဦးဆောင်သည့် ရွေးကောက်ခံအစိုးရကို ကိုယ်စားပြုကြောင်းနှင့် ပြည်ထောင်စု လွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH) ၏ သတင်းစကားကို မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့ပါသည်။ ယင်းသို့ ပြောကြားရာတွင် တပ်မတော်အစိုးရအား ဆန့်ကျင်ရန်၊ ထိုသို့ ဆန့်ကျင်သူများအား နိုင်ငံတကာမှ ပံ့ပိုးကူညီမှုများပေးရန်၊ CRPH ကို ထောက်ခံရန်၊ ဖမ်းဆီးခံရသူ ခေါင်းဆောင်များအား ပြန်လွှတ်ပေးရန်၊ စစ်အာဏာ သိမ်းမှုအဆုံးသတ်ရေး ဆောင်ရွက်နေမှုများ ဆက်လက်ဆောင်ရွက် သွားရန် ပြောကြားခဲ့ပါသည်။

၃။ နိုင်ငံခြားရေးဝန်ကြီးဌာနသည် မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများသို့ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြု ကော်မတီ (CRPH) မှ အီးမေးလ်နှင့် စာများပေးပို့ခြင်းသည် အဖျက် အမှောင့်လုပ်ဆောင်ချက်သာဖြစ်၍ အဆိုပါစာများကို တရားဝင် လက်ခံခြင်း၊ ပြန်ကြားခြင်းနှင့် မှတ်ချက်ပြုခြင်း တစ်စုံတစ်ရာလုံးဝမပြု (မပြု)လုပ်ရန် ညွှန်ကြားခဲ့ပြီးဖြစ်ပါသည်။

၄။ မြန်မာအမြဲတမ်းကိုယ်စားလှယ်/ သံအမတ်ကြီး ဦးကျော်မိုးထွန်း သည် နိုင်ငံတော်မှ ပေးအပ်သော အမိန့်နှင့် ညွှန်ကြားချက်ကို လိုက်နာမှုမရှိဘဲ နိုင်ငံတော်အပေါ် သစ္စာဖောက်ဖျက်ခြင်း၊ နိုင်ငံတော် အစိုးရအား ကိုယ်စားပြုခြင်းမရှိသည့် တရားမဝင်အဖွဲ့အစည်းအား သစ္စာခံလျက် ကူညီကိုယ်စားပြု လှုပ်ရှားဆောင်ရွက်ခြင်း၊ အမြဲတမ်း ကိုယ်စားလှယ်/ မြန်မာသံအမတ်ကြီး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်တို့ကို အလွဲသုံးစားပြုခြင်းတို့ကြောင့် ၎င်းအား ၂၇-၂-၂၀၂၁ ရက် နံနက်ပိုင်း မှအစပြု၍ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့် စည်းမျဉ်း စည်းကမ်းများအရ ဝန်ထမ်းအဖြစ်မှ ထုတ်ပယ် (Dismissal) ခဲ့ပြီးဖြစ် ကြောင်း ဖော်ပြအပ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်**

# မလေးရှားနိုင်ငံတွင် ရောက်ရှိနေသော မြန်မာနိုင်ငံသားများအား တပ်မတော်မှ စစ်ရေယာဉ်များဖြင့် မြန်မာနိုင်ငံသို့ အောင်မြင်စွာပြန်လည်ခေါ်ဆောင်နိုင်ခဲ့



မလေးရှားနိုင်ငံတွင် ရောက်ရှိနေသော မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်လာသည့် တပ်မတော်မှစစ်ရေယာဉ်များ ရန်ကုန်မြို့ အမှတ်(၃) ရေတပ်ဆိပ်ကမ်းသို့ ပြန်လည်ရောက်ရှိစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့်ကာလအတွင်း နိုင်ငံရပ်ခြားတွင် ကာလရှည်ကြာစွာ ပိတ်မိဒုက္ခခံနေရသည့် မြန်မာနိုင်ငံသားများအနေဖြင့် မိမိတို့မြန်မာနိုင်ငံသို့ ပြန်လာသင့်ကြောင်း၊ အဆိုပါ ပြည်ပရောက်မြန်မာနိုင်ငံသားများအား အမြန်ဆုံးပြန်လည်ခေါ်ဆောင်နိုင်ရေး စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၂ ရက်တွင် နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး၌ လမ်းညွှန်မှာကြားခဲ့သဖြင့် မလေးရှားနိုင်ငံတွင် ရောက်ရှိနေပြီး ယခင်ကာလကတည်းက အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံသို့ပြန်လာရန် အခက်အခဲများကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအားခေါ်ဆောင်ရန် တပ်မတော်မှ စစ်ရေယာဉ်(မုတ္တမ)၊ ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)နှင့် စစ်ရေယာဉ်(ဆင်ဖြူရှင်)တို့သည် ဖေဖော်ဝါရီ ၁၅ ရက်တွင် ရန်ကုန်မြို့မှ မလေးရှားနိုင်ငံ လူမွတ်(Lumut) ရေတပ်ဆိပ်ကမ်းသို့ စတင်ထွက်ခွာခဲ့သည်။

မြန်မာ့တပ်မတော်မှ စစ်ရေယာဉ်သုံးစင်းသည် မလေးရှားနိုင်ငံ လူမွတ် (Lumut) ရေတပ်ဆိပ်ကမ်းသို့ ဖေဖော်ဝါရီ ၂၁ ရက် နံနက်ပိုင်းတွင်ရောက်ရှိခဲ့ပြီး ဖေဖော်ဝါရီ ၂၃ ရက်တွင် မြန်မာနိုင်ငံသား ၁၀၈၆ ဦးအား မလေးရှားနိုင်ငံ တာဝန်ရှိသူများထံမှ စနစ်တကျလွှဲပြောင်းလက်ခံရယူပြီး လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ အဝတ်အစားအသုံးအဆောင်များ ထောက်ပံ့ပေးခြင်းများ ဆောင်ရွက်ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာခဲ့ကာ လမ်းခရီးစဉ်တစ်လျှောက်တွင်လည်း လုံခြုံရေး၊ စားသောက်နေထိုင်ရေးနှင့် လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့သည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ☆

ကြေးမုံ ယနေ့ ဖတ်စရာ


**စက်မှုလယ်ယာစနစ်သို့ အောင်မြင်စွာ ကူးပြောင်းရေးအတွက် သုတေသနနှင့် ပညာပေးလုပ်ငန်းများကို ဌာနအားလုံး ပေါင်းစည်းဆောင်ရွက်သွားမည်** စာမျက်နှာ » ၃

**စစ်တွေ-ကျောက်ဖြူ (ကမ်းရိုးတန်းတိုက်ရိုက်) ရေယာဉ်ခရီးစဉ် ပြန်လည်ပြေးဆွဲ** စာမျက်နှာ » ၅

**ဇာတိမာန်၊ အတိတ်တဘောင်နှင့် တို့လူမျိုး** ဆောင်းပါး စာမျက်နှာ » ၆

**အဖိုးတန်သော ယဉ်ရှယ်နုပျိုမှုများ ပျောက်ရှမသွားရလေအောင် . . .** ဆောင်းပါး စာမျက်နှာ » ၈

ကြေးမုံ

# သဘာဝဘေးအန္တရာယ်ကိုလည်း သတိမူ

မြန်မာနိုင်ငံတွင် ရာသီဥတုပြောင်းလဲမှုကြောင့် ပြည်သူများ ဆိုးရွားစွာထိခိုက်ခံစားခဲ့ကြရသည်ကို မမေ့မလျော့ရှိနေကြရမည်ဖြစ်သည်။ ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းသဘာဝဘေးဖြစ်စဉ်မှစ၍ သဘာဝဘေးအမျိုးမျိုးတို့၏ ဆိုးကျိုးများကို ကြုံတွေ့ခဲ့ကြရပြီးဖြစ်ပေသည်။ အကြီးမားဆုံးနာဂစ်မုန်တိုင်းဘေးကြောင့် ဧရာဝတီတိုင်းဒေသကြီးမှ အခြေခံပြည်သူများ၏ ဒုက္ခဆင်းရဲများကို ယနေ့ထက်တိုင် တွေ့မြင်နိုင်သေးသည်။

မြန်မာနိုင်ငံတွင် နာဂစ်မုန်တိုင်းဖြစ်စဉ်ကြောင့် ပြည်သူတစ်သိန်းကျော် အသက်ဆုံးရှုံးခဲ့ရပြီးဖြစ်သည်။ ယနေ့ကာလတွင် လာနီညာဖြစ်စဉ်ကြောင့် အအေးပိုကဲသည့်ဖြစ်စဉ် ဖြစ်ပွားလျက်ရှိရာ အမေရိကန်နိုင်ငံတွင် အအေးလွန်ကဲမှုကြောင့် ပြည်သူ ၄၀ ကျော် အသက်သေဆုံးခဲ့ရသလို အခြားနိုင်ငံများတွင်လည်း အသက်သေဆုံးမှုများရှိသည်။ မြန်မာနိုင်ငံတွင် ပြီးခဲ့သည့်နှစ်များက သဘာဝဘေးဖြစ်စဉ်များဖြစ်သည့် ရေကြီးရေလျှံခြင်း၊ မြေပြိုခြင်းဖြစ်စဉ်များကြောင့် တိုင်းရင်းသားပြည်သူများ၏ အသက်ပေါင်းရာချီ ဆုံးရှုံးခဲ့ရပြီးဖြစ်သည်။

ယနေ့ကာလတွင် မီးလောင်မှု၊ လျှောင်လှုပ်မှု၊ လေပြင်းတိုက်ခတ်မှုဖြစ်စဉ်များကြုံတွေ့နေရသည်။ မြန်မာနိုင်ငံအနေဖြင့် ငလျင်ဘေးအန္တရာယ်ကို သတိပြုရမည်ဖြစ်ကြောင်း ပညာရှင်များက ကြိုတင်သတိပေးထားသည်။ ပျက်စီးဆုံးရှုံးမှုရှိသည့် ငလျင်လှုပ်မှုဖြစ်စဉ်များကိုလည်း မြင်တွေ့နေရသည်။ သဘာဝဘေးများ ပိုမိုဖြစ်ပေါ်လာရခြင်းသည် လူသားများဖန်တီးမှုကြောင့်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ပျက်စီးစေသော အကြောင်းအမျိုးမျိုးတို့ကို ပြုလုပ်ခဲ့ကြသောကြောင့်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ကို ဖျက်ဆီးခြင်း၊ သစ်တောများ ပြုန်းတီးခြင်းတို့သည် ရာသီဥတုပြောင်းလဲစေသောအချက်များဖြစ်သည်။

မြန်မာနိုင်ငံတွင် သစ်တောများပြုန်းတီးမှုကြောင့် ရာသီဥတုပြောင်းလဲမှုများဖြစ်ပေါ်နေကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဖေဖော်ဝါရီလ ၂၆ ရက်တွင် အသိပေးပြောကြားထားသည်။ သစ်တောပြုန်းတီးမှုအချို့မှာ စိုက်ပျိုးရေးလုပ်ငန်းများ ရွှေ့ပြောင်းလုပ်ကိုင်နိုင်ရန် နေရာအတွက် ခုတ်ထွင်ခြင်း၊ တောင်ယာစိုက်ပျိုးနိုင်ရန်အတွက် ခုတ်ထွင်ခြင်း၊ ထင်းခုတ်ခြင်း၊ မီးသွေးဖုတ်ခြင်းနှင့် တရားမဝင်သစ်ခိုးထုတ် ရောင်းချမှုများသည် သဘာဝပတ်ဝန်းကျင်ကို ပျက်စီးသောအကြောင်းအချက်များဖြစ်သည်။

ကျေးရွာများ၌ သစ်သုံးစွဲမှု၊ ထင်းသုံးစွဲမှုတို့ကိုတွက်ချက်ပြီး ကျေးရွာပိုင်ထင်းစိုက်ခင်းများကို မဖြစ်မနေစိုက်ပျိုးရန်အတွက် စနစ်တကျဆောင်ရွက်သွားရန်၊ သစ်ထုတ်လုပ်မှုနှင့်ပတ်သက်၍လည်း နိုင်ငံအတွက် လိုအပ်ချက်ကိုသာ ထုတ်လုပ်ရမည်ဖြစ်ပြီး တစ်ဖက်ကလည်း သစ်တောထိန်းသိမ်းရေးမူဝါဒကိုချမှတ်ကာ ဆောင်ရွက်ရမည်။ သစ်တောထိန်းသိမ်းမှုနှင့်ပတ်သက်ပြီး မိမိတို့စနစ်တကျ ထိန်းသိမ်းနိုင်မှသာလျှင် ကောင်းမွန်သည့် အကျိုးဆက်ကို နောင်မျိုးဆက်များခံစားရမည်ဖြစ်သည့်အတွက် သစ်တောနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို မဖြစ်မနေဆောင်ရွက်ရမည်ဟု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက မှာကြားထားသည်။

ကမ္ဘာပေါ်တွင် ပြင်းထန်သော မိုးလေဝသအခြေအနေနှင့် ရာသီဥတုပြောင်းလဲမှုတို့ကြောင့် နှစ်စဉ် နေရပ်စွန့်ခွာရသည့် ပြည်သူအရေအတွက်သည် ပဋိပက္ခဖြစ်ပွားမှုများကြောင့် နေရပ်စွန့်ခွာရသည့်အရေအတွက်ထက် သုံးဆရှိသည်။ နေရပ်စွန့်ခွာရသူအများစုမှာ ဖွံ့ဖြိုးဆဲနိုင်ငံများမှဖြစ်ကြပြီး ယင်းတို့အနက် ၈၁ ရာခိုင်နှုန်းမှာ အာရှဒေသမှဖြစ်သည်။ အစွန်းရောက် မိုးလေဝသအခြေအနေနှင့် ရာသီဥတုပြောင်းလဲမှုတို့ကြောင့် မိမိတို့၏နေအိမ်နှင့် မြေယာများကို စွန့်ခွာသွားရသူများအတွက် စနစ်တကျပြန်လည်နေရာချထားရေးသည် မဖြစ်မနေလိုအပ်လာသည်။ ယင်းသည် လူ့အခွင့်အရေးကို ရရှိခံစားနိုင်ရေးအတွက်လည်းကောင်း၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုသည့် ပိုမိုကျယ်ပြန့်သည့် စိုးရိမ်ပူပန်စရာအတွက်လည်းကောင်း အကြီးမားဆုံး ခြိမ်းခြောက်မှုတစ်ခု ဖြစ်လာသည်။

ထို့ကြောင့် မြန်မာနိုင်ငံတွင် လတ်တလောနှင့် အနာဂတ်အတွက် ရာသီဥတုပြောင်းလဲမှုတို့ကြောင့် ဖြစ်ပေါ်လာမည့် ပြဿနာများကို မျှော်မှန်းတွက်ဆလျက် နိုင်ငံတော်အတွင်းရှိ မြေများကို စနစ်တကျလျာထားပြီး အကျိုးရှိစွာအသုံးပြုနိုင်အောင် စီမံဆောင်ရွက်ရမည်ဖြစ်သည်။ စိုက်ပျိုးမြေများ၊ သစ်တောမြေများကို စနစ်တကျ ထူထောင်ပြီး ရွှေ့ပြောင်းနေထိုင်ရမည့်သူများကို စနစ်တကျနေရာချထားပေးကာ သဘာဝပတ်ဝန်းကျင် မပျက်စီးအောင်၊ သဘာဝပတ်ဝန်းကျင်ကို ပိုမိုကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်နိုင်အောင် သက်ဆိုင်ရာဌာနများသာမက ပြည်သူအားလုံးတို့ကပါ ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ မျက်မှောက်ကာလတွင် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကြောင့် ရာသီဥတုပြောင်းလဲမှုများ ဖြစ်ပေါ်နေပြီး ယင်း၏နောက်ဆက်တွဲအကျိုးဆက်ကြောင့် သဘာဝဘေးအန္တရာယ်အမျိုးမျိုးတို့လည်း ပေါ်ပေါက်လျက်ရှိရာ ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို လျော့ပါးသက်သာစွာ ကြုံတွေ့နိုင်ရေးအတွက် ကြိုတင်ပြင်ဆင် သတိမူလုပ်ကိုင် ဆောင်ရွက်ထားရမည်ဖြစ်ပါကြောင်း။ ။

## (၇၆)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

(၁) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး(၃)ပါးကို ဆက်လက်ထိန်းသိမ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ဆန္ဒဖြစ်သည့် ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်မှု မရှိစေရန် ပြည်သူတစ်ရပ်လုံးနှင့်လက်တွဲ၍ တပ်မတော်က ကာကွယ် ထိန်းသိမ်းပေးရေး။

(၂) သဘာဝဘေးအန္တရာယ်ကျရောက်မှုအပါအဝင် ပြည်သူများအပေါ် ကျရောက်လာသည့် အန္တရာယ်မှန်သမျှကို မည်သည့်အခြေအနေ မည်သည့်အချိန်အခါတွင်မဆို ကာကွယ်စောင့်ရှောက်ရန်နှင့် ပြည်သူလူထု၏လူနေမှုဘဝလုံခြုံရေးကိုပါ ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။

(၃) ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ဒို့တာဝန်အရေး(၃)ပါးကို မသွေဖည်ဘဲ NCA အပေါ် အခြေခံ၍ အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(၄) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာ ကာကွယ်နိုင်ရန် တိုက်ပွဲစွမ်းရည်နှင့် တိုက်ပွဲစွမ်းအားရှိသော ကျစ်လျစ်ခိုင်မာတောင့်တင်းသည့် ခေတ်မီတပ်မတော်တည်ဆောက်ရေး။

## ပေါင်မြို့နယ်၌ (၇၄)ကြိမ်မြောက် မွန်အမျိုးသားနေ့အခမ်းအနား ကျင်းပ

ပေါင် ဖေဖော်ဝါရီ ၂၇

(၇၄)ကြိမ်မြောက် မွန်အမျိုးသားနေ့ အခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် ပေါင်မြို့နယ် ပေါင်းရပ်ကွက် ဘုရားကြီးကျောင်းတိုက်အတွင်း၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မွန်အမျိုးသားနေ့ ကျင်းပရေးကော်မတီနာယက ဆရာတော် ဘဒ္ဒန္တစန္ဒောဘာသက အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားပြီး မွန်ပြည်နယ်၏ (၇၄)ကြိမ်မြောက် မွန်အမျိုးသားနေ့ကျင်းပရေးကော်မတီ(ဗဟို)မှ ပေးပို့လာသော သဘာပတိမိန့်ခွန်းကို နိုင်ထွန်းမြင့်ကလည်းကောင်း၊ ဥက္ကဋ္ဌမိန့်ခွန်းကို နိုင်စိုးတင်ကလည်းကောင်း၊ မြေစိုက်ပိုစတာသမိုင်းအကျဉ်းကို မိမွန်ထေဝကလည်းကောင်း၊ မွန်စာပေယဉ်ကျေးမှုဆိုင်ရာ စာတမ်းငယ်ကို ဝင်းမော်ပကာကလည်းကောင်း အသီးသီးဖတ်ကြားခဲ့ကြသည်။

အခမ်းအနားသို့ မွန်တိုင်းရင်းသားများအပါအဝင် ကရင်နှင့် ပအိုဝ်းတိုင်းရင်းသားများလည်း တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဝင်းမင်းသန်း(ပြန်/ဆက်)**



ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| **စာတည်းမှူးချုပ်** | - | ဦးစိုးစိုးနိုင် | **အငယ်တန်း** | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| **စာတည်းမှူး** | - | ဦးဝင်းနိုင် | **သတင်းထောက်များ** | | ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ |
| **သတင်းထောက်မှူး** | - | ဦးမြင့်စိုး | | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းများ** | - | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ | **ဓာတ်ပုံသတင်းထောက်** | - | ဦးခင်မောင်ဝင်း |
| | | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ | **သုတေသန** | - | ဒေါ်ဇင်မာဝင့် |
| | | ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **စာပြင်** | - | ဒေါ်ခိုင်သန္တာရွှေ၊ ဒေါ်ခင်ယုဆွေနှင့်အဖွဲ့ |
| **ဘာသာပြန်** | - | ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ | **စာမျက်နှာဖွဲ့စည်းမှုနှင့်** | - | ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့ |
| **စာတည်းများ** | | ဦးအောင်ကျော်ကျော် | **ဒီဇိုင်း** | | |
| **အကြီးတန်း** | - | ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ | **အီးမေးလ်နှင့် အွန်လိုင်း** | - | ဦးစိုးချစ်ဦး၊ ဦးစည်သူလွင်နှင့်အဖွဲ့ |
| **သတင်းထောက်များ** | | ဒေါ်နေဇာဇာထွန်း | | | |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ဆရာဝန်များ၏ သစ္စာအဓိဋ္ဌာန်

**အဓိကအားဖြင့် COVID-19 ကာလတွင် ထိခိုက်ခဲ့သည့် စီးပွားရေးကို ပြန်လည်တည့်မတ်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအား COVID-19 ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများကို ရပ်ဆိုင်းထား၍မရကြောင်း၊ မိမိတို့အနေဖြင့် ပြည်သူလူထုအား COVID-19 ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ၏ CDM လှုပ်ရှားမှု စိတ်ရှည်လက်ရှည် စောင့်ဆိုင်းခဲ့ကြောင်း၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ပြည်သူလူထုကျန်းမာရေးအတွက် ပြည်သူ့ဆေးရုံ၊ ဆေးခန်းများတွင် ကျန်းမာရေး စောင့်ရှောက်မှုပေးရမည့် လုပ်ငန်းတာဝန်ကို မထမ်းဆောင်မှုများသည် ဆရာဝန်များ၏ သစ္စာအဓိဋ္ဌာန်ကို ဖောက်ဖျက်ရာရောက်ပြီး ပြည်သူများအနေဖြင့် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုများခံယူရာတွင် ပြင်ပ ဆေးရုံ၊ ဆေးခန်းများ၌ ငွေကြေးအကုန်အကျများစွာဖြင့် ကုသမှုခံယူရသောကြောင့် ပြည်သူများအနေဖြင့် ထိခိုက်နစ်နာမှုများရှိကြောင်း၊ သို့ဖြစ်၍ လိုအပ်သည့်အရေးယူမှုများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လူ့အသက်သည် အရေးကြီးကြောင်း၊ သို့ဖြစ်၍ ပြည်သူများအနေဖြင့် မိမိကျန်းမာရေးနှင့်စပ်လျဉ်းပြီး ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများတွင် ပြည်သူလူထုအား COVID-19 ကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များကို အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ခွင့်ပြုချက်ဖြင့် တင်သွင်းခွင့်ပြုထားကြောင်း။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၁၅-၂-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)

# စက်မှုလယ်ယာစနစ်သို့ အောင်မြင်စွာ ကူးပြောင်းရေးအတွက် သုတေသနနှင့် ပညာပေးလုပ်ငန်းများကို ဌာနအားလုံး ပေါင်းစည်းဆောင်ရွက်သွားမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ အပြည့်အဝ ကူးပြောင်းရေး၊ လယ်ယာသုံး စက်ကိရိယာများ ရင်းနှီးမြှုပ်နှံမှုနှင့် ထိုက်တန်သည့် အကျိုးစီးပွား ရရှိစေရန် ဆိုင်ရာစက်ကိရိယာ၏ စွမ်းအားကို အပြည့်အဝ အသုံးချနိုင်ရေး၊ တစ်ဧကထုတ်လုပ်မှုနှင့် လယ်ယာ လုပ်သားတစ်ဦးချင်း၏ ထုတ်လုပ်မှု စွမ်းအားမြှင့်တင်ပေးနိုင်ရေး၊ လယ်ယာသုံးစက်ကိရိယာ သုတေသနလုပ်ငန်းများနှင့် နည်းပညာပေး လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး၊ စက်မောင်း စက်ပြင်လုပ်ငန်း အပိုပစ္စည်း ရောင်းဝယ်ခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ မြှင့်တင်ပေးရေးအပါအဝင် စက်မှုလယ်ယာလုပ်ငန်းကိုအခြေခံသည့် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ရေး စသည့် စက်မှုလယ်ယာစနစ်သို့ အောင်မြင်စွာ ကူးပြောင်းရေးလုပ်ငန်းများကို သက်ဆိုင်ရာလုပ်ငန်းဌာနအားလုံး ပေါင်းစည်းဆောင်ရွက်ရေးကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးသည် ဝန်ကြီးဌာနအောက်ရှိသက်ဆိုင်ရာ ဦးစီးဌာနများမှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပြည်ထောင်စုနယ်မြေ နေပြည်တော် ရေဆင်းရှိ စက်မှုလယ်ယာသင်တန်းကျောင်းသို့ ရောက်ရှိကြပြီး



စက်မှုလယ်ယာဦးစီးဌာနနှင့် စိုက်ပျိုးရေးသုတေသန ဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော အသုံးချ စက်မှုလယ်ယာ သုတေသနလုပ်ငန်းနှင့် နည်းပညာပြန့်ပွားရေးလုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြပြီး လုပ်ငန်းများအား ကွင်းဆင်းကြည့်ရှုခဲ့ကြသည်။

မြန်မာနိုင်ငံတွင် လယ်ယာသုံးစက်ကိရိယာ ဝန်ဆောင်မှုလုပ်ငန်းများ လျင်မြန်စွာ တိုးတက်လျက်ရှိပြီး လက်ရှိ စက်မှုလယ်ယာဝန်ဆောင်မှုအသင်း ၁၃၅ သင်းကို ခိုင်မာသော စီးပွားရေးလုပ်ငန်းများအဖြစ် တိုးချဲ့ဖွဲ့စည်းနိုင်ရေးနှင့် သမဝါယမအသင်းများအဖြစ် ဖွဲ့စည်းဆောင်ရွက်နိုင်ရေးတို့အတွက် အားပေးဆောင်ရွက်လျက်ရှိသကဲ့သို့ အားကောင်းသော လယ်ယာလုပ်ငန်း အခြေပြုစီးပွားရေးလုပ်ငန်းများ ပေါ်ပေါက်လာစေရန် စီမံအုပ်ချုပ်ရေးဆိုင်ရာ၊ ငွေကြေးစီမံခန့်ခွဲမှုဆိုင်ရာ နည်းပညာများကိုလည်း သက်ဆိုင်ရာဌာနများက ပူးပေါင်းကူညီ ပံ့ပိုးပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည်။

သာမန်ထွန်ယက်ခြင်းမှ မြေဆီလွှာဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များပါ ထည့်သွင်း၍ စနစ်တကျဆောင်ရွက်နိုင်ရေး၊ သီးနှံအရည်အသွေးနှင့် ထုတ်လုပ်မှု စွမ်းအားမြှင့်တင်နိုင်ရေးအပြင် အသားထုတ်လုပ်မှု၏ အဓိကအရင်းအမြစ်ဖြစ်သော မွေးမြူရေးတိရစ္ဆာန် အစားအစာများ စိုက်ပျိုးထုတ်လုပ်ရေးအတွက် သီးထပ်စိုက်ပျိုးနိုင်ရေး၊ ထွန်ယက်စိုက်ပျိုးသည်မှ ရိတ်သိမ်းပြီး နောက်ပိုင်း လုပ်ငန်းစဉ်များတွင် စက်စွမ်းအား အပြည့်အဝ အသုံးပြုနိုင်ရေး၊ သွင်းအားစု ပိုးသတ်ဆေးများ အသုံးပြုရာတွင် စက်များအသုံးချ၍ တောင်သူများ ထိရောက်စွာနှင့် စီးပွားရေးတွက်ခြေကိုက်ပြီး ဘေးကင်းလုံခြုံစွာ ဆောင်ရွက်နိုင်ကြစေရန် စက်ကိရိယာအသုံးပြုမှု လက်တွေ့သရုပ်ပြပညာပေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးမည်ဖြစ်သည်။

အလားတူ စိုက်ပျိုးရေးသိပ္ပံအပါအဝင် နည်းပညာသိပ္ပံကျောင်းဆင်း မောင်မယ်များကို လုပ်ငန်းခွင်တိုက်ရိုက်ဝင်ရောက်ခွင့် အာမခံချက်ပေးနိုင်သည့် လယ်ယာသုံးစက်ကိရိယာကျွမ်းကျင်မှု လက်မှတ်ရသင်တန်းများ တိုးချဲ့ဆောင်ရွက်ပေးနိုင်ရေးကိုလည်း စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်သူများသို့ ပန်ကြားချက်

၁။ မြန်မာ့စီးပွားရေးဘဏ်သည် နိုင်ငံ့ဝန်ထမ်းလစာများနှင့် အငြိမ်းစားဝန်ထမ်းလစာများအား လစဉ် ထုတ်ပေးမှုကို ဆောင်ရွက်လျက်ရှိပါသည်။ အငြိမ်းစားဝန်ထမ်းများအနေဖြင့် ပင်စင်လစာထုတ်ယူခြင်းကို လစဉ် ရုံးဖွင့်ရက် (၂၁) ရက်နေ့ တစ်ရက်တည်းတွင်သာ စုပြုံထုတ်ယူရန် မလိုအပ်ဘဲ မိမိအဆင်ပြေမည့် အခြားဘဏ်ဖွင့်သည့်ရက်များတွင်လည်း လွယ်ကူအဆင်ပြေစွာ ထုတ်ယူနိုင်ရန် ဆောင်ရွက်ပေးထားပြီး ဖြစ်ပါသည်။

၂။ နိုင်ငံ့ဝန်ထမ်းများ၏ လစာနှင့်စရိတ်များ ထုတ်ယူနိုင်ရန် ဌာနဆိုင်ရာများအနေဖြင့် သတ်မှတ်ထားသည့် နေ့ရက်များအတိုင်း ပုံမှန်လစာထုတ်ယူနိုင်ရေးကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၃။ အငြိမ်းစားဝန်ထမ်းများအနေဖြင့် ပင်စင်လစာငွေများအား လစဉ် (၂၁) ရက် တစ်ရက်တည်းတွင်သာ စုပြုံထုတ်ယူခြင်းအစား လစဉ် (၂၁) ရက်နောက်ပိုင်း ဘဏ်ဖွင့်သည့်ရက်များတွင် ထုတ်ယူခြင်း၊ Mobile Money စနစ် အသုံးပြု၍ နီးစပ်ရာ Mobile Agent များတွင် ထုတ်ယူခြင်းတို့ကို အဆင်ပြေစွာ ထုတ်ယူနိုင်ပါကြောင်း အသိပေးပန်ကြားအပ်ပါသည်။

**မြန်မာ့စီးပွားရေးဘဏ်**

# နိုင်ငံတကာခရီးသည်တင်လေကြောင်းခရီးစဉ်များ မြန်မာနိုင်ငံသို့ ပျံသန်းဆင်းသက်ခြင်းကို ယာယီကန့်သတ်ခြင်းဆိုင်ရာ ညွှန်ကြားချက်၏ သက်ရောက်မှုကာလ တိုးမြှင့်သတ်မှတ်ခြင်း

မြန်မာနိုင်ငံအတွင်း COVID-19 ရောဂါကူးစက်ဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ရေး ဆောင်ရွက်ရာတွင် နိုင်ငံတကာမှ လေကြောင်းခရီးစဉ်များဖြင့် ခရီးသည်များဝင်ရောက်လာမှုကို ကန့်သတ်ထိန်းချုပ်နိုင်ရေးမှာ များစွာအရေးပါသဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက (၂၉-၃-၂၀၂၀) ရက်နေ့တွင် ထုတ်ပြန်ခဲ့သော နိုင်ငံတကာခရီးသည်တင် လေကြောင်းခရီးစဉ်များ (International Commercial Passenger Flights) မြန်မာနိုင်ငံသို့ ပျံသန်းဆင်းသက်ခြင်းကို ယာယီကန့်သတ်ခြင်းဆိုင်ရာ ညွှန်ကြားချက်(Temporary Measures to Prevent Importation of COVID-19 to Myanmar through Air Travel) ကို Temporary Measures to Prevent Importation of COVID-19 to Myanmar through Air Travel Issue-2 အဖြစ် (၃၁-၁၂-၂၀၂၀) ရက်နေ့တွင် ပြင်ဆင်ထုတ်ပြန်ခဲ့ပြီး သက်ရောက်မှုကာလကို COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် (၂၈-၂-၂၀၂၁) ရက်နေ့၊ မြန်မာစံတော်ချိန် (၂၃:၅၉) နာရီအထိ သတ်မှတ်ခဲ့ပါသည်။

ယခုအချိန်ထိ ကမ္ဘာ့နိုင်ငံအများစုတွင် COVID-19 ကပ်ရောဂါ ကူးစက်ပြန့်ပွားမှုနှုန်း မြင့်တက်နေဆဲရှိသည့်အပြင် ဗြိတိန်နိုင်ငံ၌ စတင်တွေ့ရှိခဲ့သော ကူးစက်မြန် ဗီဇပြောင်း COVID-19 ရောဂါပိုး အသစ်ကို အချို့အာရှနိုင်ငံများအပါအဝင် အခြားနိုင်ငံများသို့ စတင်ကူးစက်နေလျက်ရှိကြောင်း တွေ့ရှိရသဖြင့် မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံတကာလေကြောင်းခရီးသည်များမှတစ်ဆင့် COVID-19 ရောဂါပိုးကူးစက်မှု အန္တရာယ်မှ ဆက်လက်၍ တားဆီးကာကွယ်နိုင်ရေးအတွက် Coronavirus Disease 2019 (COVID-19) ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် အထက်ပါညွှန်ကြားချက်၏ သက်ရောက်မှုကာလကို (၃၁-၃-၂၀၂၁) ရက်နေ့၊ မြန်မာစံတော်ချိန် (၂၃:၅၉) နာရီအထိ ထပ်မံတိုးမြှင့် သတ်မှတ်လိုက်ကြောင်း အသိပေးထုတ်ပြန်လိုက်သည်။ **ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

# စစ်တွေမြို့ လောကာနန္ဒာစေတီတော်ကြီး၌ ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပွဲနှင့် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ကျင်းပ

**စစ်တွေ ဖေဖော်ဝါရီ ၂၇**

ရခိုင်ပြည်နယ် စစ်တွေမြို့ လောကာနန္ဒာစေတီတော်မြတ်ကြီး၌ ကျင်းပသော ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပွဲနှင့် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ယမန်နေ့နံနက်ပိုင်းက လောကာနန္ဒာစေတီတော်မြတ်ကြီးအတွင်း၌ ကျင်းပရာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာများ တက်ရောက်ဖူးမြော်ကြသည်။



**ကပ်လှူပူဇော်**

ရှေးဦးစွာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် တိုင်းမှူးတို့က ဘုရားရှင်အား ဆွမ်း၊ ပန်း၊ ဆီမီးများ ကပ်လှူပူဇော်ကြသည်။ ဆက်လက်၍ စကြာမုနိဗုဒ္ဓရုပ်ပွားတော်မြတ်နှင့် လောကာနန္ဒာစေတီတော်မြတ်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ဝင် (အနားယူ) အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ စစ်တွေမြို့မဏိရတနာကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တသောဘိတ မဟာထေရ်မြတ်နှင့် ပြည်နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ စစ်တွေမြို့ ဓမ္မသုခကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသောဘိတ မဟာထေရ်မြတ် ဦးဆောင်ပြီး သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ကြသည်။ ထို့နောက် လောကာနန္ဒာစေတီတော်မြတ်ကြီး အတွင်း၌ အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲကိုကျင်းပရာ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ စစ်တွေမြို့ မဏိရတနာကျောင်းတိုက် ပဓာနနာယက ဆရာတော်ဘဒ္ဒန္တသောဘိတ မဟာထေရ်မြတ်ထံမှ ဒါယကာ ဒါယိကာမများက ငါးပါးသီလခံယူ ဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်များက မေတ္တာသုတ်ပရိတ်တရားတော် ရွတ်ပွားချီးမြှင့်တော်မူကြသည်။ ဆက်လက်၍ ပြည်နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ စစ်တွေမြို့ဓမ္မသုခကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသောဘိတ မဟာထေရ်မြတ်ထံမှ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း အကျိုးကျေးဇူးတရားတော်ကို နာယူကြပြီး စစ်တွေမြို့ ဒက္ခိဏာရာမ ပရိယတ္တိစာသင်တိုက်ဆရာတော်က ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ရန် ဘုရားရှင်အား ပင့်လျှောက်ပူဇော်ခြင်း၊ ပဋ္ဌာနဘာဏက ဆရာတော်ဘဒ္ဒန္တဓမ္မိက က နတ်ဗြဟ္မာများအား ဖိတ်ကြားခြင်း၊ ပဋ္ဌာနဘာဏကဆရာတော် ဘဒ္ဒန္တတေဇသိရိက ပဋ္ဌာန်းဒေသနာတော်ကို စတင်ရွတ်ဖတ်ရန် အချိန်ကျရောက်ပြီဖြစ်ကြောင်း တိုက်တွန်းလွှာဂါထာကို ဖတ်ကြားပူဇော်ခြင်းတို့ကို ဆောင်ရွက်ကြသည်။ ယင်းနောက် ဆရာတော် သံဃာတော်များနှင့် ဒါယကာ ဒါယိကာမများက ပဋ္ဌာန်းပစ္စယုဒ္ဒေသကိုသုံးကြိမ်ရွတ်ဆိုကြပြီး အလှည့်ကျ ဆရာတော်က ပဋ္ဌာန်းဒေသနာတော်ကို စတင်ရွတ်ဖတ်ပူဇော်သည်။

ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပွဲနှင့် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲသို့ ကြွရောက်တော်မူကြသော ဆရာတော်သံဃာတော်များအား ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူးနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ကော့ကရိတ် အခြေခံပညာအထက်တန်းကျောင်းတွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ကိုဗစ်-၁၉ တားဆီးကာကွယ်ရေး စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ပြင်ဆင်မှုအနေဖြင့် ကော့ကရိတ်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျောင်းပတ်ဝန်းကျင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကရင်ပြည်နယ် ကော့ကရိတ် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ပြည့်ဖြိုးအောင် ဦးစီးသော တပ်ဖွဲ့ဝင် ၅၃ ဦး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးဆန်းနု ဦးစီးသော ဝန်ထမ်း ၂၅ ဦး၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ကျော်ဖြိုး ဦးစီးသော မီးသတ်တပ်ဖွဲ့ဝင် ၁၁ ဦး၊ အမှတ်(၇၁) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ရဲအုပ် တိုးဝင်းလှိုင် ဦးစီးသော တပ်ဖွဲ့ဝင် ခုနစ်ဦးနှင့် အမှတ်(၁) အခြေခံပညာအထက်တန်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အေးမာ ဦးစီးသော ဆရာ ဆရာမ ခုနစ်ဦးတို့သည် ယနေ့နံနက်ပိုင်းက ကော့ကရိတ်မြို့ အမှတ်(၃)ရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။



**ရဲပြန်ကြား**

# ကျန်းမာရေးဝန်ထမ်းများအား ပန်ကြားချက်

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးမှ ဆရာဝန်များ၊ သူနာပြုများ၊ ဆေးဘက်ဆိုင်ရာကျွမ်းကျင် ဝန်ထမ်းများ၊ အခြားသော အထောက်အကူပြုဝန်ထမ်းအသီးသီးတို့သည် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019 (COVID-19) ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ရှေ့တန်းမှစွမ်းစွမ်းတမံ အားထုတ်ကြိုးပမ်း ဆောင်ရွက်ခဲ့မှုများကြောင့် ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

၂။ ယခုအချိန်အခါသည် COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့် ပြည်သူလူထုအတွက် ကာကွယ်ဆေးထိုးနှံရေး ဆက်လက်ဆောင်ရွက်နေသည့်အချိန်ဖြစ်ခြင်းကြောင့်လည်းကောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုခံယူရန် လိုအပ်နေသော ပြည်သူလူထုအား အချိန်နှင့်တစ်ပြေးညီ ကျန်းမာရေးစောင့်ရှောက်မှုပေးအပ်နိုင်ရန်အတွက်လည်းကောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးမှ ဝန်ထမ်းများအနေဖြင့် လူနာများ၏အကျိုးကို ရှေးရှု၍ မိမိတို့လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ထမ်းဆောင်ကြပါရန် အလေးအနက်ထား တိုက်တွန်းနှိုးဆော်ပန်ကြားအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

**၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်နှင့် မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်တို့၏ ဆန္ဒမဲပေးမှုများကို စစ်ဆေးခဲ့သည်။

၂။ စစ်ဆေးတွေ့ရှိချက်များအရ ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်တွင် ယခင်ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၉၄၁၅၃ ဦး ဖြစ်ပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလစာရင်းအရ အသက် ၁၈ နှစ် ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၇၇၂၂၀ ဦး ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၇၆၀၅ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၇၂၄ ဦး၊ ၂ ကြိမ် ပါဝင်နေသူများမှာ ၈၉၃၄ ဦး ဖြစ်သည်။

၃။ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်တွင် ယခင်ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၂၄၂၁၉၉ ဦး ဖြစ်ပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလစာရင်းအရ အသက် ၁၈ နှစ် ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၂၁၂၆၈၈ ဦး ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၂၃၁၁၂ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၃၄၂၁ ဦး၊ ၂ ကြိမ်ပါဝင်နေသူများမှာ ၃၂၉၉၈ ဦး ဖြစ်သည်။

၄။ မြို့နယ်အလိုက် စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

**မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ်နှင့် မဲရုံ အရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေးကတ် မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ကြိမ် နှင့်အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|
| ၁ | ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ် မဲရုံပေါင်း ၅၈ ရုံ | ၉၄၁၅၃ | ၇၇၂၂၀ | ၇၆၀၅ | ၇၂၄ | ၈၉၃၄ |
| ၂ | မကွေး တိုင်းဒေသကြီး မကွေးမြို့နယ် မဲရုံပေါင်း ၂၆၃ ရုံ | ၂၄၂၁၉၉ | ၂၁၂၆၈၈ | ၂၃၁၁၂ | ၃၄၂၁ | ၃၂၉၉၈ |

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# အသိပေးကြေညာချက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့ရက်စွဲဖြင့် ထုတ်ပြန်ထားသည့် အသိပေးကြေညာချက်တွင် "နိုင်ငံတော်အတွင်း ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကျင်းပရေး ဖြစ်စဉ်များတွင် မဲမသမာမှုများ ပေါ်ပေါက်ခဲ့သဖြင့် ယင်းကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လိုအပ်သည့် စုံစမ်းစစ်ဆေးမှုများကို စတင်ပြုလုပ်လျက်ရှိကြောင်း၊ သို့ပါ၍ သက်ဆိုင်ရာ လွှတ်တော်အသီးသီးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပေးထားသော လွှတ်တော်ကိုယ်စားလှယ် အသိအမှတ်ပြုလွှာများသည် မဲမသမာမှုများအတွက် စုံစမ်းစစ်ဆေးမှု ပြုလုပ်နေစဉ်ကာလအတွင်း အကျိုးသက်ရောက်မှု တစ်စုံတစ်ရာမရှိကြောင်း" ဖော်ပြပါရှိပါသည်။ ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၅၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅ နှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅ တို့အရ ကတိသစ္စာပြုရခြင်းမရှိသေးသောသူများသည် လွှတ်တော်ကိုယ်စားလှယ်ဖြစ်မြောက်ခြင်းမရှိသေးကြောင်း တွေ့ရှိရပါသည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဖေဖော်ဝါရီလ ၂၅ ရက်နေ့ ရက်စွဲဖြင့် ထုတ်ပြန်သည့် အသိပေးကြေညာချက်တွင်လည်း "ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စုံစမ်းစစ်ဆေးခြင်းများ ဆောင်ရွက်ဆဲအဆင့်တွင် မိမိတို့သဘောအလျောက် လွှတ်တော်ကိုယ်စားပြုကော်မတီများ ဖွဲ့စည်းခြင်း၊ ယင်းကော်မတီကဆောင်ရွက်သည့် အစည်းအဝေးများပြုလုပ်ခြင်း၊ ကြေညာချက်၊ အသိပေးချက်များ ထုတ်ပြန်ခြင်း၊ ကိုယ်စားလှယ်များခန့်အပ်တာဝန်ပေးခြင်း အစရှိသည့် လွှတ်တော်ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေခြင်းတို့သည် တည်ဆဲဥပဒေများအရ တရားဝင်ခြင်းမရှိကြောင်း" ဖော်ပြပါရှိပါသည်။

၃။ လွှတ်တော်ကိုယ်စားလှယ်အဖြစ် တရားဝင်ရပ်တည်ပိုင်ခွင့်မရှိသေးသူများက "ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ" (CRPH)အမည်ဖြင့် ကော်မတီဖွဲ့စည်းဆောင်ရွက်နေခြင်းသည် ဥပဒေနှင့် ညီညွတ်ခြင်းမရှိသည့်အပြင် ကြီးလေးသည့် ရာဇဝတ်မှုကို ကျူးလွန်ရာရောက်သဖြင့် အဆိုပါ CRPH တွင် ပါဝင်ရန်ဆန္ဒမရှိသူများအနေဖြင့် နီးစပ်ရာတိုင်းဒေသကြီး/ပြည်နယ်/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီအဆင့်ဆင့်တို့ထံသို့ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့မှ မတ်လ ၆ ရက်နေ့အထိ ကာလအတွင်း လူကိုယ်တိုင် လာရောက်သတင်းပေးပို့ရန်ဖြစ်ပါသည်။

၄။ သတ်မှတ်ကာလအတွင်း သတင်းပေးပို့ပါက တစ်စုံတစ်ရာ အရေးယူဆောင်ရွက်မှုပြုမည် မဟုတ်ဘဲ သတင်းပို့ခြင်းမရှိပါက နိုင်ငံတော်၏တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

# စစ်တွေ-ကျောက်ဖြူ(ကမ်းရိုးတန်းတိုက်ရိုက်)ရေယာဉ်ခရီးစဉ် ပြန်လည်ပြေးဆွဲ



**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ရခိုင်ဌာနခွဲမှ စစ်တွေ-ကျောက်ဖြူ(ကမ်းရိုးတန်းတိုက်ရိုက်) ခရီးစဉ် ခေါက်ရေ အမှတ်(၁) ကစ္ဆပနဒီ-၃ အမြန်ရေယာဉ်သည် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးစည်းကမ်းချက်များနှင့်အညီ ယနေ့နံနက် ၆ နာရီတွင် စစ်တွေမြို့ မင်းဂံဆိပ်ကမ်းမှ ထွက်ခွာသွားကြောင်း သိရသည်။

ရခိုင်ဌာနခွဲရှိ ကစ္ဆပနဒီ-၃ ရေယာဉ်ဖြင့် စစ်တွေ- ကျောက်ဖြူ (ကမ်းရိုးတန်းတိုက်ရိုက်)ခရီးလမ်းကို ယခင်က ရက်သတ္တတစ်ပတ်လျှင် တစ်ခေါက်ပြေးဆွဲခဲ့ရာ မိုးတွင်းကာလ ရာသီဥတုအခြေအနေအရ ခရီးသည်နှင့် ရေယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ယာယီရပ်နားထားသည်။ ထို့နောက် ကိုဗစ်-၁၉ ကူးစက်မြန် အဆုတ်ရောင်ရောဂါကာကွယ်တားဆီးရန် ရပ်နားထားခဲ့ရာမှ ယခုအခါ ရောဂါကူးစက်မှုနှုန်း လျော့ကျလာပြီဖြစ်သဖြင့် ဒေသခံခရီးသွားပြည်သူများ သွားလာမှု အဆင်ပြေစေရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ပြန်လည်ပြေးဆွဲခြင်းဖြစ်သည်။

ယင်းကစ္ဆပနဒီ-၃ ရေယာဉ်သည် အတိုင်းအတာအားဖြင့် ၃၄.၇၁ မီတာ x ၆ မီတာ x ၂.၇၀ မီတာရှိပြီး ခရီးသည် ၁၅၀ တင်ဆောင်နိုင်၍ တစ်နာရီလျှင် ရေမိုင် ၂၀ ခန့် ခုတ်မောင်းနိုင်သည်။ ယင်းရေယာဉ်ဖြင့် အပတ်စဉ် စနေနေ့ နံနက် ၆ နာရီတွင် စစ်တွေမြို့မှ ကျောက်ဖြူမြို့သို့ စတင်ထွက်ခွာပြီး တနင်္ဂနွေနေ့ နံနက် ၇ နာရီတွင် ကျောက်ဖြူမြို့မှ စစ်တွေမြို့သို့ ပြန်လည်ထွက်ခွာပြေးဆွဲရန် စီစဉ်ထားကြောင်း သိရသည်။ **သတင်းစဉ်**

# ဇာတိမာန်၊ အတိတ်တဘောင်နှင့် တို့လူမျိုး

## ဘိုးရာဇာ

**ဇာတိမာန်**

♪♪ နယ်ချဲ့တဲ့ ဂုတ်သွေးစုတ်အမျိုးယုတ်ကောင်တွေကို တန်ခိုးနှုပ်အောင် အမျိုးပြုတ်အောင် ကျူပင်ခုတ်ကျူငုတ်မကျန်အောင်ဆော်....
အဖနိုင်ငံဂုဏ်ကို ကယ်တင်ခဲ့တဲ့ အောင်ဆန်းနော်တေဇနော် ဗိုလ်ချုပ်နော် မြန်မာတွေသွေးတစ်စက်ရာပြည်ထောင် အသက်နဲ့လဲလို့ အဖက်မတန်ပေါင်နော်
ဘုန်းတန်ခိုးအာနုဘော် လွှမ်းမိုးလို့ကမ္ဘာလုံးကျော်ပြိုင်ဖက်ကင်းတဲ့ကောလိအတွင်းဝယ်
တစ်ဦးတည်းမင်းမဟော်
ရှည်ပါစေ ရှည်ပါစေ ရှည်ပါစေ
အသက်ရာကျော်....။ ♪♪

တကယ်တော့နယ်ချဲ့ကို တိုက်ထုတ်ခဲ့တဲ့ သမိုင်းကရှည်လျားလှပါတယ်။ သူရဲကောင်းပေါင်းများစွာလည်း ပေါ်ထွက်ခဲ့ပါတယ်။ ၁၈၈၆ ခုနှစ်က စခဲ့တဲ့ နယ်ချဲ့တော်လှန်ရေးသမိုင်းမှာ တိုင်းရင်းသားခေါင်းဆောင်တွေလည်း အမြောက်အမြားပါ။

ဝိုင်အမ်ဘီအေ၊ဂျီစီဘီအေနဲ့ ပထမကျောင်းသားသပိတ်တွေက ၁၉၀၀ နဲ့၁၉၂၀ ပြည့်နှစ်များအတွင်း အကြီးအကျယ်နယ်ချဲ့ဆန့်ကျင်ရေးသမိုင်းတွေပေါ့။ ၁၉၃၀ ပြည့်နှစ် တောင်သူလယ်သမားအရေးတော်ပုံဆိုတာကလည်း တကယ့်အထင်ကရသမိုင်းတစ်ခုပါ။ ၁၉၃၈ ခုနှစ် အထွေထွေသပိတ်ကြီးဖြစ်ချိန်မှာတော့ ဗိုလ်ချုပ်အောင်ဆန်းဟာ အသက် ၂၃ နှစ်ပဲရှိပါသေးတယ်။ ၁၉၃၉-၄၅ခုနှစ်ကတော့ အားလုံးသိပြီးဖြစ်ကြတဲ့အတိုင်း ဒုတိယကမ္ဘာစစ်ကြီးပေါ့။ ဒီစစ်ကြီးကြောင့် မြန်မာတွေဟာ ဂျပန်နဲ့ ထိတွေ့ရတယ်၊ အမေရိကန်နဲ့ထိတွေ့ရတယ်၊ အဆုံးမှာ အင်္ဂလိပ်ကိုယ်တိုင်က လွတ်လပ်ရေးပေးဖို့အထိ ဖြစ်လာခဲ့ရတယ်ပေါ့။ တကယ်တော့ ကျွန်တော်တို့အနေနဲ့ တုတ်တုတ်ချင်း၊ ဓားဓားချင်းဆိုတာထက် နယ်ချဲ့ဆီကလွတ်လပ်ရေးရခဲ့တာဟာ ကမ္ဘာ့နိုင်ငံရေး၊ စီးပွားရေးနဲ့ စစ်ရေးချိန်ခွင်လျှာပြောင်းသွားခဲ့တဲ့အပေါ်မှာလည်း အထူးမူတည်ခဲ့ပါတယ်။ သို့သော်လည်း ဘယ်လိုဖြစ်ဖြစ် လူမျိုးရဲ့ ဇာတိသွေး ဇာတိမာန်အတွက် သမိုင်းကတော့ အလွန်အရေးကြီးလှတာကို ရှေးမြန်မာ ကျွန်တော်တို့ ဘိုးဘေးတွေက ကြိုသိခဲ့သလိုကြိုလည်း ပြင်ဆင်ပေးခဲ့ကြပါတယ်။

ဒီအထဲမှာ အထက်ပါသီချင်းကလည်း အပါအဝင်တစ်ခုပေါ့။ ဘယ်အချိန်ဆိုဆို၊ ဇာတိမာန်ကို တက်ကြွစေခဲ့တာကိုး။

**အတိတ်တဘောင်**

မဟာရာဇဝင်မှာ ပုဂံမင်းဆက်မတိုင်မီကြောင်ဖြူမင်းရဲ့အဘိုးဟာ မင်းမဖြစ်မီက ဇနပုဒ်ကနေ နေပြည်တော်ကိုနေ့စဉ်အလုပ်သွားလုပ်နေရတဲ့ သာမန်လူတစ်ဦးပါ။ သို့သော် နေ့စဉ်သွားနေကျလမ်းက အပင်ကြီးတစ်ပင်ကိုရောက်တိုင်း သူ့ပါလာတဲ့ နေ့လယ်စာကို ရုက္ခစိုးထံ အမြဲဆက်ကပ်ပါတယ်။ ရုက္ခစိုးဟာ ဒီပုဂ္ဂိုလ်ကို ဘယ်လိုကျေးဇူးဆပ်ရမလဲ တွေးနေချိန်မှာပဲ ပုဂံမှာအုပ်ချုပ်နေတဲ့မင်းဟာ မင်းကျင့်တရားနဲ့မညီလို့ ဘယ်နေ့ဘယ်ရက် မင်းလောင်းပေါ်မယ်၊ မင်းလောင်းဟာ ဘယ်လို အဝတ်အစား၊ မြင်းဘာရောင်စီးပြီး နေပြည်တော်ကို ဘယ်အရပ်ကဝင်မယ်စတဲ့ တဘောင်ပေါ်ပါတယ်။ ဒါနဲ့ရုက္ခစိုးလည်း အဲဒီပုဂ္ဂိုလ်ကို တဘောင်အတိုင်း ကူညီမှိုင်းမပေးလိုက်တာ မင်းဖြစ်ပါရောလို့ရေးသား ဖော်ပြထားပါတယ်။

တစ်ခါအလောင်းစည်သူမင်းဟာ လှေနဲ့တိုင်းခန်း လှည့်လည်လာစဉ် မြစ်အတွင်းတူရိယာအစုံအလင်နဲ့ ရေသူကျောက်ရုပ်တွေကို မြင်တဲ့အခါ ဒါတွေဘာတွေလဲ မှူးကြီးမတ်ရာတွေကို မေးပါတယ်။ မှူးမတ်များက ဒီအရုပ်တွေဟာ မင်းကြီးရဲ့ဘေးတော် အနော်ရထာမင်းက ထုလုပ်ထားခဲ့ကြောင်းနဲ့ မင်းကျင့်ဝတ်နဲ့အညီအုပ်ချုပ်တဲ့ မင်းလာကြည့်တဲ့အခါ အလိုလို ကခုန်တီးမှုတ်ကြစေသားလို့ ဆုတောင်းခဲ့တာလို့ လျှောက်တင်ကြပါတယ်။ အလောင်းစည်သူလည်း ငါလိုမင်းကြွလာတာ မမြင်ကြဘူးလားမေးတဲ့အခါ ရေသူရုပ်တွေက အလိုလို ကခုန်တီးမှုတ်ကြတယ်လို့ ဖော်ပြထားပါတယ်။ ဘာဖြစ်ဖြစ် ပဒေသရာဇ်မြန်မာမင်းတွေဟာ နိုင်ငံရဲ့ သမိုင်းကိုကောင်းစေချင်၊ လှစေချင်တဲ့စိတ်ရှိခဲ့တာကို မြင်တွေ့နိုင်ပါတယ်။

မှန်သည်၊ မှားသည်၊ ဖြစ်နိုင်သည်၊ မဖြစ်နိုင်သည်ထား၊ ဒါတွေဟာ မဟာရာဇဝင်ပါသမိုင်းမှတ်တမ်းတွေဖြစ်ပြီး၊ ကျွန်တော်တို့လူမျိုးရဲ့ ယုံကြည်မှုနဲ့ အကျင့်စရိုက်တွေ ဖြစ်ကြပါတယ်။ သာကီဝင်မင်းမျိုးတွေ အနေနဲ့ ကျွန်တော်တို့ဟာ ကိုယ့်သမိုင်းနဲ့ကိုယ် ရှိခဲ့ကြောင်းကို မဟာရာဇဝင်မှာ ဖော်ပြခဲ့ပါတယ်။

**တို့ဂျင်နရေးရှင်းဇီး**

ဒီကနေ့ ဂျင်နရေးရှင်းဇီးဆိုသော လူငယ်တွေမှာ ဒီအရာတွေက ပြန်ပေါ်လာပါတယ်။ စိတ်ခံစားမှု အမြင့်ဆုံးနဲ့သီချင်းတွေကို တက်ကြွစွာဆိုကြမယ်၊ အတိတ်တဘောင်တွေနဲ့ သမိုင်းကို တခေတ်ဆန်းလို ကြတယ်ဆိုတာတွေက ဒီကနေ့မှာ အထင်းသားပြန်တွေ့မြင်လာကြရပါတယ်။ တကယ်တော့ ဒီအမူအကျင့် စရိုက်လက္ခဏာတွေဟာ ကျွန်တော်တို့ရဲ့ ရှေးအမျိုးသားရေး စရိုက်လက္ခဏာတွေပါ။ သို့သော်လည်း ဒါတွေကို မှန်ကန်တဲ့ဘက်မှာသေချာစွာ ဆန်းစစ်တွေးဆပြီး အသုံးချနိုင်ကြဖို့ အထူးလိုအပ်ပါတယ်။ ဒါကသမိုင်းအမှန်ကိုသိဖို့ အဓိကလိုအပ်တာဖြစ်ပါတယ်။ ဒါမှသာအစွန်းမရောက်ဘဲ နိုင်ငံကောင်း စားရေးကို ပါဝင်ဆောင်ရွက်လာနိုင်ကြမှာ ဖြစ်ပါတယ်။

ဒီနေ့သီချင်းတစ်ပုဒ်က ကမ္ဘာမကြေဖို့ဆိုတာ နယ်ချဲ့ကိုပါ။ နယ်ချဲ့သမိုင်းမှာ သခင်ကိုယ်တော်မှိုင်းနဲ့ သခင်အောင်ဆန်း၊ ပုဂံဗိုလ်ချို၊ ဗိုလ်မြတ်ထွန်း၊ ဝန်းသိုစော်ဘွား၊ ဆရာစံ၊ သခင်ဖိုးလှကြီး၊ ဦးဥတ္တမ၊ ဗိုလ်အောင်ကျော်စသဖြင့်နဲ့ ဝိုင်အမ်ဘီအေလိုအသင်းကြီးကစလို့ ရဲဘော်သုံးကျိပ် ဗမာ့တပ်မတော် စတဲ့အများကြီးပါ။ ပေတစ်ရာပေါ်မှာ ကျခဲ့တဲ့ သွေးတွေဆိုတာ နယ်ချဲ့ဆန့်ကျင်ရေးသမိုင်းမှာကျခဲ့ရသော မြန်မာ့သွေးတွေကိုပါ။ အရေးကြီးပြီ၊ သွေးနီးကြဖို့ဆိုတာ နယ်ချဲ့ကို တိုက်ဖို့ စစ်မထွက်မီဆိုခဲ့ကြတဲ့ စစ်ချီတေးပါ။

ကားတပ်ကြီးပျက်လို့ တပ်ပျက်ကြီးကားတော့မယ်ဆိုတဲ့ ကလေးကလား အတိတ်နိမိတ်တွေ၊ အခြားသော တဘောင်အယူအဆတွေဟာ တကယ်အဓိပ္ပာယ်မဲ့စေသော အချင်းချင်းသွေးကွဲမှုတွေပါ။

တကယ်တော့လည်း နယ်ချဲ့ကို တွန်းလှန်မြေကျရသော သွေးနဲ့အချင်းချင်း သွေးကွဲပြီး တိုက်ကြခိုက်ကြရန်ဖြစ်ကြလို့ ဘယ်နေရာ၊ ဘယ်ပေါ်မှာဖြစ်ဖြစ် ကျရတဲ့သွေးဟာ ဘယ်လိုမှ မနှိုင်းယှဉ်အပ်ပါဘူး။ ဒါကြောင့် ယနေ့လူငယ်တွေ အနေနဲ့ ကျွန်တော်တို့အားလုံးဟာ ကျွန်တော်တို့ရဲ့ သမိုင်းက ဇာတိသွေး၊ ဇာတိမာန်နဲ့ အတိတ်တဘောင်တွေကို တိုင်းပြည်တိုးတက်ဖွံ့ဖြိုးရေးအတွက် ကောင်းတဲ့ဘက်မှာသာ တန်ဖိုးရှိရှိနဲ့ တက်ကြွစွာရယူ အသုံးချသွားနိုင်ကြပါစေရန် ရည်သန်ပြီး ရေးသားတင်ပြလိုက်ရပါတယ်။

**ဒီကနေ့ ဂျင်နရေးရှင်းဇီးဆိုသော လူငယ်တွေမှာ ဒီအရာတွေက ပြန်ပေါ်လာပါတယ်။ စိတ်ခံစားမှု အမြင့်ဆုံးနဲ့သီချင်းတွေကို တက်ကြွစွာဆိုကြမယ်၊ အတိတ်တဘောင်တွေနဲ့ သမိုင်းကို တခေတ်ဆန်းလိုကြတယ်ဆိုတာတွေက ဒီကနေ့မှာ အထင်းသားပြန်တွေ့မြင်လာကြရပါတယ်။ တကယ်တော့ ဒီအမူအကျင့် စရိုက်လက္ခဏာတွေဟာ ကျွန်တော်တို့ရဲ့ ရှေးအမျိုးသားရေး စရိုက်လက္ခဏာတွေပါ။ သို့သော်လည်း ဒါတွေကို မှန်ကန်တဲ့ဘက်မှာသေချာစွာ ဆန်းစစ်တွေးဆပြီး အသုံးချနိုင်ကြဖို့ အထူးလိုအပ်ပါတယ်။**

# မိုင်းဖြတ်မြို့ နားမွန်းကျေးရွာ၌ စုပေါင်းထမနဲထိုးပွဲ ကျင်းပ

**မိုင်းဖြတ် ဖေဖော်ဝါရီ ၂၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် နားမွန်းကျေးရွာ၌ မြန်မာ့ရိုးရာပွဲတော်များထဲမှ သတ္တမအကြိမ်မြောက် ထမနဲထိုးပွဲကို တပို့တွဲလပြည့် ဖေဖော်ဝါရီ ၂၆ ရက် မွန်းလွဲ ၂ နာရီခန့်က နားမွန်းကျေးရွာ၌ စုပေါင်းကျင်းပခဲ့သည်။



မိမိတို့ကျေးရွာအတွင်း စုပေါင်းကျင်းပသည့် ထမနဲထိုးပွဲနှင့်ပတ်သက်ပြီး “ကျွန်မတို့ ရွာသူ၊ ရွာသားတွေ အခုလို ထမနဲထိုးပွဲလေးကို ပြုလုပ်လာတာ သတ္တမကြိမ်ရှိပါပြီ၊ မြန်မာရိုးရာပွဲတော်များထဲက ထမနဲထိုးပွဲကို ရိုးရာမပျက်စေအောင် စုပေါင်းပြုလုပ်တာဖြစ်ပါတယ်။ ထမနဲထိုးတယ်ဆိုတာ တစ်ဦးတစ်ယောက်ထဲနဲ့ထိုးလို့မရသလို စည်းလုံးညီညွတ်စွာနဲ့ထိုးရတာကြောင့် ကျေးရွာနေပြည်သူတွေ စည်းလုံးတယ်ဆိုတာ ပြချင်တာဖြစ်ပါတယ်၊ စုပေါင်းထမနဲထိုးဖို့အတွက်က ရွာကလူတွေ မိမိတို့တတ်နိုင်သလောက် ပါဝင်ထည့်လှူတဲ့ အလှူငွေ၊ ကောက်ညှင်း၊ ဆီစတဲ့ ထမနဲထိုးရာမှာထည့်တဲ့ အစာပလာတွေကို စုပေါင်းပြီး လုပ်အားတွေနဲ့ပြုလုပ်တာဖြစ်ပါတယ်” ဟု ပွဲစီစဉ်သူ ဒေါ်ဖြူဖြူဝင်းက ပြောသည်။

ထို့နောက် ကျေးရွာသူ ကျေးရွာသားများ စုပေါင်းထိုးထားသည့် ထမနဲများကို ကျေးရွာနေအိမ်များသို့ လိုက်လံဝေငှပေးခဲ့ကြောင်း သိရသည်။

**သန်းထွန်းအေး**
(ပြန်/ဆက်)

■

# ရန်ကုန်တိုင်းစစ်ဌာနချုပ် သန်လျင်တပ်နယ် ကွပ်ကဲမှုအောက်ရှိ ရေတပ်များ၌ မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲနှင့် ဆုပေးပွဲများ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် သန်လျင်တပ်နယ် ကွပ်ကဲမှုအောက်ရှိ ရေတပ်လေ့ကျင့်ရေးဌာနချုပ် ရေတပ်ပင်မတိုင်းတာရေးတပ်နှင့် ရေတပ်ပင်မပစ္စည်းထိန်းတပ်များရှိ သတ်မှတ်နေရာအသီးသီးတို့၌ပြုလုပ်ရာ သက်ဆိုင်ရာတပ်များမှ တာဝန်ရှိသူများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြိုင်ပွဲဝင်အသင်းများနှင့် ဒိုင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကိုဆက်လက်ပြုလုပ်ရာ ဆုရရှိသော အသင်းများအား တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။**သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ စီးပွားရေး

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ လူမှုရေး

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## သတင်းမီဒီယာကျင့်ဝတ်နှင့်အညီ ရေးသားဖော်ပြခြင်း မပြုသည့် သတင်းစာ/ဂျာနယ်များအား အသိပေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

သတင်းများရေးသားထုတ်လွှင့်ဖော်ပြရာတွင် တည်ဆဲဥပဒေများနှင့်အညီဖြစ်စေရန်နှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို အာဏာသိမ်းအစိုးရဟု လည်းကောင်း၊ အာဏာသိမ်းစစ်ကောင်စီဟု လည်းကောင်း မမှန်မကန် သုံးနှုန်းဖော်ပြခြင်းများ မပြုလုပ်ကြပါရန် ပြန်ကြားရေးဝန်ကြီးဌာနက မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် မီဒီယာအဖွဲ့အစည်းများ၊ ထုတ်ဝေနေသော သတင်းစာ/ဂျာနယ်များသို့ အကြောင်းကြားစာ (၃)ကြိမ် ပေးပို့၍ မေတ္တာရပ်ခံဆောင်ရွက်ခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

သို့ရာတွင် အချို့သောသတင်းမီဒီယာများနှင့် သတင်းအဖွဲ့အစည်းများသည် အာဏာသိမ်းစစ်အစိုးရ၊ အာဏာသိမ်းစစ်ကောင်စီ စသည့် အသုံးအနှုန်းများကို ဆက်လက်ရေးသားဖော်ပြနေခြင်း၊ လူထုဆူပူအုံကြွမှုဖြစ်စေရန် ရည်ရွယ်၍ သတင်းမီဒီယာကျင့်ဝတ်နှင့် သွေဖည်ကာ ရေးသားဖော်ပြခြင်းတို့ကို ဆက်လက်လုပ်ဆောင်ဖော်ပြနေကြောင်း တွေ့ရှိရသည်။

သို့ဖြစ်၍ အဆိုပါ သတင်းမီဒီယာကျင့်ဝတ်နှင့်အညီ ရေးသားဖော်ပြခြင်းမပြုသည့် သတင်းစာ/ ဂျာနယ်များအား သတင်းမီဒီယာဥပဒေ အခန်း(၄) ပုဒ်မ(၉)ပါ ပြဋ္ဌာန်းချက်များ၊ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေ အခန်း(၄) ပုဒ်မ(၈)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရေးသားဖော်ပြပေးနိုင်ရေးအတွက် လိုအပ်သလို ကြီးကြပ်ဆောင်ရွက်ပေးပါရန် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီသို့ ၂၄-၂-၂၀၂၁ ရက်နေ့တွင် ထပ်မံမေတ္တာရပ်ခံ အသိပေးအကြောင်းကြားထားကြောင်းနှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




## စာအုပ်စာပေ လူ့မိတ်ဆွေ

☆ **ရွှေဖုံးမှ**

အဆိုပါ မလေးရှားနိုင်ငံတွင်ရောက်ရှိနေပြီး အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံသို့ပြန်လာရန်အခက်အခဲဖြစ်ပေါ်နေသူများအား ယခင်အစိုးရလက်ထက်တွင် ခေါ်ယူရန်တင်ပြခဲ့သော်လည်း ခွင့်ပြုချက်မရရှိခဲ့သည့်အတွက် ခေါ်ယူမှုမအောင်မြင်ခဲ့ဘဲ ယခုမှသာ အောင်မြင်စွာခေါ်ယူနိုင်ခဲ့ခြင်းဖြစ်ပြီး ထိုသို့ခေါ်ယူရာတွင်လည်း ခေါ်ယူမှုမအောင်မြင်စေရန် မလိုလား၊ မနှစ်သက်သူများက အကြောင်းအမျိုးမျိုးဖြင့် ဟန့်တားနှောင့်ယှက်ခဲ့သော်လည်း မြန်မာနိုင်ငံသားတိုင်းရင်းသားများအတွက် တပ်မတော်၏ မဆုတ်မနစ်ဇွဲလုံ့လဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းကြောင့် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ အမှတ်(၃) ရေတပ်ဆိပ်ကမ်းသို့ အောင်မြင်စွာပြန်လည်ရောက်ရှိခဲ့သည်။

အောင်မြင်စွာ ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသား တိုင်းရင်းသားများကို ရန်ကုန်တိုင်းစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ အလယ်ပိုင်းရေတပ်ကွပ်ကဲမှု ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ထိန်ဝင်းနှင့် တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် နေရပ်ပြန် မြန်မာနိုင်ငံသားများ၏ မိသားစုဝင်များက အတီးအမှုတ်အကအခုန်များဖြင့် နွေးထွေးလှိုက်လှဲစွာ လာရောက်ကြိုဆိုကြသည်။ ထိုသို့ မြန်မာနိုင်ငံသားများ ဝမ်းပန်းတသာ ပြန်လည်ရောက်ရှိမှုများကို ပြည်တွင်းသတင်းဌာနများ၊ နေ့စဉ်ထုတ် သတင်းစာများ၊ ဂျာနယ်များ၊ ပြည်တွင်းရုပ်မြင်သံကြားသတင်းဌာနများ၊ ပြည်တွင်းအခြေစိုက် ပြည်ပသတင်းဌာနများမှ သတင်းထောက်များ လာရောက်သတင်းရယူကြသည်။

ပြန်လည်ခေါ်ဆောင်လာသည့် မြန်မာနိုင်ငံသားများအား တပ်မတော်မှဖွင့်လှစ်ထားရှိသော Quarantine Center များတွင် COVID-19 စည်းကမ်းများနှင့်အညီ စနစ်တကျစောင့်ကြည့်ထားရှိပြီးနောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများထံသို့ လွှဲပြောင်းပေးသွားမည်ဖြစ်ပြီး နေရပ်ပြန်နိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ဆက်သွယ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိရေးကိုလည်း သက်ဆိုင်ရာများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



မလေးရှားနိုင်ငံတွင် ရောက်ရှိနေသော မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်လာသည့် တပ်မတော်စစ်ရေယာဉ်များ ရန်ကုန်မြို့ အမှတ်(၃) ရေတပ်ဆိပ်ကမ်းသို့ ပြန်လည်ရောက်ရှိစဉ်။

# အဖိုးတန်သော ငယ်ရွယ်နုပျိုမှုများ ပျောက်ရှမသွားရလေအောင် . . .

## ကိုထွန်းခင်

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ် မဂဓတိုင်း ရွာသစ်တစ်ခုမှ လူတို့သည် တောတွင်း၌ အလုပ်လုပ်ကြရာ မှက်၊ ခြင်တို့ ကိုက်သဖြင့် နီးရာလက်နက်ဖြင့် ရိုက်ပုတ်ကြရာမှ မှက်၊ ခြင်တို့သာမက အချင်းချင်း ရိုက်နှက်မိကြသဖြင့် မိမိတို့ ကိုယ်၌ပါ ဒဏ်ရာရရှိ ဝေဒနာခံစားရသည်ကို အကြောင်းပြု၍ အတိတ်ဇာတ်ကို ဟောတော်မူခဲ့သည်။

ရှေးရှေးအခါ ကာသိတိုင်းရွာတစ်ရွာမှ လှည်းသမားတစ်ယောက်သည် သစ်ရွေလျက်ရှိသည်။ မှက်ကြီးတစ်ကောင်သည် ဦးခေါင်းတွင် နား၍ ကိုက်ခဲလျက်ရှိသည်။ နာကျင်လှသဖြင့် အနီးရှိ သားငယ်ကို မှက်အားရိုက်ရန် ပြော၏။ သားငယ်သည် မှက်ကို အနီးရှိပုဆိန်ဖြင့် ခုတ်လိုက်ရာ အဖေ၏ ဦးခေါင်းထက်ခြမ်းကွဲ၍ နေရာတွင်ပင် သေဆုံးရသည်။

ထိုအခါ အနီးရှိ ဉာဏ်ပညာနှင့်ပြည့်စုံသော ကုန်သည်တစ်ယောက်က ပညာရှိသော ရန်သူသည် ပညာမဲ့သော မိတ်ဆွေထက်မြတ်၏။ ရန်သူပင်ဖြစ်သော်လည်း ပညာရှိကမြတ်၏။ ပညာရှိသော ရန်သူသည် ပြစ်ဒဏ်ကိုကြောက်၍ လူကိုမသတ်ဟု ကျူးရင့်တော်မူ၏ဟု မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည်ဟု ငယ်စဉ်က ဖတ်မှတ်ခဲ့ရဖူးသည်။

လုပ်သင့်၊ မလုပ်သင့်၊ အကောင်းအဆိုး အကြောင်းအကျိုး၊ အမှားအမှန် ဝေဖန်ပိုင်းခြားနိုင်စွမ်းသည် ပညာဖြစ်သည်။ ဝိဇ္ဇာ၊ သိပ္ပံပညာရပ်သင်ကြားတတ်မြောက်မှု လောကီပညာနှင့် လောကမှ ထွက်မြောက်ရန် ကျင့်ရမည်ဖြစ်သော ဝိပဿနာ လောကုတ္တရာ ပညာဟူ၍ရှိရာ ပညာသည် လောဘ၊ ဒေါသ၊ မောဟကို ဖောက်ထွင်းဖျက်ဆီးနိုင်ပြီး သန္တိသုခ နိဗ္ဗာန်တိုင်အောင် မျက်မှောက်ပြုစေနိုင်သည်။

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည်။ ခွန်အားကို အသုံးပြု၍ အလုပ်အကိုင်များ ဆောင်ရွက်ကြရသည့် စက်မှုခေတ်မှ စိတ်ကူးစိတ်သန်း ဉာဏ်ပညာ တီထွင်ဖန်တီးမှုများဖြင့် အလုပ်အကိုင် အခွင့်အလမ်း ဝင်ငွေတိုးတက်အောင် ဖန်တီးနိုင်သည့် ပညာခေတ်သို့ ရောက်ရှိနေခြင်းဖြစ်သည်။

၂၁ ရာစု ပညာခေတ်တွင် မွေးဖွားကြီးပြင်းလာသူများ၊ လူငယ်များသည် ရဲရင့်၏။ တက်ကြွ၏။ သွက်လက်၏။ အားမာန်အပြည့်ရှိ၏။ ဖွဲ၊ လုံ့လရှိ၏။ ဖြတ်ထိုးဉာဏ်ကောင်း၏။ အရောင်အစွန်းအထင်းမရှိသေးသည့်အတွက် အရောင်ဆိုးရန် လွယ်ကူ၏။ စိတ်သည် တက်လွယ်၊ ကျလွယ်ရှိ၏။ လူငယ်များကို သစ်ပင်တစ်ပင်နှင့် ခိုင်းနှိုင်းမည်ဆိုလျှင် အညွန့်အဖူးလေးများဖြစ်၏။ ဖယောင်းကဲ့သို့ ပျော့ပျောင်းပြီး လိုသလို ထုဆစ်ပုံဖော်နိုင်၏။ လူငယ်များ၏ စွမ်းပကားကို အသိအမှတ်ပြုရမည်ဖြစ်သည်။

လူငယ်များသည် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအတွက် အလွန်အရေးပါသည့် လူသားရင်းမြစ်များလည်းဖြစ်သည်။ သဘာဝက ပေးအပ်ထားသည့် အရင်းအမြစ်များသည် နှစ်ကာလကြာမြင့်သွားလျှင် သော်လည်းကောင်း၊ လူသားတို့ ထုတ်ယူသုံးစွဲမှုကြောင့် လည်းကောင်း ယုတ်လျော့ကုန်ခန်းသွားနိုင်သော်လည်း လူသားအရင်းအမြစ်များသည် ကုန်ဆုံးသွားသည်ဟူ၍မရှိ ကောင်းစွာလေ့ကျင့်ပျိုးထောင်ခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် အမှန်တကယ် အထောက်အကူပြုနိုင်သည့် စွမ်းအားများကို ရရှိမည်ဖြစ်သည်။

> **လူငယ်များသည် ဉာဏ်ပညာ ဦးဆောင်ကာ တစ်ဦးနှင့်တစ်ဦး နားလည်စာနာခြင်း၊ သည်းခံခွင့်လွှတ်ခြင်း၊ အနစ်နာခံလိုစိတ်ရှိခြင်း၊ အတူပူးပေါင်းဆောင်ရွက်လိုခြင်း စသည့် စိတ်ဓာတ်များဖြင့် ထိန်းထိန်းသိမ်းသိမ်း ဆင်ခြင်စဉ်းစားပြုမူ ဆောင်ရွက်နိုင်ကြပါစေ၊ လူငယ်တို့၏ စွမ်းပကားဖြင့် သာယာလှပသည့် လူ့ဘောင်အဖွဲ့အစည်း၊ ဒီမိုကရေစီယဉ်ကျေးမှုတစ်ရပ် ပေါ်ထွန်းလာပါစေဟု ဆန္ဒပြုလိုက်ရ**

အာရှဒေသတွင် သေးငယ်သော ကျွန်းနိုင်ငံငယ်အဆင့်မှ စင်ကာပူနိုင်ငံသည် လူသားအရင်းအမြစ်ကို စနစ်တကျ စီမံခန့်ခွဲပြုစုပျိုးထောင်နိုင်ခဲ့သဖြင့် အတော်ဆုံးပညာရှင်များကို မွေးထုတ်ပေးနိုင်ခဲ့သည်။ စီးပွားရေးသည် ပညာရေးပေါ်တွင် အခြေခံသဖြင့် လူငယ်တို့သည် ပညာပြည့်ဝ နှလုံးသားလှမှသာ နိုင်ငံသည် အကျိုးဖြစ်ထွန်းအောင်မြင်လိမ့်မည်ဖြစ်သည်။

လူငယ်တို့၏ နုပျိုလန်းဆန်း တက်ကြွသည့် အားမာန်များ၊ ပြင်းပြသည့်လုံ့လများကို ရည်ရွယ်ချက်မှန်မှန်ဖြင့် အသုံးမချဘဲ လမ်းကြောင်းမှားသွားမည်ဆိုလျှင် အကျိုးမရှိ ဖြစ်တတ်သည်။ လူသားတစ်ယောက်၏ ဘဝခရီးသည် သဘောထား၊ ခံယူချက်၊ အတွေးအခေါ် စေစားရာ လမ်းကြောင်းအတိုင်းသာ တည်ရှိမည်ဖြစ်သည်။

မနောကံဟု ခေါ်သော စိတ်၏တွေးတောမှု၊ စဉ်းစားပုံ၊ဆင်ခြင်ပုံ၊ ရှုမြင်ပုံအပေါ်တွင် မူတည်၍ သမ္မာဒိဋ္ဌိ မှန်ကန်သည့်အမြင်ရှိလျှင် သူ၏ဘဝခရီးလမ်းသည် ဖြောင့်တန်းမည်။ ဆင်းရဲဒုက္ခနည်းမည်ဖြစ်သည်။ အဝိဇ္ဇာမသိမှု သို့မဟုတ် မှန်ကန်သည့် အသိအမြင် ကင်းလွတ်လွဲချော်ခဲ့သော် ဆင်းရဲပင်ပန်းခြင်း၊ အန္တရာယ်များခြင်း၊ ဘဝတစ်ခုလုံး ဆုံးရှုံးရခြင်းအထိ အလွယ်တကူ ပျက်စီးနစ်နာနိုင်လေသည်။

နိုင်ငံကို အရေးပေါ်အခြေအနေ ကြေညာထားသည့် ယခုအချိန်တွင် လူငယ်များသည် မြှောက်ပင့်သွေးထိုးလှုံ့ဆော်မှုများကြောင့် လမ်းပေါ်ထွက်လာကြသည်။ ရန်ကုန်မြို့ရှိ ကုလသမဂ္ဂရုံးနှင့် အမေရိကန်၊ ပြင်သစ်၊ ရုရှား၊ တရုတ် အစရှိသည့် နိုင်ငံတကာသံရုံးများရှေ့သို့ ရောက်ရှိကာ ဖိအားပေးရန် တောင်းဆို၊ ဆန္ဒပြမှုများရှိလာသည်။

လူငယ်များကို ရှေ့သို့တွန်းပို့ကာ အပြစ်တင်ဆန့်ကျင်စေလျက် ကိုယ်တိုင်မှာ အိမ်ပြင်မထွက်ဘဲကိုယ်ကျိုးစီးပွားအတွက်သွေးထိုးလှုံ့ဆော်နေကြသူများ၊ ငွေကြေးထောက်ပံ့နေသည့် ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၊ နိုင်ငံအကျိုးကို မလိုလားသူများ၏ စကား၊ သတင်းမှားကို ဖြစ်ရပ်မှန်ကဲ့သို့ အဟုတ်ထင်ကာ လူငယ်များသည် ရှေ့ဆက်တိုးနေသည်။ အမေကျော်၍ ဒွေးဒေါ်လွမ်းနေသည်။

တန်ဖိုးရှိလှသည့် လူငယ်တို့၏ အချိန်နှင့် ငယ်ရွယ်ပျိုမျစ်မှုတို့သည် နေပူပူအောက်တွင် ပင်ပင်ပန်းပန်း ကုန်ဆုံးမှန်းမသိ ကုန်ဆုံးနေသည်။ သွေးဆူပေါက်ကွဲလွယ်သည့် အရွယ်ဖြစ်သဖြင့် စိတ်ခံစားချက်ကို မထိန်းနိုင်ပါက အမှားတွေ့ပြီး မိမိနှင့် သူတစ်ပါး၊ အများအတွက် အကျိုးမများစေဘဲ အချိန်ကုန်လူပန်းဖြစ်ကာ လူငယ်တို့၏ ရည်ရွယ်ချက်များ ပျောက်ရှသွားနိုင်သည်။ လူငယ်များ၏ ဦးတည်ချက်၊ ပန်းတိုင် ပျောက်ရှခြင်းသည် တိုင်းပြည်၏ အနာဂတ်ကို သတ်ဖြတ်ခြင်းပင်ဖြစ်သည်။

အကြောင်းတရားဟူသည် အကျိုးတရားကြောင့် ဖြစ်ပေါ်လာခြင်းလည်းဖြစ်သည်။ အချို့အရာတို့မှာ အပေါ်ယံအမြင်ဖြင့် သုံးသပ်၍ မရနိုင်။ စိတ်နာကြည်းစရာ ဖြစ်ရပ်များကိုသာ အလင်းဘက်အခြမ်းအဖြစ် မီးမောင်းထိုးပြထားသော်လည်း အမှောင်ဘက်ခြမ်းတွင် လူအများ မသိနိုင်သော အမှန်တရားအချို့ရှိနေသည်။ နောက်ကွယ်မှ အမှန်တရားတို့သည် ခါးသက်ပေလိမ့်မည်။

လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေးအခြေအနေများသည် ရွေးကောက်ပွဲမဲစာရင်း မှားယွင်းမှုများဖြင့် နိုင်ငံတော်အာဏာကို အဓမ္မနည်းလမ်းသုံး၍ ရယူရန် ကြိုးပမ်းလုပ်ဆောင်မှုများကြောင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်မသွားစေရေးအတွက် တပ်မတော်မှ နိုင်ငံတော်အာဏာကို အခြေခံဥပဒေအရ မလွှဲမရှောင်သာ ထိန်းသိမ်းလိုက်ခြင်းဖြစ်သည်။ အရေးပေါ်ကာလ ပြီးဆုံးသွားပါက စည်းကမ်းပြည့်ဝပြီး အနှစ်သာရရှိသည့် ရွေးကောက်ပွဲကို ပြန်လည်ကျင်းပပေးသွားမည်ဖြစ်ပြီး အနိုင်ရပါတီကို အာဏာလွှဲအပ်သွားမည်ဖြစ်ကြောင်းကိုလည်း အတိအလင်း ကြေညာထားပြီးဖြစ်သည်။

သို့ဖြစ်ရာ လူငယ်များသည် ဉာဏ်ပညာ ဦးဆောင်ကာ တစ်ဦးနှင့်တစ်ဦး နားလည်စာနာခြင်း၊ သည်းခံခွင့်လွှတ်ခြင်း၊ အနစ်နာခံလိုစိတ်ရှိခြင်း၊ အတူပူးပေါင်းဆောင်ရွက်လိုခြင်း စသည့်စိတ်ဓာတ်များဖြင့် ထိန်းထိန်းသိမ်းသိမ်း ဆင်ခြင်စဉ်းစားပြုမူဆောင်ရွက်နိုင်ကြပါစေ၊ လူငယ်တို့၏ စွမ်းပကားဖြင့် သာယာလှပသည့် လူ့ဘောင်အဖွဲ့အစည်း၊ ဒီမိုကရေစီယဉ်ကျေးမှုတစ်ရပ် ပေါ်ထွန်းလာပါစေဟု ဆန္ဒပြုလိုက်ရပါသည်။ ။

# ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရေးဆွေးနွေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး တွေ့ဆုံဆွေးနွေးခြင်းကို ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၂၅ ရက် မွန်းလွဲ ၂ နာရီတွင် ပြုလုပ်သည်။

ရှေးဦးစွာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုးက အမှာစကားပြောကြားသည်။

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန တာဝန်ရှိသူက ပြည်ထောင်စုရန်ပုံငွေဖြင့် ကျေးလက်ဒေသအတွင်း မီးလင်းရေး၊ ကျေးလက်ကုန်ထုတ်လမ်း၊ ရုံးအဆောက်အအုံ၊ ဝန်ထမ်းအိမ်ရာနှင့် အခြားကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ကျေးလက်ရေရရှိမှု၊ အသက်မွေးဝမ်းကျောင်းသင်တန်းများဖွင့်လှစ်ထားရှိမှု၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ နွေရာသီ ရေရှားပါးကျေးရွာများအတွက် ရေရရှိအောင် စီစဉ်ဆောင်ရွက်ပေးမည့် အစီအစဉ်များ၊ လမ်းဦးစီးဌာနက ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကွန်ကရစ်လမ်း၊ ကျောက်လမ်း၊ ဂဝံမြေနီလမ်း၊ မြေသားလမ်း၊ ကတ္တရာလမ်းနှင့် ကွန်ကရစ်တံတား၊ သစ်သားတံတား၊ ဘေလီကြိုးတံတား Box Culvert၊ ရေပြွန် အစရှိသည့် ကျေးလက်လမ်းနှင့် တံတားများ တည်ဆောက်နေမှုများနှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေးကြသည်။



ယင်းနောက် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိုင်ငံတော်ဘဏ္ဍာဖြင့်ဆောင်ရွက်နေသောလုပ်ငန်းများ လေလွင့်မှုမရှိစေဘဲ အရည်အသွေးပြည့်မီစွာဖြင့် အမြန်ဆုံးပြီးစီးရေး၊ ဆောင်ရွက်ရန် ကျန်နေသည့် လုပ်ငန်းများကိုလည်း မိုးမကျမီ ပြီးစီးအောင် အရှိန်အဟုန်မြှင့်၍ အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် လုပ်ငန်းများလုပ်ဆောင်ရာတွင် အခက်အခဲများရှိပါက တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီမှ ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းဆောင်ရွက်ပေးမည့်အစီအမံများနှင့် ကျေးလက်မြို့ပြကွာဟမှုမရှိစေရေး ရည်မှန်းချက်ထားပြီး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## ဖေဖော်ဝါရီ ၂၇ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၁၅ ဦး တွေ့ရှိ

### COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၇-၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၂၆-၂-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၇-၂-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁,၁၁၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID–19 ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် (၁၅) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၄၈၉,၈၈၄) ခုအား စစ်ဆေးခဲ့ပြီး COVID–19 ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၁၄၁,၈၉၀) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁၉) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၄၅၄) ဦး ဆေးရုံမှ ဆင်းခွင့် ရရှိပြီး ဖြစ်ပါသည်။ COVID–19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၃,၁၉၉) ဦး ရှိပါသည်။

** ပြည်သူလူထုအနေဖြင့် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID–19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/သတိပေးခြင်း မိသားစုစီမံချက်"အတိုင်း COVID–19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

**၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။**

**၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။**

**၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။**

**၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။**

**၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။**

# နိုင်ငံတော်အား ဆန့်ကျင်ဆန္ဒပြသည့် ဦးစီးဦးဆောင်ပြုလုပ်သူများအား စစ်ဆေးဖော်ထုတ်ကာ ဥပဒေအရ ထိထိရောက်ရောက် အရေးယူသွားမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

နိုင်ငံတော်အား ဆန့်ကျင်ဆန္ဒပြသည့် ဦးစီးဦးဆောင်ပြုလုပ်သူများအား စစ်ဆေးဖော်ထုတ်ကာ ဥပဒေအရ ထိထိရောက်ရောက် အရေးယူသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

**ပုဒ်မ (၁၄၄)အား ထုတ်ပြန်ခဲ့ပြီးဖြစ်**

အဆိုပါထုတ်ပြန်ချက်တွင် နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူများ၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့ကို ထိခိုက်ပျက်ပြားမှုနှင့် ရုန်းရင်းဆန်ခတ်မှုများ မဖြစ်ပွားစေရေးအတွက် ဖေဖော်ဝါရီ ၈ ရက်မှစ၍ မြို့နယ်အချို့တွင် ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ (၁၄၄)အား ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ ထိုသို့အမိန့်ထုတ်ပြန်ခဲ့ပြီးသည့် ကာလနောက်ပိုင်းတွင်လည်း နိုင်ငံတော်ဆန့်ကျင်ရေးကို နည်းမျိုးစုံဖြင့်ကြိုးပမ်းလုပ်ဆောင်နေသည့် အခြေအနေ အရပ်ရပ်ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့အနေဖြင့် ဖေဖော်ဝါရီ ၂၆ ရက်တွင် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ(၁၄၄) ပြဋ္ဌာန်းချက်များကို ချိုးဖောက်လာပါက ထိရောက်စွာ အရေးယူခြင်းခံရမည်ကို ထပ်မံထုတ်ပြန်ခဲ့ကြောင်း။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် လှည်းတန်းလမ်းဆုံ၊ စမ်းချောင်းမြို့နယ် မြေနီကုန်း ခုံးတံတားအောက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) ပင်လုံရင်ပြင်၊ တာမွေမြို့နယ် ၅ ခွဆုံ၊ ကျောက်တံတားမြို့နယ် မြို့တော်ခန်းမအနီး၊ ဗဟန်းမြို့နယ် Ocean Center ရှေ့၊ စင်ကာပူသံရုံးရှေ့၊ အင်လျားမြိုင်လမ်းထိပ်၊ ကမာရွတ်မြို့နယ် အင်းစိန်လမ်း စံရိပ်ငြိမ်မှတ်တိုင်အနီးတို့တွင် လူစုလူဝေးများဖြစ်ပွားခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အကြိမ်ကြိမ်သတိပေးတားမြစ်ခဲ့သော်လည်း လူစုကွဲမှုမရှိသဖြင့် နေရာအချို့တွင် အသံမြည်ဗုံးဖြင့် ပစ်ခတ်လူစုခွဲခဲ့ပြီး ဆူပူအော်ဟစ် ဆန္ဒပြသူ အမျိုးသား(၁၀၆)ဦး၊ အမျိုးသမီး(၆၀) စုစုပေါင်း (၁၆၆)ဦးတို့ကို ဖမ်းဆီးထိန်းသိမ်းခဲ့ရပြီး လမ်းကန့်လန့်ဖြတ်လုပ်ထားသည့် မော်တော်ယာဉ်(၄)စီး၊ ရွက်ဖျင်တဲ(၂)ခုတို့အား သိမ်းဆည်းရမိခဲ့ကြောင်း။

အလားတူ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ၆၆ လမ်း၊ (၃၃ နှင့် ၃၄ လမ်းကြား)၊ လမ်း ၃၀၊ (၇၇ နှင့် ၇၈ လမ်းကြား) မန္တလေးဘူတာကြီးအရှေ့၊ မဟာအောင်မြေမြို့နယ် ၅၈ လမ်း၊ (၃၅ နှင့် ၃၆ လမ်းကြား)၊ မဟာမြိုင်ရပ်ကွက် ၆၂ လမ်း၊ (၃၉နှင့် ၄၀ လမ်းကြား) တို့တွင်လည်း လူစုလူဝေးပြုလုပ်ကာ ဆူပူအော်ဟစ်ဆန္ဒပြနေကြသဖြင့် နေရာအချို့တွင် အသံမြည်ဗုံးဖြင့် ပစ်ခတ်လူစုခွဲခဲ့ပြီး ဆူပူအော်ဟစ်ဆန္ဒပြသူ အမျိုးသား(၅၃)ဦး၊ အမျိုးသမီး(၃၉)ဦး၊ စုစုပေါင်း(၉၂)ဦးတို့ကို ဖမ်းဆီးထိန်းသိမ်းခဲ့ရကြောင်း။

**ဖမ်းဆီးထိန်းသိမ်းခဲ့ရ**

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် အေးသာယာရပ်ကွက် ဆင်ဖြူရာမ ပြဿဒ်ကျောင်းအတွင်း လူစုလူဝေးဖြစ်ပေါ်မှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက တရားဥပဒေနှင့်အညီ သွားရောက်ထိန်းသိမ်းပြီး လူစုခွဲရန် အကြိမ်ကြိမ်သတိပေးပြောဆိုခဲ့သော်လည်း လိုက်နာမှုမရှိခြင်း၊ လမ်းများအား အကြောင်းမဲ့ပိတ်ဆို့ခြင်းများကြောင့် အသံမြည်ဗုံးဖြင့် ပစ်ခတ်လူစုခွဲခဲ့ရပြီး ဆူပူအော်ဟစ်ဆန္ဒပြသူ အမျိုးသား(၁၀၄)ဦး၊ အမျိုးသမီး(၆၉)ဦး၊ စုစုပေါင်း(၁၇၃)ဦးတို့အား ဖမ်းဆီးထိန်းသိမ်းခဲ့ရကြောင်း။

အလားတူ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်း၊ မြိတ်နှင့် ထားဝယ်မြို့တို့တွင်လည်း ယနေ့နံနက်ပိုင်းတွင် လူစုလူဝေးဖြစ်ပွားခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက အသံမြည်ဗုံးဖြင့် ပစ်ခတ် လူစုခွဲခဲ့ရပြီး ဆူပူအော်ဟစ်ဆန္ဒပြသူ အမျိုးသား(၆)ဦးအား ဖမ်းဆီးထိန်းသိမ်းခဲ့ရကြောင်း။

အလားတူ မကွေးတိုင်းဒေသကြီး ပေါက်မြို့တွင်လည်း အမှုဖွင့်လှစ် ဖမ်းဆီးထိန်းသိမ်းထားသည့် တရားခံအား ပြန်လွှတ်ပေးရေးအတွက် ပေါက်မြို့မရဲစခန်းရှေ့တွင် အင်အား ၃၀၀ ခန့်ဖြင့် ဆူပူအော်ဟစ်ဆန္ဒပြနေကြသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက မျက်ရည်ယိုဗုံးအသုံးပြု၍ လည်းကောင်း၊ ပခုက္ကူမြို့ သီဟိုဠ်ရှင်ဘုရားရှေ့တွင်လည်း လူစုလူဝေးများ လာရောက်စုဝေးခဲ့သဖြင့် အသံမြည်ဗုံးအသုံးပြုကာ လူစုခွဲခဲ့ရပြီး ဆူပူအော်ဟစ်ဆန္ဒပြသူ အမျိုးသား(၆)ဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့ရကြောင်း။

အလားတူ ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်တွင်လည်း ယနေ့နံနက်ပိုင်းတွင် လူစုလူဝေးဖြစ်ပွားခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက အသံမြည်ဗုံးဖြင့် ပစ်ခတ်လူစုခွဲခဲ့ရပြီး ဆူပူအော်ဟစ်ဆန္ဒပြသူ အမျိုးသား(၈)ဦး၊ အမျိုးသမီး(၉)ဦး၊ စုစုပေါင်း(၁၇)ဦးတို့ကို ဖမ်းဆီးထိန်းသိမ်းခဲ့ရကြောင်း။

အလားတူ ကရင်ပြည်နယ် ဘားအံမြို့နှင့် မြဝတီမြို့ အမှတ်(၁) ချစ်ကြည်ရေးတံတားထိပ်တွင်လည်း လူစုလူဝေးဖြစ်ပွားခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက လူစုခွဲခဲ့ရပြီး ဆူပူအော်ဟစ်ဆန္ဒပြသူ အမျိုးသား (၁၁) ဦး၊ အမျိုးသမီး(၄)ဦး၊ စုစုပေါင်း(၁၅)ဦးတို့ကို ဖမ်းဆီးထိန်းသိမ်းခဲ့ရကြောင်း။

အလားတူ ချင်းပြည်နယ် ဟားခါးမြို့တွင်လည်း လူစုလူဝေးဖြစ်ပွားခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက လူစုခွဲခဲ့ရကြောင်း။

အလားတူ ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်တွင်လည်း လူစုလူဝေးဖြစ်ပွားခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက လူစုခွဲခဲ့ရပြီး ဆူပူအော်ဟစ်ဆန္ဒပြသူ အမျိုးသမီး(၂)ဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့ရကြောင်း။

**လူစုခွဲခဲ့ရ**

အလားတူ မွန်ပြည်နယ် မော်လမြိုင်မြို့တွင်လည်း လူစုလူဝေးဖြစ်ပွားခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက လူစုခွဲခဲ့ရပြီး ဆူပူအော်ဟစ်ဆန္ဒပြသူ အမျိုးသား(၂)ဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့ရကြောင်း။

ဖြစ်စဉ်ဖြစ်ရပ်များတွင် လက်ရှိဖမ်းဆီးထိန်းသိမ်းထားရှိသူများ အနက်မှ နိုင်ငံတော်အား ဆန့်ကျင်ဆန္ဒပြသည့် ဦးစီးဦးဆောင်ပြုလုပ်သူများအား စစ်ဆေးဖော်ထုတ်ကာ ဥပဒေအရ ထိထိရောက်ရောက် အရေးယူနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

**သတင်းစဉ်**

**ကမ္ဘာ့အပူချိန် လျှော့ချဖို့ အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ ဆက်လက်ဆောင်ရွက်စို့**

# လိုတာထက်ပိုရင် မလိုတာတွေဖြစ်လာတတ်တယ်

## ကိုသံချောင်း - မစာဥ စကားပြောခန်း - ၃

### ဒေါင်

ပြီးခဲ့တဲ့တစ်လကျော်က ညဦးပိုင်းဆိုရင် လက်ဖက်ရည်ဆိုင်လေးထိုင်၊ မိတ်ဆွေတွေနဲ့ တွေ့ရာလေးပါး စကားလေးပြောရင်း အချိန်ကုန်တတ်ပေမယ့် ဒီနေ့ဦးကတော့ ကိုသံချောင်းကို အတော်လေးစိတ်ရှုပ်ထွေးစေတဲ့ ကာလဖြစ်ပါတယ်။ မတူညီတဲ့ အယူအဆ၊ အတွေးအခေါ်တွေကို ငြင်းခုံကြရင် နာကြည်းမှုမပါဘဲ အရင်လိုစိတ်လက်ပေါ့ပါးသွားလေပဲ့မလား... အတွေးစတွေကို ဖြန့်ကြက်ရင်း အိမ်ရှေ့လမ်းမကိုမျှော်ကြည့်မိတော့ "ကိုသံချောင်းရေ ဘာတွေထိုင်တွေးနေတုံး.." စကားတောင်မဆုံးသေးမီ အိမ်ဝသို့ မစာဥ ဆတ်တောက်ဆတ်တောက်နှင့် လမ်းလျှောက်လာသည်။

"နေ့တိုင်း စဉ်းစားခန်းထုတ်နေတာနဲ့ အိုင်ဒီယာသစ်တွေရနေပြီထင်ပါရဲ့။ ခေါင်းရှင်းရှင်းနဲ့ အတွေးသစ်တွေရအောင် ဆေးယူလာခဲ့တယ်.. ရော့..ဒီမှာ.. စပယ်ရှယ်ဇီးယို.. ကိုယ်တိုင်ထိုးလာခဲ့တာ။ နွေဦးနဲ့ ဇီးယိုပေါ့ရှင်.."

လာပါပြီ မရှင်းမရှင်းပြောတတ်တာကိုက အပျိုကြီးမမတွေရဲ့ ဝသီထင်ပါရဲ့။

"ဟုတ်ပါပြီဗျာ.. မစာဥရဲ့ နွေဦးဇီးယိုလေးစားရင်း ရေနွေးကြမ်းလေးသောက်ပြီး စကားလေးဘာလေး ပြောကြတာပေါ့။ ဒါနဲ့ သနပ်ခါးတွေ ထူလဗျစ်နဲ့ ဘယ်လိုဖြစ်လာတာတုံး"

"ဒိတ်အောက်လိုက်တာရှင်။ ဒါက အင်တာနေရှင်နယ်အထိရောက်အောင် လိမ်းပြတာရှင့်။ သနပ်ခါးကမ်ပိန်းပေါ့။ ဒါတွေထားပါဦး။ ကျွန်မရှင့်ကိုတစ်ခုပြောမယ် ဒီကနေ့ဖြစ်နေတဲ့ပြဿနာတွေဟာ စစ်အာဏာရှင်နဲ့ ပြည်သူရဲ့ ပြဿနာတဲ့.. ရှင့်အမြင်ကရော"

"ကျွန်တော်ကတော့ ဒီနေ့ဖြစ်နေရတာတွေဟာ NLD နဲ့ သူ့ကိုလိုလားသူတွေက တစ်ဖက်၊ တပ်မတော်ဦးဆောင်တဲ့ တိုင်းရင်းသားတွေအပါအဝင် နိုင်ငံရေးအင်အားစုတွေက တစ်ဖက်လို့ မြင်တာပဲဗျာ။ ဆူပူဆန္ဒပြတဲ့နေရာအများစုဟာ NLD အင်အားကောင်းတဲ့နေရာတွေပေါ့။ ရန်ကုန်၊ မန္တလေးနဲ့ မြန်မာနိုင်ငံအလယ်ပိုင်းဒေသတွေမှာ အများဆုံး ဆူပူနေကြတာမဟုတ်လား။ အခုအချို့နေရာတွေမှာ တပ်နဲ့ပြည်သူ၊ ရဲတပ်ဖွဲ့ဝင်တွေနဲ့ ပြည်သူတွေထိပ်တိုက်တွေ့ကြပေမယ့် အားလုံးဟာ မိသားစုလေဗျာ။ ခွဲခြားလို့မရဘူးလေဗျာ။ ဒါကြောင့် အချို့ပြည်သူတွေက ရဲတွေကို ပန်းတွေပေးကြ၊ ရေသန့်ဘူးတွေ ပေးကြ၊ မုန့်တွေ ကျွေးကြနဲ့ပေါ့"

"အဲဒါတော့ ကျွန်မလည်း အထိုက်အလျောက် လက်ခံပါတယ်ရှင်။ အစိုးရတစ်ရပ်ရပ်ကို ကျရှုံးအောင် လုပ်ဖို့ဆိုတာ လွယ်တဲ့ဖြစ်စဉ်တော့ မဟုတ်ဘူးလေ။ အထူးသဖြင့် အင်စတီကျူးရှင်းခိုင်ခိုင်မာမာနဲ့ တည်ဆောက်ထားတဲ့ တပ်မတော်အစိုးရဆိုရင် ပိုပြီးခက်တာပေါ့။ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အရ ဆောင်ရွက်နေတာဆိုပြီး လက်ခံသဘောပေါက်တဲ့ပြည်သူတွေလည်း အများကြီးရှိနေတာလေ"

"ခင်ဗျားကိုတော့ လေးစားမိသွားပြီဗျာ။ အမှန်အတိုင်းမြင်တတ်လာပြီခင်ဗျ"

"အမလေး ကိုသံချောင်းရယ် ကျွန်မက ခြင်္သေ့လို ကျင့်တယ်ရှင့်။ ရှင်ကြားဖူးတယ် မဟုတ်လား။ ခြင်္သေ့ဆိုတာ ခဲနဲ့ ပေါက်ခံရရင် ခဲကိုမကြည့်ဘူး ခဲလာရာကိုကြည့်တာလေ။ ခွေးကျတော့ ခဲနဲ့ပေါက်ခံရရင် ခဲကိုပဲကြည့်ပြီး လာတဲ့အရပ်ကိုမကြည့်ဘူးရှင့်။ ကျွန်မက ပညာရှိဆိုတော့ ဖြစ်စဉ်တစ်ခုဆိုအတွင်းကျကျကို လေ့လာတတ်တာ"

"အဲဒါတွေကြောင့် အပျိုကြီးဖြစ်နေတာထင်ပါရဲ့။ ကျွန်တော်က ခင်ဗျားကို လေးစားပြီးရင်း လေးစားတာပေါ့ဗျာ"

**လူထုဆန္ဒဖော်ထုတ်တာက အရှိန်အဟုန်နဲ့ အင်အား၊ အချိန်ကာလအကန့်အသတ်တွေရှိတယ် အပျိုကြီးရဲ့။ CDM ကို ဝန်ထမ်းတွေလုပ်နေကြတာကလည်း တစ်နိုင်ငံလုံး ပိုပြီးကျပ်တည်းဆင်းရဲတာ၊ ကသောင်းကနင်းဖြစ်တာမျိုးပဲ တိုးလာနိုင်တာပေါ့။ အခုတောင် တစ်သက်လုံးရှာကျွေးလာတဲ့အဖေကို အမြင်မတူလို့ဆိုပြီး အသိအမှတ်မပြုတာ၊ အသက်ကယ်ပေးတဲ့ဆရာဝန်ကို ဆဲဆိုလှောင်ပြောင်တာကြားနေရတယ်။ နောက်ဆိုရင် မိဘနဲ့သားသမီး၊ သူငယ်ချင်းအချင်းချင်း၊ ညီအစ်ကိုချင်း၊ မောင်နှမချင်း၊ ဆရာနဲ့ တပည့်ကြားအချင်းချင်း အမြင်မတူ၊ အရောင်မတူတိုင်း ကဲ့ရဲ့လှောင်ပြောင်စော်ကားနေကြရင် နောက်ဆုံးမှာ ပြုတ်ကျမှာက စစ်တပ်မဟုတ်ဘူးဗျ။ ပြည်သူအချင်းချင်းကြားက စာနာမှု၊ နားလည်မှု၊ အပြန်အလှန်လေးစားတန်ဖိုးထားတတ်မှုတွေပဲ မဟုတ်ဘူးလား မစာဥရယ်**

"တော်ပါရင့် လေးစားရုံပဲထားပါ။ အဆင့်တက်ဖို့တော့ ယောင်လို့တောင် စကားဦးမသန်းပါနဲ့။ အခုဆိုရင် ပြည်သူတွေက နေရတာ မလုံခြုံတော့ဘူးရှင့်။ မီးကွင်းလာပစ်တယ်တို့၊ အဆိပ်ခတ်မယ်တို့လို ကောလာဟလတွေကလည်းရှိတော့ ညညဆိုရင် ကျွန်မတောင် ဂုဏ်တော်ကွန်ချာတွေရွတ်၊ စည်းတွေချပြီး အိပ်နေရတယ်။ စိတ်ပူတာပေါ့ရှင်။ ရှင်ရော အဲဒီလိုစိတ်မပူဘူးလား"

"မပူဘဲရှိမလားဗျ.. ကျွန်တော်က မိန်းမတောင်မရသေးတာ ငြိမ်းချမ်းချင်တာပေါ့။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စိတ်ရှည်သည်းခံပြီးနေခဲ့ပေမယ့် နေ့စဉ်နဲ့အမျှ ဥပဒေချိုးဖောက်၊ မင်းမဲ့စရိုက်ဆန်တာတွေ တွေ့လာတဲ့အတွက်အရေးယူသွားမယ်ဆိုပြီး ထုတ်ပြန်ထားတယ်လေ။ အကြမ်းဖက်ဆူပူမှုတွေက ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၁၄၄ အရ ရာဇသတ်ကြီးပုဒ်မတွေနဲ့ ငြိစွန်းတယ်လေဗျာ။ ပြောရရင်တော့ အဲဒီလိုဥပဒေအရ ဆောင်ရွက်အရေးယူမှုတွေ ဖြစ်လာရင်တော့ မင်းမဲ့စရိုက်ဆန်တဲ့အပြုအမူတွေ ရပ်တန်းရပ်သွားပါလိမ့်မယ်။ အဲဒီကျ အပျိုကြီး အိပ်ရေးဝဝ အိပ်လို့ရပါပြီ"

"ဒါပေမယ့်လည်း မသိနားမလည်တဲ့ပြည်သူတွေက ဥပဒေတွေ၊ ပုဒ်မတွေကိုမသိဘဲ ဆက်လုပ်နေမိကြမှာတော့ စိုးရိမ်မိပြန်တယ် ကိုသံချောင်းရေ။ ဥပဒေနဲ့ဆန့်ကျင်တဲ့ အစုအဝေးမှာပါဝင်သူတွေက ရာဇသတ်ကြီးပုဒ်မ ၁၄၃ အရ ထောင်ဒဏ်ခြောက်လတဲ့၊ ရာဇသတ်ကြီးပုဒ်မ ၁၄၄ မှာ ဥပဒေနဲ့ဆန့်ကျင်တဲ့ အစုအဝေးမှာ သေစေနိုင်တဲ့ လက်နက်ကို ကိုင်စွဲလျက်ပါဝင်မယ်ဆိုရင် ထောင်ဒဏ် ၂ နှစ်တဲ့လေ။ တခြားပုဒ်မတွေလည်း ရှိသေးတာပေါ့။ အစိုးရိမ်ဆုံးကတော့ ရာဇသတ်ကြီးပုဒ်မ ၁၂၄(ဂ) ပဲ။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးကို ထိန်းသိမ်းဆောင်ရွက်ရန် တာဝန်ဝတ္တရားကိုဆောင်ရွက်နေတဲ့ ဆောင်ရွက်မှု အောင်မြင်ရေးကို နှောင့်နှေးစေရန်၊ ပျက်ပြားစေရန်ပြုမူဆောင်ရွက်လျှင် ထောင်ဒဏ် အနှစ် ၂၀ အထိ ချမှတ်နိုင်တယ်ဆိုပြီး ကြားမိတယ်"

"ဟုတ်တာပေါ့ မစာဥရယ်။ ရည်ရွယ်ချက်ရှိရှိနဲ့ တိုင်းပြည်ပျက်စီးဖို့လုပ်သူတွေအတွက် ထိုက်တန်တဲ့ ဥပဒေနဲ့ ပြစ်ဒဏ်တွေပေါ့။ ဒါပေမယ့် ရောယောင်ပြီးပါသွားမယ့် မသိနားမလည်သူတွေအတွက် စိတ်ပူစရာပဲ။ ခံစားချက်တွေကို ရှေ့တန်းတင်၊ မြှောက်ပင့်သူတွေရဲ့ စကားကိုနားယောင်ပြီး ပကတိအခြေအနေကို မသုံးသပ်တတ်ကြရင် တည်ဆဲဥပဒေတွေကို မျက်ကွယ်ပြုမိကြမှာမျိုး စိတ်ပူစရာပါပဲဗျာ"

"အခုလို တိုင်းပြည်အရေးကြီးချိန်မှာ ပါဝါနိုင်ငံရေးလေဟာနယ်အရ နေရာဝင်ယူလိုသူတွေက လူထုအပေါ်အသုံးချသွားမှာကိုလည်း ကျွန်မတော့ စိုးရိမ်တာပဲ။ ဒီလိုလူထုလှုပ်ရှားမှုတွေက ရှည်ကြာလာခဲ့မယ်ဆိုရင် အရင်ဆုံးထိခိုက်မယ့်သူတွေဟာ ပြည်သူတွေဆိုတာကို သတိထားရမယ့်အချိန်လို့ ထင်တာပဲ ကိုသံချောင်းရဲ့"

"အပျိုကြီးတောင် နိုင်ငံရေးမျက်စိအတော်ပွင့်လာပြီပဲ။ ခင်ဗျားပဲစဉ်းစားကြည့်လေ တကယ်တော့ ကမ္ဘာပေါ်မှာ ပြုလုပ်ခဲ့တဲ့ လူထုလှုပ်ရှားမှုတွေဟာ အများလက်ခံနိုင်တဲ့ နိုင်ငံရေးခေါင်းဆောင်မှုတွေ၊ ပကတိအခြေအနေနဲ့ အနီးစပ်ဆုံးတူညီတဲ့ တောင်းဆိုမှုတွေနဲ့တိကျတဲ့ပလန်(Plan) တွေရှယ်ကြောင့်သာ အောင်မြင်ခဲ့ကြတာပါ။ အခုတော့ ခေါင်းဆောင်မယ့်သူတွေက ပြည်သူနဲ့အတူမရှိ၊ ရှေ့မထွက်ဘူး။ ပစ်ကြခတ်ကြ၊ အရေးယူကြရပြီဆိုရင် ပြည်သူတွေကသာ အထိနာကြရတာ မဟုတ်လားဗျာ။ Generation Z လို့ မြှောက်ပေးနေပြီး အတွေ့အကြုံမရှိတဲ့ လူငယ်တွေကို လမ်းပေါ်ထွက်ခိုင်းနေသူတွေက သူတို့ကိုယ်တိုင်တော့ လုံခြုံတဲ့နေရာတွေကနေ ခိုင်းစေနေကြတာမျိုးလို့ ကျွန်တော်ကတော့ မြင်တယ်"

"ဟုတ်တယ် ကိုသံချောင်းရယ် လိုတာထက်ပိုပြီး လုပ်ကိုင်တာဟာ မလိုအပ်တာတွေဖြစ်လာစေဖို့ ဖိတ်ခေါ်နေသလိုပါပဲ။ အခုဆိုရင် အုတ်ရောရော ကျောက်ရောရော ဆန္ဒပြပွဲတွေဖြစ်လာလို့ ကျွန်မတော့ လမ်းပေါ်မထွက်ဖြစ်ဘူး။ နေပူထဲထွက်တော့ အသားကလည်းမည်း၊ ရက်ကများလာတော့ ဝင်ငွေကလည်းမရှိနဲ့မို့ မသွားဖြစ်တော့တာ။ အချိန်တန်တော့လည်း ကိုယ်လုပ်မှကိုယ်စားရတာပဲ ကိုလူပျိုကြီးရဲ့။ သံပုံးတီးဖို့ကျတော့လည်း ဘေးပတ်ဝန်းကျင်က လူကြီးသူမတွေကို နားမခံသာအောင် လုပ်သလိုဖြစ်လာတယ်လို့ ခံစားလာမိလို့ လျှော့ထားလိုက်ပါပြီ"

"လူထုဆန္ဒဖော်ထုတ်တာက အရှိန်အဟုန်နဲ့ အင်အား၊ အချိန်ကာလအကန့်အသတ်တွေရှိတယ် အပျိုကြီးရဲ့။ CDM ကို ဝန်ထမ်းတွေလုပ်နေကြတာကလည်း တစ်နိုင်ငံလုံး ပိုပြီးကျပ်တည်းဆင်းရဲတာ၊ ကသောင်းကနင်း ဖြစ်တာမျိုးပဲ တိုးလာနိုင်တာပေါ့။ အခုတောင် တစ်သက်လုံးရှာကျွေးလာတဲ့ အဖေကို အမြင်မတူလို့ဆိုပြီး အသိအမှတ်မပြုတာ၊ အသက်ကယ်ပေးတဲ့ဆရာဝန်ကို ဆဲဆိုလှောင်ပြောင်တာကြားနေရတယ်။ နောက်ဆိုရင် မိဘနဲ့သားသမီး၊ သူငယ်ချင်း အချင်းချင်း၊ ညီအစ်ကိုချင်း၊ မောင်နှမချင်း၊ ဆရာနဲ့ တပည့်ကြားအချင်းချင်း အမြင်မတူ၊ အရောင်မတူတိုင်း ကဲ့ရဲ့လှောင်ပြောင်စော်ကားနေကြရင် နောက်ဆုံးမှာ ပြုတ်ကျမှာက စစ်တပ်မဟုတ်ဘူးဗျ။ ပြည်သူအချင်းချင်းကြားက စာနာမှု၊ နားလည်မှု၊ အပြန်အလှန်လေးစားတန်ဖိုးထားတတ်မှုတွေပဲ မဟုတ်ဘူးလား မစာဥရယ်"

"ဟုတ်ပါပြီရှင်။ ကျွန်မက မတရားမှုဆိုရင် ဘယ်ဘက်ကမှ လက်မခံပါဘူးနော်။ အခုအချိန်မှာ ကျွန်မကလည်း ပြည်သူတစ်ယောက်အနေနဲ့ ပြည်သူခံစားချက်တော့ရှိတာပေါ့။ အခုအခြေအနေကို ဘယ်လိုကိုင်တွယ် ဖြေရှင်းမလဲဆိုတာကို ကျွန်မလည်းစောင့်ကြည့်နေပါတယ်။ ဘယ်အရာမဆို အတိုင်းအတာတစ်ခုအထိပဲ ကောင်းတယ်ဆိုတာကိုတော့ ပြည်သူတွေသဘောပေါက်စေချင်တယ်။ ကျွန်မကတော့ တည်ငြိမ်အေးချမ်းချင်တယ်။ ရပ်ကွက်ထဲ ပုံမှန်အထည်လေး အကြွေးလိုက်ရောင်းလိုက်၊ အချိန်ကျပြန်သိမ်းလိုက်နဲ့ သာယာချင်တာတော့ အမှန်ပဲရှင်။ စကားလည်းကောင်းနေလိုက်တာ အိမ်ပြန်နောက်ကျရင် အမေက ခိုးရာလိုက်ပြေးတယ် ထင်တော့မှာပဲ"

"ကျွန်တော့်ကိုတော့ စိတ်ကူးမလွဲနဲ့ အပျိုကြီးရေ။ ခေတ်ကောင်းတာနဲ့ တင့်တောင့်တင့်တယ်ထားနိုင်အောင် ရှာဖွေကျွေးမွေးမယ်လေဗျာ"

"ရှင်က ဖေ့စ်ဘွတ်ခ်ပေါ်ပလူပျံနေတဲ့ ခရက်ဒစ်ဆိုတဲ့ အမည်မသိစာရေးသူအတိုင်း ပွဲလန့်တုန်းဖျာကိုခင်းဖို့မကြိုးစားပါနဲ့။ ကျွန်မက ဆုံးဖြတ်ထားပြီးသားပဲ တော်လှန်ရေး မပြီးမချင်း ချစ်သူမရှာဘူး။ ဒါပဲ.."

ရှက်ရှက်နှင့်လှည့်ထွက်သွားသော မစာဥကို ကြည့်ရင်း ကိုသံချောင်း သက်ပြင်းရှည်တစ်ခုကို ချမိသည်။ အသွင်တူမှ အိမ်သူဖြစ်နိုင်သတဲ့။ အပျိုကြီးဆီက စိတ်ဝင်စားမှုကိုရအောင် နောက်တစ်ရက် ဘယ်လိုအကြောင်းတွေနဲ့များ ချဉ်းကပ်ရမလဲ သူသိချင်မိပါသည်။

# ဥရောပတွင် ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်မှု အလျင်အမြန် ပျံ့နှံ့နေ

**ပါရီ ဖေဖော်ဝါရီ ၂၇**

ဥရောပတွင် ဗီဇပြောင်းဗိုင်းရပ်စ်များ ကူးစက်ဖြစ်ပွားမှုအလျင်အမြန်ဖြစ်ပေါ်နေပြီး နိုင်ငံအစိုးရများအနေဖြင့် ရောဂါပြန့်ပွားမှု ထိန်းချုပ်ရေးအတွက် ကန့်သတ်မှုများ ပိုမိုလုပ်ဆောင်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။



ပြင်သစ်နိုင်ငံ၌ ဖေဖော်ဝါရီ ၂၄ ရက်တွင် ရောဂါကူးစက်ခံရသူအသစ် သုံးသောင်းကျော်ရှိရာ ယင်းပမာဏသည် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလအတွင်းက ရောဂါကူးစက်ဖြစ်ပွားမှု အမြင့်ဆုံးပမာဏနှင့် တူညီသည်။

ဗြိတိန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် မျိုးကွဲကူးစက်ခံရသူအရေအတွက်မှာ ပြင်သစ်နိုင်ငံတွင် ကူးစက်မှုအသစ်ဖြစ်ပွားသည့် လူဦးရေ၏ တစ်ဝက်ကျော်ရှိကြောင်း အစိုးရက ပြောကြားသည်။

ယင်းပမာဏ၏ ခြောက်ရာခိုင်နှုန်းကျော်မှာ တောင်အာဖရိကနှင့် ဘရာဇီးနိုင်ငံတို့၌ တွေ့ရှိခဲ့ရသည့် ကိုရိုနာဗိုင်းရပ်စ်မျိုးကွဲသစ် ကူးစက်ခံထားရသည်ဟု ဆိုသည်။

ပြင်သစ်နိုင်ငံတစ်ဝန်းလုံးတွင် ညပိုင်းအချိန်အပြင်မထွက်ရအမိန့်ကို ထုတ်ပြန်ထားပြီး ဒေသအမိန့်တွင် စနေနှင့် တနင်္ဂနွေနေ့များ၌ နေ့ပိုင်း၌ပိတ်ဆို့မှုများ ချမှတ်ထားသည်။

ပြင်သစ်နိုင်ငံတောင်ပိုင်းရှိ နိစ်မြို့နှင့် မြောက်ပိုင်းရှိ ဒွန်ကရစ်မြို့များတွင် ယင်းသို့ကန့်သတ်မှုများကို ယနေ့တွင် စတင်ခဲ့ခြင်းဖြစ်သည်။

ကိုရိုနာဗိုင်းရပ်စ်ရောဂါကူးစက်မှုနှုန်း အလျင်အမြန်ဖြစ်ပေါ်နေမှုကြောင့် မြို့တော်ပါရီနှင့် အခြားဒေသများ၌လည်း အလားတူလုပ်ဆောင်မှုများ ပြုလုပ်သွားဖွယ်ရှိကြောင်း ပြင်သစ်အစိုးရက ပြောကြားသည်။

အခြားဥရောပသမဂ္ဂအဖွဲ့ဝင်ဖြစ်သည့် ဖင်လန်နိုင်ငံတွင်လည်း အရက်ဘားများ၊ စားသောက်ဆိုင်များနှင့် ဘီယာဆိုင်များကို မတ် ၈ ရက်မှစ၍ ရက်သတ္တသုံးပတ်ကြာပိတ်ထားရန် အမိန့်ထုတ်ပြန်ထားသည်။

ကိုးကား – အင်န်အိတ်ချ်ကေ
ဘာသာပြန် – ဇော်ဝင်း

■

## ဘရာဇီးနိုင်ငံ၏ အလုပ်လက်မဲ့ဦးရေ ၂၀၂၀ ပြည့်နှစ်အတွင်း စံချိန်တင်မြင့်တက်

**ရီယိုဒီဂျနေးရိုး ဖေဖော်ဝါရီ ၂၇**

ဘရာဇီးနိုင်ငံ၏ အလုပ်လက်မဲ့နှုန်းသည် ၂၀၂၀ ပြည့်နှစ်တွင် ၁၃ ဒသမ ၅ ရာခိုင်နှုန်း (အလုပ်လက်မဲ့လူဦးရေ ၁၃ ဒသမ ၄ သန်း) အထိ စံချိန်တင်မြင့်တက်ခဲ့ကြောင်း ပထဝီဝင်နှင့် စာရင်းအင်းဆိုင်ရာအင်စတီကျု၏ စစ်တမ်းတစ်ရပ်အရ သိရသည်။

အဆိုပါအလုပ်လက်မဲ့ဦးရေ မြင့်တက်မှုသည် ၂၀၁၂ ခုနှစ်မှစပြီး ရှစ်နှစ်တာကာလအတွင်း အမြင့်ဆုံးဖြစ်ကြောင်း တွေ့ရှိရသည်။

၂၀၂၀ ပြည့်နှစ် အလုပ်လက်မဲ့နှုန်းသည် ၂၀၁၉ ခုနှစ်ကထက် ၆ ဒသမ ၉ ရာခိုင်နှုန်း ( အလုပ်လက်မဲ့ဦးရေ ၈၄၀၀၀၀) ပိုမိုသာလွန်ကြောင်း တွေ့ရသည်။ ၂၀၁၉ ခုနှစ်တွင် အလုပ်လက်မဲ့နှုန်းသည် ၁၁ ဒသမ ၉ ရာခိုင်နှုန်း ရှိခဲ့သည်။

နိုင်ငံ၏ အလုပ်အကိုင်ရရှိသူ ဦးရေသည် ၂၀၂၀ ပြည့်နှစ်တွင် ၈၆ ဒသမ ၁ သန်းရှိပြီး အဆိုပါအရေအတွက်သည် ၂၀၁၂ ခုနှစ်မှစပြီး အလုပ်အကိုင်ရရှိသူအရေအတွက် အနည်းဆုံးဖြစ်သည်။ ထို့ပြင် ၂၀၁၉ ခုနှစ်ကထက် ၇ ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းလျက်ရှိသည်ကိုလည်း တွေ့ရှိရသည်။

၂၀၂၀ ပြည့်နှစ်တွင် ဘရာဇီးနိုင်ငံ၏ အလုပ်လက်မဲ့ဦးရေ မြင့်တက်လာခြင်းသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကြောင့် စီးပွားရေးလုပ်ငန်းများပိတ်ပင်ခြင်း စသည့် ဗိုင်းရပ်စ်ကာကွယ်တားဆီးရေးစည်းမျဉ်းများ ချမှတ်ခဲ့ခြင်းကြောင့်ဖြစ်သည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – အောင်ကျော်ကျော်





## နိုင်ဂျီးရီးယားနိုင်ငံ၌ ကျောင်းသူ ၃၀၀ ကျော်အား လက်နက်ကိုင်အဖွဲ့က ဖမ်းဆီးခေါ်ဆောင်မှုဖြစ်ပွား

**အဘူဂျာ ဖေဖော်ဝါရီ ၂၇**

နိုင်ဂျီးရီးယားနိုင်ငံ ဇမ်ဖာရာပြည်နယ်တွင် လက်နက်ကိုင်အဖွဲ့က အစိုးရစာသင်ကျောင်း တစ်ကျောင်းမှ ကျောင်းသူ ၃၀၀ ကျော်အား ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါ ဖမ်းဆီးခေါ်ဆောင်မှုနှင့်ပတ်သက်ပြီး မည်သည့်အဖွဲ့အစည်းကမျှ တာဝန်ရှိကြောင်း ပြောကြားခဲ့ခြင်းမရှိသေးပေ။



ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (ယူနီဆက်)က နိုင်ဂျီးရီးယားနိုင်ငံအတွင်း ကျောင်းသူများအား ဖမ်းဆီးခေါ်ဆောင်ခဲ့ခြင်းအပေါ် ပြစ်တင်ရှုတ်ချခဲ့ပြီး အမြန်ဆုံး ပြန်လွှတ်ပေးရန် တောင်းဆိုထားကြောင်း ယူနီဆက်၏ ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ရဲအရာရှိများနှင့် တပ်မတော်သားများက အဆိုပါစာသင်ကျောင်းအနီးရှိ သစ်တောအုပ်တစ်ခုအတွင်း ဖမ်းဆီးခေါ်ဆောင်ခြင်းခံရသော ကျောင်းသူများကို ရှာဖွေမှုများပြုလုပ်လျက်ရှိသည်။

နိုင်ဂျီးရီးယားနိုင်ငံ၌ လက်နက်ကိုင်အဖွဲ့များသည် ကလေးငယ်များအား ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်ပြီး ငွေကြေးများ တောင်းခဲ့သည့်လုပ်ရပ်များကို မကြာခဏ ကျူးလွန်လျက်ရှိသည်။

၂၀၁၄ ခုနှစ်တွင် အစ္စလာမ္မစ်စစ်သွေးကြွဘိုကိုဟာရမ်တို့က နိုင်ငံ၏ အရှေ့မြောက်ပိုင်းရှိ စာသင်ကျောင်းတစ်ကျောင်းမှ ကျောင်းသူ ၂၀၀ ကျော်အား ပြန်ပေးဆွဲခဲ့ကြောင်း သိရသည်။

အလားတူ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလတွင် ယောကျာ်းလေး ၃၀၀ ကျော်အား ဘိုကိုဟာရမ်အဖွဲ့က ဖမ်းဆီးခေါ်ဆောင်ခဲ့သည်။

ကိုးကား – အင်န်အိတ်ချ်ကေ
ဘာသာပြန် – အောင်ကျော်ကျော်

## အိန္ဒိယနိုင်ငံ၌ နိုင်ငံတကာလေကြောင်းပျံသန်းမှုများ မတ်လကုန်အထိ ရပ်ဆိုင်းထားမည်

**နယူးဒေလီ ဖေဖော်ဝါရီ ၂၇**

အိန္ဒိယနိုင်ငံသည် ပြည်တွင်းနှင့် နိုင်ငံတကာ ကုန်သွယ်လေကြောင်း ပျံသန်းမှုများကို လာမည့် မတ် ၃၁ ရက်ထိ ရပ်ဆိုင်းထားမည်ဟု အိန္ဒိယနိုင်ငံအစိုးရ တာဝန်ရှိသူများက ယနေ့တွင် ပြောကြားသည်။

အိန္ဒိယနိုင်ငံ၏ မြို့ပြလေကြောင်းဆိုင်ရာ စောင့်ကြည့်ရေးအဖွဲ့အစည်းဖြစ်သည့် မြို့ပြလေကြောင်းညွှန်ကြားမှုဦးစီးဌာန (ဒီဂျီစီအေ) က ယမန်နေ့တွင် ထုတ်ပြန်သည့် ညွှန်ကြားချက်၌ ယင်းသို့ဖော်ပြထားခြင်းဖြစ်သည်။

ယင်းကန့်သတ်ချက်အရ အိန္ဒိယနိုင်ငံ မြို့ပြလေကြောင်းညွှန်ကြားမှုဦးစီးဌာနက အထူးခွင့်ပြုထားသော အပြည်ပြည်ဆိုင်ရာ ကုန်တင်လေယာဉ်သယ်ယူပို့ဆောင်မှုနှင့် ခရီးသည်တင်လေယာဉ်များကိုမူ ပျံသန်းခွင့်ပြုမည်ဖြစ်သည်။

၂၀၂၀ ပြည့်နှစ် မတ်လတွင် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် အိန္ဒိယတစ်နိုင်ငံလုံး သွားလာမှုအပြည့်အဝ ပိတ်ထားမှုပြုလုပ်စဉ်ကတည်းကပင် နိုင်ငံတကာလေကြောင်းပျံသန်းမှုများကို ရပ်ဆိုင်းထားခဲ့ခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံ၏ ပြည်တွင်းလေကြောင်းပျံသန်းမှုများကိုမူ နှစ်လနီးပါးကြာ ခေတ္တဆိုင်းငံ့ထားခဲ့ပြီး ၂၀၂၀ ပြည့်နှစ် မေလ ၂၅ ရက်တွင် ပြန်လည်ပျံသန်းခွင့်ပြုခဲ့သည်။

၂၀၂၀ ပြည့်နှစ် မေလအတွင်း၌ အပြည်ပြည်ဆိုင်ရာ အထူးလေကြောင်းခရီးစဉ်များကို အိန္ဒိယအာဏာပိုင်များက ပျံသန်းခွင့်ပြုခဲ့ပြီး ယင်းနှစ် ဇူလိုင်လအတွင်းတွင် ရွေးချယ်ထားသောနိုင်ငံများနှင့် နှစ်နိုင်ငံသဘောတူစာချုပ်များအတိုင်း လေကြောင်းပျံသန်းမှုများ ပြုလုပ်ခဲ့သည်။

၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလအတွင်း၌ ကူးစက်မှုနှုန်းမြင့်မားသည့် ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်ပိုးသစ်ရှာဖွေတွေ့ရှိပြီးနောက် အိန္ဒိယအာဏာပိုင်များက အိန္ဒိယနှင့် ဗြိတိန်နိုင်ငံအကြား လေကြောင်းပျံသန်းမှုကို ပိတ်ပင်ထားခဲ့ကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – ဇော်ဝင်း

# ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ သာတူညီမျှစွာရရှိရေး ပူးပေါင်းဆောင်ရွက်ရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ တိုက်တွန်း

**ဂျီနီဗာ ဖေဖော်ဝါရီ ၂၇**

ဝင်ငွေနည်းပါးသောနိုင်ငံများ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး သာတူညီမျှစွာ ရရှိနိုင်ရေးအတွက် ကူညီထောက်ပံ့မှုများ ပိုမိုပေးရန် ချမ်းသာသောနိုင်ငံများနှင့် ဆေးဝါးကုမ္ပဏီများအား ယမန်နေ့တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က တိုက်တွန်းပြောကြားခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ တီဒရော့စ် အက်ဒနွမ် ဂါဘရီယီဆက်စ်က ဝင်ငွေနည်းပါးသော နိုင်ငံများတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အမြန်ဆုံး ထိုးနှံနိုင်ရေးအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ပိုမိုတိုးမြှင့်ထုတ်လုပ်ရန်၊ အသိဉာဏ်မူပိုင်ခွင့်များ လျှော့ပေါ့ပေးရန်နှင့် နည်းပညာအထောက်အပံ့များ မျှဝေပေးရန် ချမ်းသာသော နိုင်ငံများအား တိုက်တွန်းပြောကြားခဲ့သည်။

ကမ္ဘာ့နိုင်ငံတိုင်း ကာကွယ်ဆေး ညီမျှစွာ မရရှိပါက ကိုဗစ်-၁၉ ကပ်ရောဂါကို ကမ္ဘာမြေပေါ်မှ တိုက်ထုတ်နိုင်မည်မဟုတ်ကြောင်း ဂါဘရီယီဆက်စ်က ပြောကြားခဲ့သည်။

ကာကွယ်ဆေးမျှဝေသုံးစွဲခြင်းသည် ကမ္ဘာ့ပြည်သူများ၏ နေ့စဉ်ဘဝကို မူလအခြေအနေသို့ ပြန်လည်ရောက်ရှိရန် ကြိုးပမ်းရာတွင် အကောင်းဆုံးနည်းလမ်းတစ်ခုဖြစ်ကြောင်းနှင့် ကမ္ဘာ့နိုင်ငံအားလုံး ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ထို့ပြင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကုလသမဂ္ဂအဖွဲ့၏ အေဂျင်စီများက ကာကွယ်ဆေးညီညွတ်မျှတစွာရရှိရန် မကြာခဏတိုက်တွန်းပြောကြားလျက်ရှိသော်လည်း ကမ္ဘာ့နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှု အားနည်းလျက်ရှိသည်ကို တွေ့ရှိရကြောင်းနှင့် ကာကွယ်ဆေးများကို အချို့နိုင်ငံများက လက်ဝါးကြီးအုပ်ဝယ်ယူမှုများကိုလည်း တွေ့မြင်နေရကြောင်း ၎င်းကဆိုသည်။

အလားတူ ကုလသမဂ္ဂ လုံခြုံရေးကောင်စီကလည်း စစ်မက်ဖြစ်ပွားလျက်ရှိသည့်ဒေသများတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ပိုမိုထိရောက်စွာ အသုံးပြုနိုင်ရေးအတွက် တောင်းဆိုသည့် ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်ခဲ့ကြောင်း သိရသည်။

ထို့ကြောင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ကာကွယ်ဆေး သာတူညီမျှစွာရရှိရေးအတွက် ထောက်ခံအတည်ပြုမှုအပေါ် ကြိုဆိုပါကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ တီဒရော့စ် အက်ဒနွမ် ဂါဘရီယီဆက်စ်က ပြောကြားခဲ့သည်။




**ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်- အောင်ကျော်ကျော်**

## ရုရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၁၅၃၄ ဦးရှိခဲ့

**မော်စကို ဖေဖော်ဝါရီ ၂၇**

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၁၅၃၄ ဦး ရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၄၂၃၄၇၂၀ အထိ ရှိလာခဲ့ကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါတုံ့ပြန်ရေးစင်တာက ယနေ့ ပြောကြားခဲ့သည်။

ထို့ပြင် ရုရှားနိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုကြောင့် သေဆုံးသူပေါင်း ၈၅၇၄၃ ဦးနှင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည် ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူပေါင်း ၃၇၉၉၄၀၆ ဦးအထိ ရှိလာခဲ့ကြောင်းလည်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ရေးစင်တာက သတင်းထုတ်ပြန်ခဲ့သည်။

မော်စကိုမြို့သည် ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကူးစက်သေဆုံးမှုတွင် အများဆုံးဒေသဖြစ်ပြီး လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၈၂၅ ဦးရှိခဲ့ခြင်းကြောင့် မြို့တော်တစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၉၇၆၇၃၉ ဦးအထိ ရှိလာခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှု အများအပြားရှိနေခြင်းနှင့်အတူ နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စမ်းသပ်ခဲ့သူ စုစုပေါင်း ၁၁၀ ဒသမ ၆ သန်းကျော်အထိ ရှိသွားပြီဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-အလင်းသစ်**

■






## တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးစတုတ္ထအသုတ် ချီလီနိုင်ငံ လက်ခံရရှိ

**ဆန်တီယာဂို ဖေဖော်ဝါရီ ၂၇**

ချီလီနိုင်ငံသည် တရုတ်နိုင်ငံ ဆေးဝါးကုမ္ပဏီတစ်ခုဖြစ်သည့် Sinovac ထံမှ CoronaVac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး စတုတ္ထအသုတ်ကို ယမန်နေ့တွင် လက်ခံရရှိခဲ့ကြောင်း ချီလီနိုင်ငံ အစိုးရတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ချီလီနိုင်ငံသည် တရုတ်နိုင်ငံထုတ် CoronaVac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အသုတ်သုံးသုတ်ကို ဇန်နဝါရီ ၂၈ ရက်၊ ဇန်နဝါရီ ၃၁ နှင့် ဖေဖော်ဝါရီ ၂၅ ရက်တို့တွင် လက်ခံရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ချီလီနိုင်ငံ ပြည်သူ့ကျန်းမာရေးအဖွဲ့က တရုတ်နိုင်ငံထုတ် CoronaVac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို နိုင်ငံအတွင်း၌ အရေးပေါ်အသုံးပြုရန် ဇန်နဝါရီ ၂၀ ရက်တွင် အတည်ပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ချီလီနိုင်ငံသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုအစီအစဉ်ကို ဖေဖော်ဝါရီ ၃ ရက်တွင် စတင်ခဲ့ခြင်းဖြစ်ပြီး ယခုနှစ်၏ ပထမသုံးလတာကာလအတွင်း ပြည်သူ ငါးသန်းအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးနိုင်ရန် မျှော်လင့်လျက်ရှိပြီး ယခုနှစ်နှစ်လယ်ပိုင်းတွင် စုစုပေါင်း ပြည်သူ ၁၅ သန်းအထိ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးနိုင်ရန် စီစဉ်လျက်ရှိကြောင်းလည်း သိရသည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-အလင်းသစ်**

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၁ ဒသမ ၀၇ သန်းအထိရှိလာ



**နယူးဒေလီ ဖေဖော်ဝါရီ ၂၇**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၆၄၈၈ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၁၀၇၉၉၇၉ ဦးအထိရှိလာခဲ့ကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏နောက်ဆုံးထုတ်ပြန်သည့်သတင်းအချက်အလက်များအရ သိရသည်။

အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ အချက်အလက်များအရ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၁၃ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၁၅၆၉၃၈ ဦးအထိ ရှိလာခဲ့ကြောင်းလည်း သိရသည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရပြီးနောက် ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူပေါင်း ၁၀၇၆၃၄၅၁ ဦးအထိ ရှိလာခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ပိုးတွေ့ဆဲလူနာ ၁၅၉၅၉၀ သာ ကျန်ရှိတော့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဇန်နဝါရီ ၁၆ ရက်တွင် စတင်ခဲ့ပြီး လက်ရှိတွင် အဓိကထား ထိုးနှံပေးသည့် ကျန်းမာရေးဝန်ထမ်းများအပါအဝင် လူဦးရေ ၁၄ သန်းကျော်မှာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုခံယူထားပြီးဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်သေဆုံးမှုအများဆုံးမှာ မြို့တော်နယူးဒေလီဖြစ်ပြီး နယူးဒေလီ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၁၀၉၀၆ ဦးအထိ ရှိသွားပြီဖြစ်ကြောင်းလည်း နယူးဒေလီမြို့ ကျန်းမာရေးဌာနက ပြောကြားခဲ့သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# ကိုဗစ်-၁၉ ရောဂါသက်သာချောင်ချိရေးရန်ပုံငွေဆိုင်ရာ ဥပဒေကြမ်းအား အမေရိကန်အောက်လွှတ်တော် အတည်ပြု

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၇**

အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ ထရီလီယံတန်ဖိုးရှိ ကိုဗစ်-၁၉ ရောဂါ သက်သာချောင်ချိရေးရန်ပုံငွေဆိုင်ရာ ဥပဒေကြမ်းတစ်ရပ်ကို အမေရိကန်အောက်လွှတ်တော်က ယနေ့အတည်ပြုခဲ့ကြောင်း သိရသည်။

အဆိုပါ သက်သာချောင်ချိရေးရန်ပုံငွေဆိုင်ရာ ဥပဒေကြမ်းတွင် နိုင်ငံသားတစ်ဦးချင်းအား အမေရိကန်ဒေါ်လာ ၁၄၀၀ ပေးအပ်သွားရန်နှင့် ဩဂုတ်လအထိ အရေးပေါ်အလုပ်လက်မဲ့ခံစားခွင့်ကို တိုးမြှင့်ပေးရန် ပါရှိသည်။

ထို့ပြင် ဒီမိုကရက်လွှတ်တော်အမတ်များ တောင်းဆိုခဲ့သည့်အတိုင်း အနိမ့်ဆုံးလုပ်အားခကို နှစ်ဆတိုးမြှင့်ပေးမည်ဖြစ်သည်။

သမ္မတ ဂျိုးဘိုင်ဒင်ဦးဆောင်သော အစိုးရအဖွဲ့သည် အဆိုပါ ဥပဒေကြမ်းကို ဥပဒေပြု အထက်လွှတ်တော်က မတ် ၁၄ ရက်မတိုင်မီ အတည်ပြုပေးရန် မျှော်လင့်ထားသည်။ မတ် ၁၄ ရက်တွင် အလုပ်လက်မဲ့အကျိုးခံစားခွင့်အပေါ် သက်တမ်းတိုးမြှင့်ထားရှိမှုသည် သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။

အနိမ့်ဆုံး လုပ်အားခနှစ်ဆတိုးမြှင့်ပေးခြင်းသည် အသေးစားနှင့်အလတ်စားလုပ်ငန်းများအတွက် ကြီးမားသော ဝန်ထုပ်ဝန်ပိုးတစ်ခုဖြစ်စေမည်ဖြစ်သည့်အတွက် ရီပတ်ပလစ်ကန် လွှတ်တော်အမတ်အချို့နှင့် ဒီမိုကရက်လွှတ်တော်အမတ်အချို့တို့က ယင်းသို့ တိုးမြှင့်ပေးခြင်းအပေါ် ကန့်ကွက်လျက်ရှိသည်။

ဥပဒေပြုအထက်လွှတ်တော်တွင် အဆိုပါ ဥပဒေကြမ်းအား အတည်ပြုရန် ခက်ခဲမှုများစွာ ရှိနိုင်ဖွယ်ရှိကြောင်း အမေရိကန်မီဒီယာအချို့က ဆိုသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**



# တရုတ်နိုင်ငံထုတ် CoronaVac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအသုတ် မလေးရှားလက်ခံရရှိ

**ကွာလာလမ်ပူ ဖေဖော်ဝါရီ ၂၇**

တရုတ်နိုင်ငံ၏ Sinovac Biotech ဆေးဝါးကုမ္ပဏီထုတ် CoronaVac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအသုတ်သည် မလေးရှားနိုင်ငံသို့ ယနေ့ရောက်ရှိလာခဲ့ရာ နိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးစွမ်းရည်ကို တိုးမြှင့်စေတော့မည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။




**ဝမ်းမြောက်စွာကြိုဆို**

အဆိုပါ ကာကွယ်ဆေး ရောက်ရှိလာမှုကို မလေးရှားကာကွယ်ရေးဝန်ကြီး အစ္စမေးလ်ဆာဘရီယာကော့ဘ်၊ ပို့ဆောင်ရေးဝန်ကြီး ဝီးကာဆီယောင်၊ နိုင်ငံခြားရေးဝန်ကြီး ဟီရှမ်မုဒင်ဟူစိန်၊ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်ရေးဝန်ကြီး ခေရီဂျမားလုဒင်နှင့် မလေးရှားနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ကူယန်ယူဂျင်တို့က ကွာလာလမ်ပူ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဝမ်းမြောက်စွာကြိုဆိုခဲ့ကြသည်။

CoronaVac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ရောက်ရှိခဲ့ပြီးနောက် ကာကွယ်ဆေး လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားတစ်ရပ် ကျင်းပပြုလုပ်ခဲ့ရာ မလေးရှားနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ကူယန်ယူဂျင်က အဆိုပါ ကာကွယ်ဆေးများအား မလေးရှား ကာကွယ်ရေးဝန်ကြီးအစ္စမေးလ်ဆာဘရီယာကော့ဘ်ထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

တစ်ချိန်တည်းမှာပင် မလေးရှားနိုင်ငံခြားရေးဝန်ကြီးဟီရှမ်မုဒင်ဟူစိန်က မလေးရှားနိုင်ငံအနေဖြင့် ယခုကဲ့သို့ တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများအား လက်ခံရရှိခြင်းသည် နှစ်နိုင်ငံအကြား ခိုင်မြဲသောဆက်ဆံရေး၏ အမှတ်လက္ခဏာတစ်ရပ်ပင်ဖြစ်သည်ဟု ၎င်း၏ လူမှုမီဒီယာစာမျက်နှာပေါ်တွင် ရေးသားဖော်ပြထားသည်။

ထို့အပြင် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်ရေးဝန်ကြီး ခေရီဂျမားလုဒင်က မလေးရှားနှင့် တရုတ်နိုင်ငံတို့၏ အနီးကပ်ဆက်ဆံရေးသည် တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ရရှိရေးအတွက် အလွန်ပင်အရေးကြီးသည်ဟု သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ထည့်သွင်းပြောကြားခဲ့သည်။ ယခုအခါ တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို တူရကီ၊ အင်ဒိုနီးရှားနှင့် ဘရာဇီးအပါအဝင် နိုင်ငံအများအပြားတွင် အရေးပေါ်သုံးစွဲရန် အတည်ပြုခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**လက်ခံရရှိခဲ့**

မလေးရှားနိုင်ငံသည် အမေရိကန်ဆေးဝါးကုမ္ပဏီ Pfizer နှင့် ဂျာမနီဆေးဝါးကုမ္ပဏီ BioNTech တို့ ပူးပေါင်းထုတ်လုပ်သည့် Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို လက်ခံရရှိခဲ့ပြီးနောက် ယခုသီတင်းပတ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု စတင်ဆောင်ရွက်ခဲ့သည်။ မလေးရှားအစိုးရသည် နိုင်ငံတော် လူဦးရေ ၃၁ သန်းကျော်၏ ၈၀ ရာခိုင်နှုန်းခန့်အား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးရန် စီစဉ်ထားသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ**

# ဖိလစ်ပိုင်နိုင်ငံ၌ ဗိုင်းရပ်စ်ကာကွယ်ရေးစည်းမျဉ်းများ ထပ်မံတိုးမြှင့်

**မနီလာ ဖေဖော်ဝါရီ ၂၇**

ဖိလစ်ပိုင်နိုင်ငံမြို့တော် မနီလာနှင့် အခြားသောဒေသကိုးခုတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေး စည်းမျဉ်းများ ချမှတ်ထားမှုကို မတ်လကုန်အထိ ထပ်မံ တိုးမြှင့်လိုက်ကြောင်း ဖိလစ်ပိုင်သမ္မတ ဒူတာတေးက ယနေ့ပြောကြားခဲ့သည်။

**ချမှတ်ခဲ့**

ဗိုင်းရပ်စ်ကူးစက်မှုကို ကာကွယ်ထိန်းချုပ်ရန် စီးပွားရေးလုပ်ငန်းများ ပိတ်ပင်တားမြစ်ခြင်းအပါအဝင် တင်းကျပ်သောစည်းမျဉ်းများကို မြို့တော်မနီလာ၌ လွန်ခဲ့သောနှစ် မတ် ၁၅ ရက်မှစပြီး ချမှတ်ခဲ့သည်။

မြို့တော်မနီလာသည် ဖိလစ်ပိုင်နိုင်ငံ၏ စီးပွားရေးအချက်အချာကျသော မြို့ဖြစ်သည့်အတွက် စီးပွားရေးလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဗိုင်းရပ်စ် ကာကွယ်တားဆီးရေး စည်းမျဉ်းများကို ဖြေလျှော့ပေးရန် မြို့နေပြည်သူများက တောင်းဆိုလျက်ရှိသည်။



ဖိလစ်ပိုင်နိုင်ငံ၏ အသားတင် ကုန်ထုတ်လုပ်မှု တန်ဖိုးသည် ၂၀၂၀ ပြည့်နှစ်အတွင်း အနုတ် ၉ ဒသမ ၅ ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့သည်။ အဆိုပါ ကုန်ထုတ်လုပ်မှုတန်ဖိုး ကျဆင်းမှုပမာဏသည် စာရင်းဇယားများ စတင်တွက်ချက်သည့် ၁၉၄၆ ခုနှစ်မှစပြီး အဆိုးရွားဆုံးဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံတွင် လက်ရှိအချိန်အထိ ဗိုင်းရပ်စ်ကူးစက်ခံရသူ အရေအတွက် ၅၇၄၂၄၇ ဦးရှိပြီး သေဆုံးသူအရေအတွက် ၁၂၂၈၉ ဦးရှိကြောင်း သိရသည်။

**၂၀၀၀ ဝန်းကျင်ရောက်ရှိ**

နေ့စဉ်ဗိုင်းရပ်စ်ကူးစက်ခံရသူ အရေအတွက်သည် ၂၀၀၀ ဝန်းကျင်တွင် ရောက်ရှိလျက်ရှိသည်။

ဗိုင်းရပ်စ် ကာကွယ်ရေး စည်းမျဉ်းများကို ထပ်မံတိုးမြှင့်လိုက်ခြင်းအပေါ် သမ္မတဒူတာတေးသည် နိုင်ငံစီးပွားရေးတိုးတက်မှုထက် ဗိုင်းရပ်စ်ကူးစက်မှုကို အမြစ်ပြတ်ချေမှုန်းရန် ဆန္ဒပြင်းပြလျက်ရှိသည်ဟု စောင့်ကြည့်လေ့လာသူများက ဆိုသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**

**ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံး အခြေအနေ**

ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ ၁၁၄၀၇၀၃၁၉ ဦး

သေဆုံးသူ ၂၅၃၁၁၀၂ ဦး

ပြန်လည်ကျန်းမာလာသူ ၈၉၆၁၇၉၀၅ ဦး







## သာစည်၊ ရပ်စောက်၊ နောင်ချိုနှင့် တာချီလိတ်မြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၄ ရက် ည ၉ နာရီ မိနစ် ၅၀ တွင် သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာအနီး ကျွဲတပ်ဆုံ စစ်ဆေးရေးဂိတ်တွင် စိုးကျော်အောင်မောင်းနှင်ပြီး ဝေယံစိုးလိုက်ပါလာသည့် ခရီးသည်တင်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၉ နာရီခွဲတွင် ရပ်စောက်မြို့နယ် ကွန်ဟိန်းကျေးရွာရှိ ဝင်းညွန့်၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၆၀ ကိုလည်းကောင်း။

အလားတူ ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၁၀ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့နယ် မူဆယ်-မန္တလေးသွားကားလမ်း မိုင်တိုင်အမှတ်(၈၀)အနီးတွင် စောဝင်းဟန်(ခ)ကိုငယ် မောင်းနှင်ပြီး မလွင်လွင်ဦး လိုက်ပါလာသည့်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ ငွေကျပ် ၁၉၆၅ သိန်းတန်ဖိုးရှိ ဘိန်းဖြူ ၅ ဒသမ ၅ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၁၄၀၀၀ တို့ကို လည်းကောင်း။

ထို့အတူ ယင်းနေ့ ညနေ ၄ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် ဟွေရဲကျေးရွာအနီးတွင် မသင်္ကာဖွယ်တွေ့ရှိသူ ယောက်ျားအား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။



စောဝင်းဟန်(ခ)ကိုငယ်နှင့် မလွင်လွင်ဦးတို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**ရဲပြန်ကြား**

## တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဖေဖော်ဝါရီ ၂၆ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၇၄၂ စီး၊ သွင်းကုန် ၁၂၂ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၃၂ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများပြုလုပ် ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၆ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု တစ်မှု(ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၇ ဒသမ ၂၈၅ သန်း)တန်ဖိုးရှိ တရားမဝင် သယ်ဆောင်ရန်စုပုံထားသော တရားဝင်မှတ်ပုံတင်ထားခြင်းမရှိသည့် အကောက်ခွန်မဲ့ဆေးဝါးမျိုးစုံ ၉၄ ဖာအား သိမ်းဆည်းရမိခဲ့ကြောင်း သတင်း ရရှိသည်။

**သတင်းစဉ်**

## ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ စက္ကူဂိုဒေါင် မီးလောင်မှုဖြစ်ပွား

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ စက္ကူဂိုဒေါင်၌ ယနေ့နံနက်ပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၂ နာရီခန့်က ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၁၄၄) ရပ်ကွက် ရွာသာကြီးစက်မှုဇုန် စက်မှု(၁)လမ်း အမှတ်(၃၉၃/၄၀၂) ပိုင်ရှင်ဦးခင်စိုး၊ တာဝန်ခံ ဦးဘုန်းမြင့်ဦး၏ စက္ကူဂိုဒေါင်ရှိ ဝရိန်ပုံးအသုံးပြုရန်အတွက် ယာယီသွယ်တန်းထားသောလျှပ်စစ်ဝိုင်ယာကြိုး အပူလွန်ကဲရာမှ စက္ကူဖြတ်စများသို့ မီးကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မီးလောင်ရာနေရာသို့ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမင်းစမ်းအေး ဦးဆောင်၍ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် နှစ်စီး အပါအဝင် မြို့နယ်အသီးသီးရှိ မီးသတ်စခန်းများမှ မီးငြိမ်းသတ်ယာဉ် ၁၄ စီး၊ မီးသတ်ရေသယ်ယာဉ် ခုနစ်စီး၊ ကွပ်ကဲမှုယာဉ် နှစ်စီးနှင့် နာရေးကူညီမှုအသင်း(ရန်ကုန်)မှ လူနာတင်ယာဉ် တစ်စီးတို့ဖြင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၁၂၅ ဦးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၄၀ တို့က သွားရောက် မီးငြိမ်းသတ်ခဲ့ကြရာ နံနက် ၄ နာရီတွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်စဉ်နှင့်စပ်လျဉ်း၍ ဦးဘုန်းမြင့်ဦးအား ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားရှိကြောင်း သိရသည်။

**ပွင့်သစ္စာ**



# ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၊ အခြားဘာသာရေးကျောင်းများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုကြည်ညိုလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပေါ်မှုအခြေအနေများကြောင့် ဗုဒ္ဓဘာသာဘုရားစေတီများ အပါအဝင် သက်ဆိုင်ရာဘာသာများအလိုက် ဘာသာရေးကျောင်းများအား ဖူးမြော်ခွင့်၊ ဝတ်ပြုခွင့်များ ယာယီရပ်ဆိုင်းထားရှိရာမှ ကိုဗစ်-၁၉ စည်းမျဉ်း စည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ ဖူးမြော်၊ ဝတ်ပြု၊ ကြည်ညိုတရားဘာဝနာပွားများနိုင်ရေးအတွက် ဖေဖော်ဝါရီ ၈ ရက်မှစတင်၍ ပြန်လည်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ပြန်လည်ဖွင့်လှစ်ထားရှိရာ ယနေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၊ နေပြည်တော် ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတို့ အပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ ဘုရားဖူးလာ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် မိဘပြည်သူများသည် ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖူးမြော်ကြည်ညိုကုသိုလ်ယူလျက်ရှိကြသည်။

ထို့ပြင် နိုင်ငံတစ်ဝန်းရှိ အစ္စလာမ်ဘာသာရေးကျောင်းများ၊ ခရစ်ယာန်ဘာသာရေးကျောင်းများနှင့် ဟိန္ဒူဘာသာရေးကျောင်းများကိုလည်း သက်ဆိုင်ရာဘာသာများအလိုက် အများပြည်သူဝတ်ပြုကြည်ညိုနိုင်ရေးအတွက် ကိုဗစ်-၁၉ စည်းမျဉ်း စည်းကမ်းများနှင့်အညီ ဖွင့်လှစ်ထားရှိရာ သက်ဆိုင်ရာဘာသာဝင်များက စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





# ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအား တပ်မတော်ဆေးအဖွဲ့က ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ ကျန်းမာရေးစစ်ဆေးပေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများအား ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ လိုအပ်သည့်စစ်ဆေးမှုများ ပြုလုပ်ရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသဖြင့် မော်လမြိုင်မြို့ရှိ တက္ကသိုလ်(၁၀)မြို့နယ်အဆောင်၌ အသွားအလာကန့်သတ်ထားရှိခဲ့သည်။

ထိုသို့ အသွားအလာကန့်သတ်ထားရှိသည့် ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူ ၁၃၂ ဦးကို ယနေ့နံနက်ပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေခံတပ်မတော်ဆေးရုံမှ ဆရာဝန်များ၊ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများက မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ပူးပေါင်းကာ ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ နှာခေါင်းတို့ဖတ်၊ အာခေါင်တို့ဖတ်ရယူခြင်း၊ RDT နည်းဖြင့် စစ်ဆေးခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၉၁၃၇၈၈၇ | ၁၉၅၃၄၃၁၉ | ၅၂၃၀၉၂ |
| ၂။ | အိန္ဒိယ | ၁၁၀၇၉၉၇၉ | ၁၀၇၆၃၄၅၁ | ၁၅၆၉၇၀ |
| ၃။ | ဘရာဇီး | ၁၀၄၅၇၇၉၄ | ၉၃၅၅၉၇၄ | ၂၅၂၉၈၈ |
| ၄။ | ရုရှား | ၄၂၃၄၇၂၀ | ၃၇၉၉၄၀၆ | ၈၅၇၄၃ |
| ၅။ | ဗြိတိန် | ၄၁၆၃၀၈၅ | ၂၇၇၉၁၆၉ | ၁၂၂၄၁၅ |
| ၆။ | ပြင်သစ် | ၃၇၁၂၀၂၀ | ၂၅၄၈၆၈ | ၈၆၁၄၇ |
| ၇။ | စပိန် | ၃၁၈၈၅၅၃ | ၂၆၄၇၄၄၆ | ၆၉၁၄၂ |
| ၈။ | အီတလီ | ၂၈၈၈၉၂၃ | ၂၃၈၇၀၃၂ | ၉၇၂၂၇ |
| ၉။ | တူရကီ | ၂၆၈၃၉၇၁ | ၂၅၅၆၇၈၅ | ၂၈၄၃၂ |
| ၁၀။ | ဂျာမနီ | ၂၄၃၆၅၀၆ | ၂၂၄၃၂၀၀ | ၇၀၄၂၁ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၃၂၉၀၇၄ | ၁၁၃၆၀၅၄ | ၃၅၉၈၁ |
| ၂။ | ဖိလစ်ပိုင် | ၅၇၄၂၄၇ | ၅၂၄၈၆၅ | ၁၂၂၈၉ |
| ၃။ | မလေးရှား | ၂၉၈၃၁၅ | ၂၇၀၁၆၆ | ၁၁၂၁ |
| ၄။ | မြန်မာ | ၁၄၁၈၉၀ | ၁၃၁၄၅၄ | ၃၁၉၉ |
| ၅။ | စင်ကာပူ | ၅၉၉၂၅ | ၅၉၈၀၃ | ၂၉ |
| ၆။ | ထိုင်း | ၂၅၈၈၁ | ၂၅၀၂၂ | ၈၃ |
| ၇။ | ဗီယက်နမ် | ၂၄၂၆ | ၁၈၃၉ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၇၆၇ | ၄၇၇ | ၀ |
| ၉။ | ဘရူနိုင်း | ၁၈၅ | ၁၇၈ | ၃ |
| ၁၀။ | လာအို | ၄၅ | ၄၂ | ၀ |

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူ လူနာများအား တပ်မတော်ဆေးရုံများ၌ ဆက်လက်လက်ခံကုသ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးဆိုင်ရာ အခက်အခဲများကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုစေရန်အတွက် မြို့နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၃၆၁၃၃ ဦး၊ အတွင်းလူနာ ၃၅၅၀ ကို တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန်လိုအပ်သည့်လူနာများအား ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်ပေးသည့်အပြင် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက် ကိုပါ စီမံဆောင်ရွက်ပေးသည်။

ထိုသို့ လာရောက်ကုသမှုခံယူလျက်ရှိသည့် လူနာများအနက် အကြီးစား ခွဲစိတ်ကုသရန်လိုအပ်သူ ၁၅၉၂ ဦး၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၈၇၀ စုစုပေါင်း ၂၄၆၂ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ် ကုသပေးလျက်ရှိသည်။ ထို့အပြင် ကလေးမီးဖွားရန် အခက်အခဲဖြစ်နေသည့် မွေးလူနာများကို တပ်မတော်ဆေးရုံအသီးသီးတွင် တက်ရောက်စေလျက်ရှိပြီး ၎င်းတို့အနက် ၉၁၉ ဦးကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၁၃၃၁ ဦးကို သာမန်မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၂၂၄၀ ကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံနှင့် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ တပ်မတော်ဆေးရုံတို့တွင် သွေးလိုအပ်ချက်များ အထောက်အကူဖြစ်စေရန်အတွက် ယနေ့တွင် ဆရာတော်၊ သံဃာတော်များ၊ ဒေသခံပြည်သူများနှင့် နယ်မြေခံတပ်မတော်သားများက စုပေါင်းသွေးလှူဒါန်းပေးခဲ့ကြသည်။

ယင်းသို့ ဒေသခံပြည်သူများအား ဆေးကုသပေးနေမှုအခြေအနေများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက်ကုသမှုခံယူနေသော လူနာများအတွက် စားသောက်ဖွယ်ရာများနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကြေးမုံ အယ်ဒီတာ့ထံ ပေးစာ

# အလုပ်လုပ်နေတဲ့ ဝန်ထမ်းတွေကို ထောက်ခံပါတယ်

**ဆရာခင်ဗျာ –**

ကျွန်တော်က ဘယ်ပါတီကိုမှ ထောက်ခံတဲ့သူမဟုတ်ပါဘူး။ ဒါပေမယ့် ဒီမိုကရေစီကို တန်ဖိုးထားတဲ့သူ တစ်ယောက်ဖြစ်ပါတယ်။ ဒီမိုကရေစီကို မြတ်နိုးတဲ့ လူတစ်ယောက်ဖြစ်ပါတယ်။ ဒီမိုကရေစီလှုပ်ရှားမှုတွေကိုလည်း လေးစားတဲ့သူ တစ်ယောက်ဖြစ်ပါတယ်။ အားလည်းအားပေးပါတယ်။ အာဏာရှင်ဆန့်ကျင်ရေး လူထုလှုပ်ရှားမှုတွေ ရပ်ကွက်ထဲက လူတွေလုပ်တော့ ကျွန်တော်ပါဝင်ခဲ့ပါတယ်။ လမ်းပေါ်ထွက် ဆန္ဒပြတဲ့ထဲမှာ လိုက်ပါခဲ့ပါတယ်။

ဝန်ထမ်းတွေ CDM လုပ်တော့ CDM ဝန်ထမ်းတွေကို ဝန်းရံပေးခဲ့ပါတယ်။ ကျွန်တော်တို့ဟာ ဝန်ထမ်းတွေမဟုတ်ပါဘူး။ ကျွန်တော်တို့ ဆန္ဒပြတဲ့အခါမှာ CDM ဝန်ထမ်းဆိုတဲ့သူတွေက နည်းနည်းပဲ ပါပါတယ်။ ဝန်ထမ်းမဟုတ်တဲ့သူတွေက အများဆုံးပါပါတယ်။ တစ်နေ့တစ်နေ့ကို ဖေ့စ်ဘွတ်ပေါ်က CDM လုပ်ဖို့ နိုင်ငံရေးသမားတွေ လမ်းညွှန်တဲ့အတိုင်း လိုက်လုပ်ခဲ့ကြပါတယ်။ ဆန္ဒပြပွဲတွေမှာ ရက်ရှည်ထဲထဲဝင်ဝင်လိုက်ပါမိတော့ CDM လုပ်တဲ့ဝန်ထမ်းတွေက ဘယ်လိုဝန်ထမ်းတွေ၊ လိုက်ပါဝန်းရံသူတွေက ဘယ်လိုလူတွေဆိုတာကို သိလိုက်ရပါတယ်။

အကြမ်းဖျင်းအားဖြင့် စိတ်ခံစားချက်ပြင်းလို့ လုပ်ကြတဲ့သူတွေနဲ့ သူများလုပ်လို့ ရောယောင်လိုက်လုပ်ကြတဲ့သူတွေ နှစ်မျိုးကို တွေ့ရပါတယ်။ ဒီနှစ်မျိုးစလုံးဟာ ဖြစ်စဉ်ကို ဓမ္မဓိဋ္ဌာန်ကျကျရှုမြင်ခြင်းမရှိသလို ဒီမိုကရေစီနည်းလမ်းတကျလည်း လုပ်ကြကိုင်ကြတာမတွေ့ရပါဘူး။ အဓိပ္ပာယ်ရှိရှိ လုပ်ကြတာကိုလည်း မတွေ့ရပါဘူး။ "အာဏာရှင် အုပ်ချုပ်ရေး ပြုတ်ကျရေး" "ဒို့ခေါင်းဆောင်တွေ လွတ်မြောက်ရေး" "ရုံးမတက်နဲ့ ရုန်းထွက်" "လူဘယ်နှယောက်သေပြီးမှ အလုပ်ထွက်မှာလဲ" စတဲ့ တောင်စဉ်ရေမရတဲ့ စကားတွေနဲ့ ကြွေးကြော်စည်းရုံးခဲ့ကြပါတယ်။

ဆန္ဒပြတဲ့ ရက်လေးကြာလာတော့ CDM လုပ်တဲ့ ဆန္ဒပြဝန်ထမ်းတွေရဲ့ အခြေအနေကို သိလာရပါတယ်။ CDM ဆိုတာမှာ အောက်ခြေဝန်ထမ်းတွေများပါတယ်။ အချို့ဆိုရင် နေ့စားဝန်ထမ်းတောင်မဖြစ်ကြသေးပါဘူး။ အချို့ဝန်ထမ်းတွေဆိုရင် မရှိမရှား မိသားစုဘဝတွေဖြစ်ပါတယ်။ အချို့ဝန်ထမ်းတွေဆိုရင် နွမ်းပါးတဲ့ ဝန်ထမ်းတွေတောင် ပါဝင်ပါတယ်။ ဆရာဝန် ဝန်ထမ်းတွေကတော့ ပြောစရာမရှိပါဘူး။ နဂိုကတည်းက အခြေခံတောင့်တင်းတဲ့သူတွေလည်းဖြစ်၊ ပညာမာနကြီးတဲ့သူတွေလို့လည်း ဆိုရပါမယ်။ အခြားဝန်ထမ်းတွေကိုကြည့်ရင် အစိုးရအဆက်ဆက် သူတို့လုပ်ခဲ့တဲ့ အလုပ်တွေမှာ အလုပ်ကို ကောင်းကောင်းမလုပ်တဲ့သူတွေ၊ အချောင်ခိုတဲ့သူတွေ၊ ကတ်တီးကတ်ဖဲ့လုပ်တဲ့သူတွေ၊ ဘေးတိုက်လိုက်တဲ့သူတွေ၊ အခွင့်အရေးသမားတွေ၊ အချောင်သမားတွေဖြစ်နေတာကို တွေ့ရပါတယ်။

CDM လုပ်တဲ့ ဝန်ထမ်းမဟုတ်တဲ့လူတွေဟာ အလုပ်လုပ်နေတဲ့ရုံးတွေကို ဝိုင်းပိတ်ပြီး လိုက်လံနှောင့်ယှက်ကြပါတယ်။ ကျွန်တော်သိထားတဲ့ ဒီမိုကရေစီက လွတ်လပ်စွာ သဘောကွဲလွဲခွင့်ရှိပါတယ်။ လက်ရှိအစိုးရကို မကျေနပ်ရင် လွတ်လပ်စွာ ထုတ်ဖော်ခွင့် ရှိပါတယ်။ ဆန္ဒမထုတ်ဖော်လိုတဲ့သူတွေကို နှောင့်ယှက်ခွင့်မရှိပါဘူး။ ခုဟာက နှောင့်ယှက်ရုံတင်မက သိက္ခာကျအောင်၊ စိတ်ပျက်အောင်၊ အရှက်တကွဲဖြစ်အောင် နည်းအမျိုးမျိုးသုံးပြီး လုပ်ကြပါတယ်။ ပါးစပ်နဲ့အရှက်သိက္ခာမဲ့အောင် နှောင့်ယှက်ကြသလို အချို့ဆိုရင် ကိုယ်ထိလက်ရောက်တောင် စော်ကားလိုက်ပါသေးတယ်။ အချို့ဆိုရင် နောင်ကြဉ်အောင် ဒဏ်ခတ်မယ်၊ ဘဝပျက်အောင်လုပ်မယ်ဆိုတဲ့ ကာယကံသုံးပါးလုံး ကျူးလွန်လာကြပါတယ်။

ဒါ့ကြောင့် ကျွန်တော် CDM လုပ်တဲ့သူတွေနောက်ကို မလိုက်တော့ပါဘူး။ တာဝန်ကျေပွန်အောင် ထမ်းဆောင်နေတဲ့၊ ပြည်သူကို အခက်အခဲကြားက အလုပ်အကျွေးပြုနေတဲ့ တိုင်းပြည်အပေါ် သစ္စာရှိတဲ့ ဝန်ထမ်းတွေအဖြစ် နိုင်ငံ့တာဝန်ကို ဆက်လက်ထမ်းဆောင်ကြပါလို့ တိုက်တွန်းလိုပါကြောင်း အယ်ဒီတာ့ထံပေးစာကဏ္ဍကနေ တင်ပြလိုက်ပါတယ်။

**ဝန်ထမ်းတွေရဲ့ပြည်သူတစ်ဦး**

# သတင်းစာသမားကောင်းများ အမှန်တကယ်လိုအပ်နေပါတယ်

**သို့**

**အယ်ဒီတာ**

**ကြေးမုံသတင်းစာ**

မင်္ဂလာပါဆရာခင်ဗျာ။ ရိုသေစွာစာရေးအပ်ပါသည်။

ကျွန်တော်က သာမန်သတင်းစာဖတ်ပရိသတ်တစ်ဦးပါ။ ရန်ကုန်၊ ဗမာ့ခေတ်၊ မိုးကြိုး၊ အိုးဝေ၊ ဒီးဒုတ်၊ လူထု၊ ဟံသာဝတီ၊ ကြေးမုံ၊ မြန်မာ့အလင်း၊ ဗိုလ်တထောင်၊ လုပ်သားပြည်သူ့နေ့စဉ်စသဖြင့် သတင်းစာများကို အားပေးခဲ့ပါတယ်။ ပုဂ္ဂလိကထုတ်ထုတ်၊ အစိုးရထုတ်ထုတ် ထွက်ခဲ့သမျှလေးလေးစားစား ဖတ်ခဲ့ပါတယ်။

လက်ရှိအချို့သတင်းစာတွေဟာ ဒီမိုကရေစီနိုင်ငံတော်သစ်ကို ချီတက်ရာမှာ စတုတ္ထမဏ္ဍိုင်အဖြစ် တိုင်းပြု ပြည်ပြုပါဝင်ထမ်းရွက်ကြရမယ့် တာဝန်ကို ပခုံးပေါ်က ပစ်ချပြီး ဘာကြောင့်များ ပြည်ပအားကိုး ပုဆိန်ရိုးတွေကို သူရဲကောင်းဖြစ်အောင် ကျင့်ဝတ်ပျက်ပြားစွာ မီးမောင်းထိုးရေးသားနေကြတာလဲ။ ကျွန်တော်နားမလည်ပါ။

ယခင်အစိုးရဟာ သတင်းစာဆရာ၊ သတင်းသမား၊ သတင်းထောက်များကို မတူမတန်၊ အဖက်မလုပ်ချင်သလို ဆက်ဆံခဲ့ရုံမက "စတုတ္ထမဏ္ဍိုင်ဆိုတာ တင်စားပြောဆိုမှု သဘောသာဖြစ်ပြီး တကယ်မရှိဘူး။ မကြားဖူးပါဘူး။ မဟုတ်ပါဘူး" လို့ အကြိမ်ကြိမ်ပြောတဲ့ ပါတီခေါင်းဆောင်မျိုးတွေနဲ့ ကြုံခဲ့ရတာ ဆရာတို့ ကိုယ်တိုင်ကိုယ်တွေ့နားနဲ့ ဆတ်ဆတ်ကြားခဲ့တာပဲမဟုတ်လား။ အတော်မှားတယ်။

ကျင့်ဝတ်စည်းကမ်းမလိုက်နာအောင် ဖျက်ဆီးပြီး သတင်းစာဆရာကို နှစ်ပြားမတန်အောင် နှိမ်ခဲ့ကြတဲ့ နိုင်ငံရေးသမားအချို့ကို ဆရာတို့သတင်းသမားအချို့က ဘာလို့များ ဆက်ပြီး ထမ်းတင်ချင်နေသေးတာလဲ။ ကျွန်တော်စဉ်းစားလို့မရပါ။ ဉာဏ်မမီပါ။

ပြီးပြီးသားက ပြီးပါစေတော့။

ပစ္စုပ္ပန်တည့်တည့်ရှုကြရအောင်ပါ။

မရိုးမသားမဲလိမ်မဲခိုးထားတဲ့ အစိုးရမျိုးက နိုင်ငံ၊ ပြည်သူကောင်းကျိုးကို အောင်အောင်မြင်မြင် ဘယ်လိုမျိုး သယ်ပိုးနိုင်လိမ့်မယ်လို့ အဲဒီသတင်းစာတိုက်က အယ်ဒီတာအချို့က ယုံကြည်လို့လား။ မှားချက်ဆရာရယ်။ လက်ပူးလက်ကျပ်မိထားတဲ့ လူလိမ်လူကောက်တွေ ဗိုလ်ကျတာကို မြန်မာပြည်သူတွေက ဘယ်လိုငြိမ်ခံလိမ့်မလဲ။ ရေရှည်ကြည့်ပါ။ ပြည်သူ့အကျိုးသာ အဓိကစဉ်းစားရမှာပါ။

တရားဥပဒေနဲ့အညီ ပြည်သူလိုလားတဲ့ ဒီမိုကရေစီစနစ်ကို မပျက်မပြားရှေ့ဆက်သွားလို့ ရဖို့ကတော့ ပါတီစုံတရားမျှတတဲ့ရွေးကောက်ပွဲနဲ့သာ ဖြစ်ထွန်းနိုင်တာပဲ မဟုတ်ဘူးလား။ ၂၀၁၀ ပထမလွှတ်တော်၊ ပထမအစိုးရ၊ ၂၀၁၅ ဒုတိယလွှတ်တော်၊ ဒုတိယအစိုးရ၊ ဒီမိုကရေစီအုတ်မြစ် ၁၀ နှစ်ချခဲ့ကြပြီလေ။ ဥပဒေကိုလေးစားရိုသေတဲ့ ပါတီများ၊ ဥပဒေကို လေးစားလိုက်နာတဲ့ ပြည်သူများနဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ကို ဆက်လက်ကာ မပျက်မကွက် ချီတက်ကြရမှာ မဟုတ်ဘူးလား။ ဒီတစ်နှစ်လောက်ကြည့်ကြရအောင်။

စတုတ္ထမဏ္ဍိုင်ဖြစ်တဲ့ အမြော်အမြင်ကြီးမားသော ရှေးရှေးကသတင်းစာဆရာကောင်းများရဲ့ ကောင်းမွေကို ဆက်ခံနိုင်တဲ့ တိုင်းပြုပြည်ပြု ပြည်သူကော အစိုးရကပါ ယုံကြည်အားကိုးလေးစားတန်ဖိုးထားရတဲ့ "သတင်းစာသမားကောင်းများ" အမှန်တကယ်လိုအပ်နေပါတယ် ဆရာရယ်။ အားပေးချင်ပါတယ်။။

ရင်ဖွင့်ခွင့်ရတာကျေးဇူးပါဆရာ။

# အယ်ဒီတာ့ထံ ပေးစာကဏ္ဍသို့ ပေးစာများပေးပို့နိုင်

ကြေးမုံသတင်းစာ ဖတ်ရှုသူပြည်သူများအနေဖြင့် မိမိတို့ပတ်ဝန်းကျင်၌ ဖြစ်ပျက်နေသော အကြောင်းအရာများကို သတင်းစာဖတ်ပြည်သူများနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများ သိရှိစေရန် အပြုသဘောဖြင့် ရေးသားထားသော ပေးစာများကို ကြေးမုံသတင်းစာ အယ်ဒီတာ့ထံပေးစာကဏ္ဍသို့ လိပ်မူ၍ ပေးပို့နိုင်ပါသည်။

ယင်းကဲ့သို့ ပေးစာများပေးပို့ရာတွင် အမည်၊ ဆက်သွယ်ရမည့် လိပ်စာနှင့် ဖုန်းနံပါတ်တို့ကို ထည့်သွင်းရေးသားရမည်ဖြစ်ပြီး ပေးပို့သည့် ပေးစာအတွက် တာဝန်ယူသည်ဟု ပါရှိရမည်ဖြစ်ပါကြောင်း သတင်းစာဖတ်ပြည်သူများအား အသိပေးဖိတ်ခေါ်လိုက်ပါသည်။ **စာတည်းအဖွဲ့**

# ကျောက်ဆည်မြို့နယ်၌ ဘူးပင်များ တစ်ပိုင်တစ်နိုင် စိုက်ပျိုး

**ကျောက်ဆည် ဖေဖော်ဝါရီ ၂၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ကုလကျေးရွာတွင် ဘူးပင်များ တစ်ပိုင်တစ်နိုင် စိုက်ပျိုးခြင်းဖြင့် မိသားစုအပိုဝင်ငွေရရှိပြီး စားဝတ်နေရေးအဆင်ပြေလျက်ရှိကြောင်း သိရသည်။ ဘူးပင်များ စိုက်ပျိုးမည်ဆိုပါက ထယ်ရေးညက်ညက်တွင် သဘာဝမြေဩဇာဖြစ်သည့် နွားချေးနှင့် ဦးစွာမြေပြုပြင်ထားပြီး တစ်ပင်နှင့်တစ်ပင် သုံးပေ တစ်တန်းနှင့်တစ်တန်း ၁၈ ပေခြားကာစိုက်ပျိုးမှသာ လေဝင်လေထွက်ကောင်းပြီး နေရောင်ခြည်ကောင်းစွာရရှိ၍ အပင်လက်မောင်းများ ဖြာထွက်နှုန်းကောင်းမွန်ကာ အသီးအထွက်နှုန်းကောင်းကြောင်း သိရသည်။

ဘူးပင်များစိုက်ပျိုးမည်ဆိုပါက အသေအပျောက်မရှိစေရန်အတွက် အစေ့များအား အညှောက်ဖောက်ပြီးမှသာ စိုက်ပျိုးရကြောင်း၊ ဘူးတစ်ကေစိုက်ပျိုးမည်ဆိုပါက အပင်အရေအတွက် ၁၀၀၀ ခန့် ဝင်ဆံ့ကြောင်း၊ စတင်စိုက်ပျိုးပြီး ၄၅ ရက်တွင် ဘူးသီးများ စတင်ခူးဆွတ်ရောင်းချရကြောင်း၊ ရောင်းဈေးအနေဖြင့် ဘူးသီးတစ်လုံး ငွေကျပ် ၃၀၀ မှ ၅၀၀ အထိ အမျိုးမျိုးရှိပြီး နှစ်လခန့်အထိ ခူးဆွတ်ရောင်းချရကြောင်း သိရသည်။

ဘူးပင်သည်ရေကြိုက်နှစ်သည့်အပင်တစ်မျိုးဖြစ်သောကြောင့် မြေအစိုဓာတ်ရှိစေရေး မြေအနေအထားပေါ်မူတည်ကာ ရေတင်ပေးခြင်းများ ပြုလုပ်ပေးရကြောင်း၊ ခူးဆွတ်ရောင်းချရာတွင် တစ်ရက်ခြား ခူးဆွတ်ရောင်းချရသဖြင့် မိသားစုစားဝတ်နေရေးအဆင်ပြေသောကြောင့်ဘူးပင်သည် စိုက်သင့်သည့် သီးနှံတစ်မျိုးဖြစ်ကြောင်း ဘူးစိုက်ပျိုးရောင်းချသူ ကုလကျေးရွာမှ တောင်သူဦးမျိုးမြင့်က ပြောသည်။

**သက်မောင်(ကျောက်ဆည်)**

# ကုန်စည်စီးဆင်းမှုများနှင့် ဈေးများ ပုံမှန်လည်ပတ်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

နိုင်ငံအတွင်း ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ ပုံမှန်ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်မြို့ရှိ အထွေထွေကုန်ပစ္စည်းများ အတင်အချပြုလုပ်နိုင်သော အေးရှားဝေါလ်ဆိပ်ကမ်း၊ ဝါးတန်းဆိပ်ကမ်း၊ MIP ဆိပ်ကမ်းတို့တွင် ကုန်သေတ္တာပစ္စည်းများ အတင်အချပြုလုပ်ခြင်းကို ပုံမှန်အတိုင်းလည်ပတ်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရန်ကုန်မြို့ရှိ လမ်းမကြီးများတွင်လည်း ယာဉ်သွား၊ ယာဉ်လာများဖြင့် အများပြည်သူ ပုံမှန်သွားလာလည်ပတ်လျက်ရှိပြီး ရန်ကုန်မြို့တွင်းရှိ သီရိမင်္ဂလာဈေး၊ ဘုရင့်နောင်ဈေး၊ ရွှေပိတောက်ငါးဈေးတို့သို့ ကုန်ပစ္စည်းများအား ကုန်တင်ယာဉ်ကြီးများဖြင့် ပို့ဆောင်လျက်ရှိသကဲ့သို့ ဈေးများအတွင်းတွင်လည်း စားသောက်ကုန်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်၊ အသီးအနှံများ၊ အသား၊ ငါးများကို လက်လီလက်ကား ရောင်းဝယ်ဖောက်ကားလျက်ရှိရာ ရောင်းသူ၊ ဝယ်သူများဖြင့် ပုံမှန်လည်ပတ်ရောင်းချလျက်ရှိသည်ကိုလည်း မြင်တွေ့ရကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာ/ရပ်ကွက် စီမံအုပ်ချုပ်ရေးမှူးရုံးများ ပုံမှန်ဖွင့်လှစ်၍ အုပ်ချုပ်မှုယန္တရားများ မှန်ကန်စွာအကောင်အထည်ဖော်ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

တိုင်းဒေသကြီးနှင့် မြို့နယ်များအတွင်းရှိ ရပ်ကွက်/ကျေးရွာများတွင် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအား ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် ရပ်ကွက်/ကျေးရွာ စီမံအုပ်ချုပ်ရေးအဖွဲ့များ ခန့်အပ်ထားရှိမှုအပေါ် ကျေနပ်မှုမရှိသည်ကို အကြောင်းပြ၍ ရပ်ကွက်/ကျေးရွာ စီမံအုပ်ချုပ်ရေးမှူးများအား ဖိအားပေးခြင်း၊ စီမံအုပ်ချုပ်ရေးမှူးရုံးများတွင် အုပ်စုဖွဲ့ပြီး ရမ်းကားဆန္ဒပြခြင်း၊ စီမံအုပ်ချုပ်ရေးရုံးဆိုင်းဘုတ်များ ဖြုတ်ချခြင်း၊ အဖျက်အမှောင့်စာများရေးသား၍ ရုံးရှေ့တွင် ချိတ်ဆွဲခြင်း၊ သစ်သားချောင်းများဖြင့် ရိုက်ပိတ်ခြင်း၊ ရုံးအဝင်တံခါးများအား သော့ခတ်ခြင်း၊ တံခါးများအား သံချောင်းများဖြင့် ဂဟေဆော်ပိတ်ခြင်းများအား မင်းမဲ့စရိုက်ဆန်ဆန် ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ ဆောင်ရွက်လာခြင်းကြောင့် ရပ်ကွက်/ကျေးရွာနေ ပြည်သူလူထုများအနေဖြင့် ဥပဒေ၏ အကာအကွယ်ကို မရရှိသည့်အပြင် ရပ်ကွက်/ကျေးရွာအုပ်ချုပ်မှုယန္တရား ယိုယွင်းမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း တွေ့ရှိရသဖြင့် ရပ်ကွက်/ကျေးရွာနေ ပြည်သူလူထုနှင့် ရပ်မိရပ်ဖများ၏ တောင်းဆိုချက်အရ အထက်ပါဖြစ်စဉ်များဖြစ်ပွားခဲ့သည့်နေရာများတွင် ဆူပူမှုဖြစ်ပေါ်အောင် လှုံ့ဆော်သူများနှင့် ဆူပူမှုတွင်ပါဝင်ပတ်သက်သူများအား တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်ခဲ့သည်။

အဆိုပါ ဥပဒေမဲ့လုပ်ရပ်များ လုပ်ဆောင်ပြီး ပိတ်ထားသည့် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် တမ္ပဝတီရပ်ကွက်၊ သံလျှက်မှော်ရပ်ကွက်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ အမရပူရမြို့နယ် ငယ်တိုးကျေးရွာ၊ ရွှေကြက်ယက်ကျေးရွာ၊ ညောင်ဦးမြို့နယ် အရှေ့ရွာအနောက်ရပ်ကွက်၊ ကျောက်ပန်းတောင်းမြို့နယ် ဘူတာရပ်ကွက်နှင့် မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် မင်းကံကြီးရပ်ကွက်၊ မင်းဘူးမြို့နယ် အမှတ်(၄)ရပ်ကွက်၊ မြို့သစ်မြို့နယ် မင်းရပ်ကွက်၊ နတ်မောက်မြို့နယ် ဖက်သန်းတောင်ကျေးရွာ၊ တောင်တွင်းကြီးမြို့နယ် မောင်းတိုင်(၂)ရပ်ကွက်နှင့် ရေနံချောင်းမြို့နယ် ရွာသစ်ရပ်ကွက်တို့ရှိ ရပ်ကွက်/ကျေးရွာ စီမံအုပ်ချုပ်ရေးမှူးရုံးများသို့ ယနေ့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များက ရပ်မိ/ရပ်ဖများ၊ ရပ်ကွက်နေပြည်သူများနှင့် တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ပြီး အုပ်ချုပ်မှုယန္တရားများ မှန်ကန်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ရပ်ကွက်/ကျေးရွာ စီမံအုပ်ချုပ်ရေးမှူးရုံးများအား ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာစွာ နေထိုင်အိပ်စက်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့၊ ညမပြတ် လုံခြုံရေးဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့အတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှစတင်ကာ လုံခြုံရေးအား ပြည့်ဝစွာဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင်လည်း မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာစွာ နေထိုင်အိပ်စက်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများကို ပြည့်ဝစွာ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့၊ ညမပြတ် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တပ်မတော်ထောက်ခံပွဲများပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသည့် မြန်မာ့တပ်မတော်အား ထောက်ခံပွဲကို ယနေ့တွင် ကချင်ပြည်နယ် တနိုင်းမြို့နှင့် မိုးညှင်းမြို့နယ်၊ အင်တော်ကြီးမြို့များ၌ အင်အား ၃၀၀၀ ခန့်ဖြင့် လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့တွင် အင်အား ၁၅၀၊ ပန်းတောင်းမြို့တွင် အင်အား ၃၀၀ တို့ဖြင့် လည်းကောင်း အသီးသီး ပြုလုပ်ခဲ့ကြသည်။

ထိုသို့ ဆန္ဒဖော်ထုတ်ရာတွင် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ မဲမသမာမှု၊ မဲခိုးမှုများ အမြန်ဖော်ထုတ်ပေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ ဆောင်ရွက်လျက်ရှိသည့် မြန်မာ့တပ်မတော်အား ထောက်ခံပါသည်၊ ဥပဒေနှင့်အညီဖွဲ့စည်းထားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရသစ်အား ကြိုဆိုထောက်ခံပါသည်၊ ဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် UEC အသစ်အား ကြိုဆိုပါသည်၊ ပြည်ပအားကိုးပုဆိန်ရိုး အမျိုးသားရေး သစ္စာဖောက်များအား အလိုမရှိ၊ မြန်မာပြည်ကြီး ငြိမ်းချမ်းပါစေ၊ မြန်မာပြည်ကြီး အေးချမ်းပါစေ၊ ဥပဒေနှင့် မညီသော ရွေးကောက်ပွဲရလဒ် အလိုမရှိ၊ အမျိုးဘာသာသာသနာကို စောင့်ရှောက်ပေးသော မြန်မာ့တပ်မတော်အား ထောက်ခံပါသည်၊ တပ်မတော်နှင့် ပြည်သူသွေးခွဲသူ ဒို့ရန်သူ၊ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ဆောင်ပေးမည့် တပ်မတော်အား ထောက်ခံပါသည် စာသားပါဆိုင်းဘုတ်များအား ကိုင်ဆောင်ကြွေးကြော်ခဲ့ကြသည်။



**ဆက်လက်လုပ်ဆောင်သွားမည်**

အများပြည်သူများ အနေဖြင့် တပ်မတော်က ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီကိုဖွဲ့စည်း၍ မဲမသမာမှုဖြစ်စဉ်များအပေါ် ရွေးကောက်ပွဲကော်မရှင်တစ်ရပ်အား ဖွဲ့စည်းကာ စိစစ်နိုင်ရေး ဆောင်ရွက်နေမှုများကို အများပြည်သူများက ထောက်ခံသည့် ဆန္ဒဖော်ထုတ်မှုများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ဖေ့စ်ဘွတ်စာမျက်နှာပေါ်၌ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များအား ခြိမ်းခြောက်သည့်စာများတင်ဆောင်သူနှင့် လက်ခံထားရှိသူအား ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ ဓမ္မဘူတာတွင် ဒုရုံးပိုင်ဖြစ်သူ ဟန်မင်းစိုး(ဘ)ဦးကြည်ဝင်းသည် CDM တွင် ပါဝင်ရန်အတွက်၎င်း၏ ဇာတိဖြစ်သော နတ်မောက်မြို့သို့ ဖေဖော်ဝါရီ ၁၁ ရက်တွင် ပြန်သွားခဲ့ပြီး ဖေဖော်ဝါရီ ၂၁ ရက်တွင် ၎င်း၏ဖေ့စ်ဘွတ်စာမျက်နှာပေါ်၌ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များအား ပြန်ပေးဆွဲရန်၊ အသက်အန္တရာယ်ခြိမ်းခြောက်သည့်စာများနှင့် ညစ်ညမ်းစွာပြောဆိုသည့် စာများဖြန့်ချိနေကြောင်း တွေ့ရှိရသဖြင့် သက်ဆိုင်ရာက ဖေဖော်ဝါရီ ၂၃ ရက်တွင် ၎င်းအား ဖမ်းဆီးရမိရေး အမှုဖွင့်ထားရှိခဲ့သည်။

အဆိုပါ ဟန်မင်းစိုးသည် မကွေးတိုင်းဒေသကြီး မြို့သစ်မြို့ ဘော့ကျေးရွာ၏ အရှေ့ဘက်ရှိ တစ်ရွာတည်းနေ ဦးတင်ဝင်း၏ တောင်ယာတဲတွင် ရောက်ရှိနေကြောင်း သတင်းအရ ဖေဖော်ဝါရီ ၂၆ ရက်တွင် လုံခြုံရေးတပ်ဖွဲ့များက သွားရောက်ဖမ်းဆီးရာ ၎င်းအား ဆင်းကတ်ထုတ်ထားသည့် ဖုန်းတစ်လုံးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အထက်ပါဖြစ်စဉ်တွင် တရားခံ ဟန်မင်းစိုးအား လက်ခံထားရှိပြီး သက်ဆိုင်ရာသို့ သတင်းပေးပို့ရန် ပျက်ကွက်ခဲ့သူ ဦးတင်ဝင်းအား ယနေ့ နံနက်ပိုင်းတွင် ထပ်မံဖမ်းဆီး၍ အမှုဖွင့်အရေးယူနိုင်ရေး လိုအပ်သည်များ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မိုက်ကရိုဆော့ဖ် တည်ထောင်သူ ဘီလ်ဂိတ်

*ဆင်းဆင်းရဲရဲနှင့် မွေးလာတာ သင့်အပြစ်မဟုတ်ပါ*
*ဆင်းဆင်းရဲရဲ သေရရင်တော့ သင့်အပြစ်ပါ*

ကျော်ကျော်လှိုင်

၂၁ ရာစုမှာ ချမ်းသာကြွယ်ဝလာပြီး လူသားအကျိုးပြုလုပ်ငန်းတွေလုပ်နေတဲ့ ဘီလ်ဂိတ် (Bill Gates)ကတော့ မိုက်ကရိုဆော့ဖ် (Microsoft) ကုမ္ပဏီကိုတည်ထောင်ခဲ့သူ ဖြစ်ပါတယ်။ ၂၀၁၇ စာရင်းအရ ကမ္ဘာ့အချမ်းသာဆုံးနေရာမှာ ဘီလ်ဂိတ်ရှိနေပြီး အမေရိကန်ဒေါ်လာ ၈၀ ဘီလီယံ ချမ်းသာကြွယ်ဝပါတယ်။ ကျွန်တော်တို့ ယနေ့ အသုံးပြုနေရတဲ့ ကွန်ပျူတာအများစု၊ မိုက်ကရိုဆော့ဖ် (Microsoft Software) နဲ့ ကင်းတာ မရှိပါဘူး။ ကွန်ပျူတာ အသုံးပြုသူတိုင်း မိုက်ကရိုဆော့ဖ်ကို မသိသူ မရှိပါဘူး။

ဘီလ်ဂိတ်ကို ၁၉၅၅ ခုနှစ် အောက်တိုဘာလ ၂၈ ရက်နေ့မှာ ဝါရှင်တန်ပြည်နယ် ဆီအေတယ်မြို့မှာ မွေးဖွားခဲ့ပါတယ်။ မိဘတွေက အင်္ဂလိပ်၊ ဂျာမန်နဲ့ စကော့ အိုင်းရစ်မျိုးနွယ်ဝင်တွေ ဖြစ်ပါတယ်။ ဖခင်ဟာ ထင်ရှားတဲ့ ရှေ့နေတစ်ဦးဖြစ်ပြီး မိခင်ကတော့ ဘဏ်ဒါရိုက်တာ အဖွဲ့ဝင်တစ်ဦး ဖြစ်ပါတယ်။ ဘီလ်ဂိတ်ငယ်စဉ်က လိပ်ဆိုဒ် (Lakeside School) မှာ ကျောင်းတက်ပါတယ်။ ဘီလ်ဂိတ် အသက် ၁၃ နှစ်အရွယ် ၈ တန်းနှစ်မှာ ကျောင်းရဲ့ မိဘဆရာအသင်းက ကျောင်းသားတွေအတွက် Teletype Model 33 ASR Terminal နှင့် (GE) Computerကို သုံးဖို့ အချိန်ဝယ်ခဲ့ပါတယ်။ ၁၉၆၈ ခုနှစ်လောက်မှာ ယနေ့ခေတ်လို ကွန်ပျူတာတွေ၊ လက်တော့ပ် (Laptop) တွေ မပေါ်သေးပါဘူး။ မိန်းဖရိမ် (Main Frame) လို့ ခေါ်တဲ့ ကွန်ပျူတာအကြီးကြီးတွေပဲ ရှိပါတယ်။ ဒီကွန်ပျူတာ အကြီးကြီးတွေကို အချိန်ဝေမျှပြီး သုံးကြရပါတယ်။ ကွန်ပျူတာနဲ့ ချိတ်ဆက်ဖို့ တာမီနယ် (Terminal) ဝယ်ရပါတယ်။ ပြီးရင်တော့ ကိုယ်သုံးမယ့်အချိန်ကို ဝယ်ရပါတယ်။ နမူနာပေးရရင်တော့ ကျွန်တော်တို့ ယနေ့ ခေတ်မှာ စကိုင်းနက်ကို ကြည့်ချင်ရင် စလောင်းဝယ်ရပါတယ်။ ဒါက တာမီနယ်ဝယ်ရတာနဲ့ တူပါတယ်။ စကိုင်းနက်က အစီအစဉ်တွေအတွက် လစဉ်ကြေးပေးရပါတယ်။ ကွန်ပျူတာသုံးဖို့ အချိန်ဝယ်ရတယ်ဆိုတာတော့ စကိုင်းနက် အစီအစဉ်အတွက် လစဉ်ကြေးပေးရသလိုပါပဲ။

အသက် ၁၃ နှစ်အရွယ် ကွန်ပျူတာ သုံးခွင့်ရတဲ့ အချိန်ကစပြီး ကွန်ပျူတာ ပရိုဂရမ်ရေးတာကို ဘီလ်ဂိတ် အလွန်စိတ်ဝင်စားပါတယ်။ အချိန်တော်တော်များများကို ကွန်ပျူတာအတွက် သုံးပါတယ်။ သင်္ချာသင်ခန်းစာ အတန်းတွေကိုတောင် မတက်တော့ပါဘူး။ ကွန်ပျူတာပေါ်မှာ ကွန်ပျူတာနဲ့ လူနဲ့ပြိုင်ကစားလို့ရတဲ့ ဂိမ်းတွေရေးခဲ့ပါတယ်။ မိဘဆရာအသင်းက ရန်ပုံငွေကုန်သွားတဲ့အခါမှာတော့ ကွန်ပျူတာသုံးဖို့အတွက် ဘီလ်ဂိတ်မှာ အခက်အခဲ ဖြစ်ခဲ့ပါတယ်။

ဘီလ်ဂိတ်နဲ့ သူငယ်ချင်းသုံးယောက်က ကွန်ပျူတာသုံးနိုင်ဖို့အတွက် နည်းလမ်းတွေ ရှာကြပါတယ်။ အဲဒီအချိန်မှာ CCC လို့ခေါ်တဲ့ ကွန်ပျူတာစင်တာကော်ပိုရေးရှင်း ကုမ္ပဏီကြီးက PDPအမျိုးအစား မီနီကွန်ပျူတာကို ပိုင်ပါတယ်။ ဘီလ်ဂိတ်နဲ့ သူငယ်ချင်းသုံးယောက်က CCC ကုမ္ပဏီရဲ့ ကွန်ပျူတာကို အလကားသုံးနိုင်ဖို့ နည်းလမ်းတွေ ရှာပါတယ်။ အခုခေတ်စကားနဲ့ ပြောရရင်တော့ ကွန်ပျူတာကို ဟက် (Hack) လုပ်ဖို့ ကြိုးစားတာပါပဲ။ CCC က သိသွားတဲ့အခါမှာတော့ ဘီလ်ဂိတ်နဲ့ သူငယ်ချင်းသုံးယောက်ကို CCC ကွန်ပျူတာတွေကို သုံးခွင့် ပိတ်ပင်ခဲ့ပါတယ်။ ဟက်လုပ်တယ်ဆိုတာ အခြားသူတစ်ဦးတစ်ယောက်ရဲ့ ကွန်ပျူတာကို ပိုင်ရှင်မသိဘဲ ဝင်သုံးတာကို ခေါ်ပါတယ်။ ဟက်လုပ်နိုင်တဲ့လူတွေကို ဟက်ကာလို့ ခေါ်ပါတယ်။ ဟက်ကာတွေဟာ ကွန်ပျူတာပရိုဂရမ်တွေကို အလွန်ကျွမ်းကျင်သူတွေ ဖြစ်ကြပါတယ်။

နွေရာသီ ကျောင်းပိတ်ရက်ရောက်တဲ့အခါ ဘီလ်ဂိတ်နဲ့ သူငယ်ချင်းသုံးယောက်က CCC သုံးနေတဲ့ ကွန်ပျူတာကို ပိုမြန်လာအောင် ပရိုဂရမ်မှာ လိုအပ်ချက်အမှားတွေကို ရှာပေးမယ်။ အပြန်အလှန်အနေနဲ့ CCC ရဲ့ ကွန်ပျူတာကို အခမဲ့သုံးစွဲခွင့် ပေးရမယ်ဆိုပြီး သဘောတူညီမှုယူခဲ့ပါတယ်။ CCC အတွက် အလုပ်လုပ်ပေးတဲ့အခါ ဘီလ်ဂိတ်ဟာ FORTRAN, LISP နဲ့ Machine Language အပါအဝင် ပရိုဂရမ် အမျိုးမျိုးအတွက် Source code တွေကို လေ့လာခွင့်ရခဲ့ပါတယ်။ ဘီလ်ဂိတ်ရဲ့ ပရိုဂရမ်ရေးတဲ့စွမ်းရည်တွေကို သတိထားမိတဲ့ လိပ်ဆိုဒ်ကျောင်း အုပ်ချုပ်သူတွေက ကျောင်းသားတွေယူတဲ့ ဘာသာရပ်၊ တက်ရမယ့်အတန်းအတွက် “အချိန်ဇယားပရိုဂရမ်”ကို ဘီလ်ဂိတ်ကို ရေးဆွဲခိုင်းပါတယ်။ ဘီလ်ဂိတ်ဟာ သူတက်ရမယ့်အတန်းကို မိန်းကလေးကျောင်းသူတွေနဲ့ အများဆုံး တက်နိုင်အောင် ကွန်ပျူတာပရိုဂရမ်ကို ရေးခဲ့ပါတယ်လို့ နာမည်ကြီးလာတဲ့အချိန်မှာ ပြန်ပြောပြခဲ့ပါတယ်။


မိုက်ကရိုဆော့ဖ်တည်ထောင်သူ ဘီလ်ဂိတ်။

**“ဘီလ်ဂိတ်ဟာ အောင်မြင်မှုကိုရဖို့ ၁၀ နှစ်လောက် ကြိုးစားခဲ့ရပါတယ်။ ဘီလ်ဂိတ်လို ပင်ကိုစွမ်းရည်ထက်မြက်ပြီး ပါရမီရှိသူတောင် ၁၀ နှစ်လောက် ကြိုးစားရတယ်ဆိုတာကို သတိပြုမိစေချင်ပါတယ်။ အခွင့်သင့်လို့ ပြောချင်တာက ယနေ့လူငယ်တွေ အချိန်တိုအတွင်းမှာ အောင်မြင်ချင်ကြပါတယ်။ အောင်မြင်ဖို့အတွက် ဖြတ်လမ်းတွေ လိုက်ကြပါတယ်။ အောင်မြင်မှု အစစ်အမှန်ကို တရားသောနည်းနဲ့ လိုချင်ရင်တော့ ချက်ချင်းမရနိုင်ပါဘူး။ အချိန်ယူရပါလိမ့်မယ်။ ဇွဲရှိရပါလိမ့်မယ်။”**

**မိုက်ကရိုဆော့ဖ်ကုမ္ပဏီတည်ထောင်ဖို့ စိတ်ကူးရခဲ့ပုံ**

၁၉၇၃ ခုနှစ် လိပ်ဆိုဒ် အထက်တန်းကျောင်းက ကျောင်းပြီးတော့ နာမည်ကျော် ဟားဗတ်တက္ကသိုလ်ကို ဝင်ရောက်ခဲ့ပါတယ်။ တက္ကသိုလ်ဝင်ခွင့်အတွက် SAT စာမေးပွဲဖြေရာမှာ အများဆုံးအမှတ် ၁၆၀၀ မှာ ၁၅၉၀ ရခဲ့ပါတယ်။ SAT စာမေးပွဲ ဆိုတာကတော့ တက္ကသိုလ်ဝင်ခွင့် စာမေးပွဲလို့ ပြောရင်လည်း ရပါတယ်။ အမေရိကန်ပြည်ထောင်စု တက္ကသိုလ်တော်တော်များများက SAT အမှတ်ပေါ်မှာ မူတည်ပြီး ကျောင်းသားတွေကို လက်ခံပါတယ်။ နာမည်ကြီးတဲ့ ကျောင်းတွေကို တက်ရဖို့အတွက် SAT အမှတ်ကောင်းကောင်း လိုပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံက ကျောင်းသားတွေလည်း အမေရိကန်နိုင်ငံမှာ ကျောင်းသွားတက်ချင်ရင် SAT စာမေးပွဲဖြေဖို့ လိုပါတယ်။

ဟားဗတ်မှာ ကျောင်းတက်နေစဉ် ဘီလ်ဂိတ်မှာ တိကျတဲ့ရည်မှန်းချက်မရှိခဲ့ဘဲ ကျောင်းရဲ့ ကွန်ပျူတာတွေမှာ ပရိုဂရမ်တွေရေးရင်း အချိန်ကုန်နေခဲ့ပါတယ်။ ဟားဗတ်မှာ တက်နေစဉ် နောင်တစ်ချိန်မှာ မိုက်ကရိုဆော့ဖ်ရဲ့ စီအီးအို ဖြစ်လာမယ့် စတီးဗ်ဘောမား (Steve Ballmer) နဲ့ ဆုံခဲ့ပါတယ်။ ၁၉၇၄ ခုနှစ် နွေရာသီကျောင်းပိတ်ရက်မှာတော့ အထက်တန်းကျောင်းတုန်းက ဘီလ်ဂိတ်ရဲ့ သူငယ်ချင်းသုံးယောက်ထဲက တစ်ယောက်ဖြစ်တဲ့ ပေါလ်အယ်လင် (Paul Allen) နဲ့အတူ ဟန်နီးဝဲလ် (Honeywell) ကွန်ပျူတာကုမ္ပဏီမှာ လုပ်အားပေးဝင်လုပ်ခဲ့ပါတယ်။ ၁၉၇၅ ခုနှစ်မှာ MITS ကုမ္ပဏီကထုတ်တဲ့ အယ်လ်တယ် ၈၈၀၀ (Altair 8800) ကွန်ပျူတာ ထွက်လာပါတယ်။ ဒီကွန်ပျူတာဟာ ပထမဦးဆုံး မိုက်ကရိုကွန်ပျူတာ (Micro Computer) လို့လည်း ပြောလို့ရပါတယ်။ ပထမဦးဆုံး ပီစီ (PC-Personnel Computer) လို့လည်း ပြောလို့ရပါတယ်။ တစ်ချိန်မှာ မိုက်ကရိုကွန်ပျူတာတွေကို လူတိုင်းသုံးလာမယ်ဆိုတာ ဘီလ်ဂိတ်က တွေးတောမိပါတယ်။ ဒါပေမယ့် မိုက်ကရိုကွန်ပျူတာသုံးဖို့ ဆော့ဖ်ဝဲကောင်းကောင်း မရှိတာကို သတိထားမိတဲ့ ဘီလ်ဂိတ်နဲ့ ပေါလ်အယ်လင်က ဆော့ဖ်ဝဲကုမ္ပဏီထောင်ဖို့ အကြံရခဲ့ပါတယ်။

ဘီလ်ဂိတ်က သူ့ရဲ့ အကြံအစည်ကို မိဘတွေကို ပြောပြတဲ့အခါ မိဘတွေကလည်း ဝမ်းမြောက်စွာ သဘောတူခဲ့ပါတယ်။ ပထမဦးဆုံး ဘီလ်ဂိတ်နဲ့ အယ်လင်က MITS အတွက် ဆော့ဖ်ဝဲရေးပေးပါတယ်။

၁၉၇၅ ခုနှစ် နိုဝင်ဘာလမှာ ဘီလ်ဂိတ်က MITS မှာ အယ်လင်နဲ့အတူ အလုပ်လုပ်ရန် ဟားဗတ်မှ ခွင့်ယူခဲ့ပါတယ်။ ဘီလ်ဂိတ်နဲ့ အယ်လင်က သူတို့ကုမ္ပဏီကို Micro-Soft လို့ နာမည်ပေးခဲ့ပြီး သူတို့ရဲ့ ပထမဦးဆုံး ရုံးခန်းကတော့ နယူးမက်ဆီကိုပြည်နယ် (State of New Mexico) က အယ်လ်ဘာကာကီမြို့ (Albuquerque) မှာ ဖြစ်ပါတယ်။ မိုက်ကရိုကွန်ပျူတာတွေသုံးဖို့ ဆော့ဖ်ဝဲရေးမယ် ရည်ရွယ်ခဲ့လို့ Micro-Soft လို့ အမည်ပေးခဲ့တာပါ။ တစ်နှစ်အတွင်းမှာ Micro-Soft ရဲ့ အလယ်ကောင်က ( - ) ကို ဖြုတ်ပြီး Micro နဲ့ Soft ကို ပေါင်းပြီး Microsoft လို့ ပြင်ခဲ့ပါတယ်။ ၁၉၇၆ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်နေ့မှာ Microsoft ကို မူပိုင်ခွင့် မှတ်ပုံတင်ခဲ့ပါတယ်။ ဟားဗတ်ကို ဘီလ်ဂိတ် ပြန်မသွားတော့တဲ့အတွက် ပညာရေးကိုလည်း အဆုံးမသတ်နိုင်ခဲ့ပါဘူး။ တက္ကသိုလ်ကို ပြန်မသွားခဲ့လို့ ဘွဲ့လည်း မရခဲ့ပါ။ ဒါပေမယ့် ဘီလ်ဂိတ်ဟာ ဘွဲ့ရသူတစ်ယောက်ထက်ပိုတဲ့ စွမ်းရည်တွေကို ပိုင်ဆိုင်ပါတယ်။ ဘီလ်ဂိတ် အောင်မြင်လာတဲ့အခါမှာတော့ ဂုဏ်ထူးဆောင်ဘွဲ့တွေ အများအပြား ရရှိလာခဲ့ပါတယ်။

၁၉၇၅ ခုနှစ်မှာ ကျောင်းကထွက်ခဲ့ပြီး ဘီလ်ဂိတ် ချက်ချင်းပဲ အောင်မြင်ခဲ့တာတော့မဟုတ်ပါ။ ၁၉၇၅ ခုနှစ်ကနေ ၁၉၈၅ ခုနှစ်အထိ ဘီလ်ဂိတ် အပြင်းအထန် ကြိုးစားလုပ်ကိုင်ခဲ့ရပါတယ်။ ၁၉၈၅ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့မှာ မိုက်ကရိုဆော့ဖ် ဝင်းဒိုး (Microsoft Window) ကို ကွန်ပျူတာလောကကို စတင်မိတ်ဆက်ခဲ့ပါတယ်။ မိုက်ကရိုဆော့ဖ်ဝင်းဒိုးကို စတင်မိတ်ဆက်ခဲ့တဲ့နှစ်ကစပြီး Microsoft ကုမ္ပဏီဟာ တစ်ရှိန်ထိုး အောင်မြင်ခဲ့ပါတယ်။

ဘီလ်ဂိတ်ဟာ အောင်မြင်မှုကိုရဖို့ ၁၀ နှစ်လောက် ကြိုးစားခဲ့ရပါတယ်။ ဘီလ်ဂိတ်လို ပင်ကိုစွမ်းရည်ထက်မြက်ပြီး ပါရမီရှိသူတောင် ၁၀ နှစ်လောက် ကြိုးစားရတယ်ဆိုတာကို သတိပြုမိစေချင်ပါတယ်။ အခွင့်သင့်လို့ ပြောချင်တာက ယနေ့လူငယ်တွေ အချိန်တိုအတွင်းမှာ အောင်မြင်ချင်ကြပါတယ်။ အောင်မြင်ဖို့အတွက် ဖြတ်လမ်းတွေ လိုက်ကြပါတယ်။ **အောင်မြင်မှု အစစ်အမှန်ကို တရားသောနည်းနဲ့ လိုချင်ရင်တော့ ချက်ချင်းမရနိုင်ပါဘူး။ အချိန်ယူရပါလိမ့်မယ်။ ဇွဲရှိရပါလိမ့်မယ်။**

ဘီလ်ဂိတ်ကို အမေရိကန်အစိုးရက စီးပွားရေးကို လက်ဝါးကြီးအုပ်တယ်ဆိုပြီး တရားစွဲပါတယ်။ ၁၉၉၈ ခုနှစ်မှာ အမေရိကန်အစိုးရက မိုက်ကရိုဆော့ဖ်ကုမ္ပဏီကို ကွန်ပျူတာဆော့ဖ်ဝဲလ် စီးပွားရေးမှာ လက်ဝါးကြီးအုပ်ဖို့ ကြိုးစားမှု၊ ပြိုင်ဘက်များ မယှဉ်ပြိုင်နိုင်အောင် အင်အားသုံး၍ တိုက်ခိုက်မှုစတဲ့ စွပ်စွဲချက်တွေနဲ့ တရားစွဲပါတယ်။ မိုက်ကရိုဆော့ဖ်ကလည်း တခြားပြိုင်ဘက်ကုမ္ပဏီတွေ ယှဉ်ပြိုင်လို့မရအောင်ကို အောင်မြင်ခဲ့ပါတယ်။

စာမျက်နှာ ၁၉ သို့

# ဧရာဝတီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ပုသိမ်မြို့ကမ်းနားလမ်းရှိ ဆိပ်ခံတံတားတည်ဆောက်မှု သွားရောက်ကြည့်ရှုစစ်ဆေး



**ပုသိမ် ဖေဖော်ဝါရီ ၂၇**

ဧရာဝတီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးရဲမြင့်သည် ယမန်နေ့ မွန်းလွဲ ၂ နာရီက အဖွဲ့ဝင်(၁)ဗိုလ်မှူးကြီးကျော်စွာလှိုင်၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဦးသန်းဆွေဝင်း၊ တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိန်လွင်၊ တိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီ ညွှန်ကြားရေးမှူး ဦးဖုန်းလွင်၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် ခရိုင်/မြို့နယ် တာဝန်ရှိသူများနှင့်အတူ ပုသိမ်မြို့ ကမ်းနားလမ်းရှိဆိပ်ခံတံတားတည်ဆောက်ခြင်းလုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

**လမ်းညွှန်မှာကြား**

အဆိုပါ ဆိပ်ခံတံတားသည် ပုသိမ်မြို့ကမ်းနားလမ်းအား တိုးချဲ့ဆောက်လုပ်ထားခြင်းဖြစ်ပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ဧရာဝတီတိုင်းဒေသကြီး မူလခွင့်ပြုရန်ပုံငွေကျပ် ၈၅၄ ဒသမ ၀၄ သန်းဖြင့် Family Nest Co.,Ltd က အများပြည်သူ အပန်းဖြေနေရာအဖြစ် ဆောင်ရွက်မည်ဖြစ်သည်။

တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် နယ်မြေကွင်းဆင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကာ လိုအပ်သည်များလမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**မောင်မောင်မြင့်(ပြန်/ဆက်)**

# သောက်သုံးရေအခက်ကြုံနေသည့် ကျေးလက်နေပြည်သူများအား သောက်သုံးရေဂါလန် ၁၆၀၀ သွားရောက်လှူဒါန်း



**ညောင်ဦး ဖေဖော်ဝါရီ ၂၇**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် တောင်ဇင်းအုပ်စု နဖူးပြားတဲတိုက်တွင် ဒေသခံ ကျေးလက်နေပြည်သူများ သောက်သုံးရေ အခက်ကြုံတွေ့နေကြောင်းသိရ၍ ယမန်နေ့ နံနက်ပိုင်းက ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာနေ ဦးဝင်းမင်းထွန်း ဦးဆောင်သော ပရဟိတရေလှူအဖွဲ့က သောက်သုံးရေဂါလန် ၁၆၀၀ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ညောင်ဦးမြို့နယ် တောင်ဇင်း ကျေးရွာအုပ်စု နဖူးပြားတဲတိုက်တွင် အိမ်ခြေ ၃၆ အိမ် လူဦးရေ ၁၀၀ ကျော်ခန့် နေထိုင်လျက်ရှိပြီး ဒေသခံကျေးလက်နေပြည်သူများမှာ မြေသားမိုးရေလှောင်ကန်နှင့် စက်ရေတွင်းမရှိသဖြင့် နှစ်စဉ် သောက်သုံးရေအတွက် အနီးဝန်းကျင်ကျေးရွာများသို့သွားရောက်ပြီး သောက်ရေဝယ်ယူသုံးစွဲရကာ သောက်သုံးရေရှားပါးမှု အခက်အခဲများ ကြုံတွေ့နေရကြောင်း အဆိုပါ နဖူးပြားတဲတိုက်ရှိဒေသခံပြည်သူများထံမှ သိရသည်။

ယမန်နေ့ နံနက်ပိုင်းက နဖူးပြားတဲတိုက်ရှိ ကျေးလက်နေပြည်သူများ သောက်သုံးရေ ဖူလုံစွာသုံးစွဲနိုင်ရေးအတွက် ရည်ရွယ်၍ ညောင်ဦးမြို့နယ် မြင်းကပါ ကျေးရွာနေ ဦးဝင်းမင်းထွန်း ဦးဆောင်သော ပရဟိတရေလှူအဖွဲ့က ရေသယ်ယာဉ်တစ်စီးဖြင့် သွားရောက်ကာ သောက်သုံးရေဂါလန် ၁၆၀၀ အား အိမ်ခြေအလိုက် စနစ်တကျ ဖြန့်ဝေလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ညောင်ဦးမြို့နယ်၌ ယခုနှစ် မိုးရွာသွန်းမှုနည်းခဲ့သည့်အတွက် အညာကျေးလက်ဒေသများရှိ မြေသားမိုးရေလှောင်ကန်များမှာ ဆောလျင်စွာ ရေခန်းခြောက်မှုများဖြစ်ခဲ့၍ ကျေးရွာအချို့တွင် သောက်သုံးရေရှားပါးမှု အခက်အခဲများ ကြုံတွေ့နေရသည်။ သို့ပါ၍ စေတနာရှင်ပြည်သူများအနေဖြင့် သောက်သုံးရေ ကုသိုလ်ပြုပါဝင်လှူဒါန်းလိုပါက ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာ ပရဟိတရေလှူအဖွဲ့မှ ဦးဝင်းမင်းထွန်း ဖုန်း -၀၉-၄၂၀၃၈၀၇၇၀ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

❂ စာမျက်နှာ ၁၈ မှ

**ပရဟိတလုပ်ငန်းတွေ စတင်လုပ်ဖြစ်ပုံ**

ဘီလ်ဂိတ်က ၁၉၉၃ ခုနှစ်ကနေ ၂၀၀၇ ခုနှစ်အထိ ကမ္ဘာ့အချမ်းသာဆုံး နံပါတ် (၁) နေရာကို ယူခဲ့ပါတယ်။ ၂၀၁၅၊ ၂၀၁၆၊ ၂၀၁၇ ခုနှစ်တွေမှာလည်း ကမ္ဘာ့အချမ်းသာဆုံး နံပါတ် (၁) နေရာကို သုံးနှစ်ဆက်တိုက် ယူထားပါတယ်။ ဘီလ်ဂိတ် ချမ်းသာအောင်မြင်လာတဲ့အခါမှာ ပြည်သူတွေက ဘီလ်ဂိတ်ကို သူ့ရဲ့ ချမ်းသာကြွယ်ဝမှုတွေကို ကုသိုလ်ဖြစ်အကျိုးပြုတဲ့နေရာတွေမှာ အသုံးပြုဖို့ ပြောဆိုလာကြတာကို ဘီလ်ဂိတ်က လက်ခံလာပါတယ်။ ဘီလ်ဂိတ်ဟာ အင်ဒရူးကာနေဂျီ (Andrew Carnegie) နဲ့ ဂျွန်ဒီရောက်ကာဖဲလား (John D.Rockefeller) တို့ရဲ့ ပရဟိတလုပ်ငန်းတွေကိုလေ့လာပြီး ၁၉၉၄ ခုနှစ်မှာ ဖောင်ဒေးရှင်းတစ်ခု တည်ထောင်ဖို့ သူ့ရဲ့ မိုက်ကရိုဆော့ဖ် ရှယ်ယာအချို့ကို ရောင်းခဲ့ပါတယ်။ အင်ဒရူးကာနေဂျီက သံမဏိလုပ်ငန်းနဲ့ ချမ်းသာကြွယ်ဝလာသူဖြစ်ပြီး ဂျွန်ဒီရောက်ကာဖဲလားကတော့ ရေနံသူဌေးကြီး ဖြစ်ပါတယ်။

၂၀၀၀ ပြည့်နှစ်မှာ ဘီလ်ဂိတ်နဲ့ သူ့ဇနီးတို့ဟာ ဘီလ်နဲ့ မီလင်ဒါဂိတ် ဖောင်ဒေးရှင်း (Bill and Melinda Gates Foundation) ကို တည်ထောင်ခဲ့ပါတယ်။ ၂၀၁၄ ခုနှစ် စာရင်းဇယားတွေအရ ဘီလ်နဲ့ မီလင်ဒါဂိတ်တို့ဟာ ပရဟိတလုပ်ဖို့အတွက် ၄၄ ဒသမ ၃ ဘီလီယံ လှူခဲ့ပြီးပါပြီ။ အမေရိကနိုင်ငံက ပရဟိတလုပ်သူတွေထဲမှာ ဒုတိယအများဆုံးလှူသူတွေ ဖြစ်လာပါတယ်။ တဖြည်းဖြည်းနဲ့ သူတို့ ချမ်းသာကြွယ်ဝမှုရဲ့ ၉၅ ရာခိုင်နှုန်းအထိကို ကုသိုလ်ဖြစ် လုပ်ငန်းတွေလုပ်ဖို့ အစီအစဉ်ချခဲ့ပါတယ်။

၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာလ ၉ ရက်နေ့မှာတော့ သန်းကြွယ်သူဌေးကြီး ဝါရင်ဘာဖက် (Warren Buffett)၊ မတ်ဇူကာဘတ် (Mark Zuckerberg) နဲ့ ဘီလ်ဂိတ်တို့က ၎င်းတို့ပိုင်ဆိုင်မှုရဲ့တစ်ဝက်ကို အမြဲလှူမယ်ဆိုပြီး သဘောတူခဲ့ကြပါတယ်။ ဒီသဘောတူညီချက်ဟာ ဂိတ်-ဘာဖက် လှူဒါန်းမှုသဘောတူညီချက်ဆိုပြီး နာမည်ကြီးပါတယ်။ မိမိပိုင်ဆိုင်တာကို တစ်ဝက်လှူမယ်ဆိုတာ အင်မတန်မှ စွန့်လွှတ်နိုင်စိတ် အားကောင်းသူတွေမို့ပါ။ ဒါ့အပြင် သူဌေးကြီးသုံးယောက်ပေါင်းပြီး မိမိပိုင်ဆိုင်မှုကို တစ်ဝက်လှူမယ်လို့ ကတိကဝတ်ပြုကြတာ အလွန်ပဲ အတုယူဖို့ကောင်းပါတယ်။

■

# ဘီလ်ဂိတ်၏အောင်မြင်မှုမှ အတုယူစရာများ

**ပထမအချက်**

ဘီလ်ဂိတ်ဟာ အသက် ၁၃ နှစ်ကတည်းက ကွန်ပျူတာကို စတင်အကျွမ်းဝင်ရင်းနှီးပြီး စိတ်ဝင်စားခဲ့ပါတယ်။ သူစိတ်ဝင်စားခဲ့တဲ့ ကွန်ပျူတာကို တစိုက်မတ်မတ် လေ့လာခဲ့ပါတယ်။ ဟားဗတ်တက္ကသိုလ်ကို ရောက်တဲ့အခါမှာလည်း သူစိတ်ဝင်စားတဲ့ ကွန်ပျူတာပညာကိုပဲ ကျွမ်းကျင်သထက်ကျွမ်းကျင်အောင် လေ့လာသင်ယူခဲ့ပါတယ်။ ပထမနှစ်အပြီးမှာ ကျောင်းက ထွက်ခဲ့ပါတယ်။ ဘွဲ့တောင်မရခဲ့ပါဘူး။ ဒါပေမယ့် အသက် ၃၂ နှစ်မှာ ဘီလျံနာဖြစ်နေပါပြီ။ လူငယ်တွေဟာ မိမိစိတ်ဝင်စားတာ မိမိကျွမ်းကျင်တာကို တော်သထက်တော်လာအောင်၊ ကျွမ်းကျင်သထက် ကျွမ်းကျင်လာအောင် တစိုက်မတ်မတ် ကြိုးစားသင့်ပါတယ်။ အချိန်ယူပြီး ကြိုးစားရတယ်ဆိုတာ သတိပြုစေချင်ပါတယ်။

**ဒုတိယအချက်**

၁၉၇၅ ခုနှစ်မှာ အယ်လ်တယ် ၈၈၀၀ (Altair 8800) ကွန်ပျူတာ ထွက်လာပါတယ်။ ဒီကွန်ပျူတာဟာ ပထမဦးဆုံး မိုက်ကရိုကွန်ပျူတာဖြစ်ပြီး တစ်ချိန်မှာ လူတိုင်းသုံးလာမယ်ဆိုတာကို ကြိုသိခဲ့တဲ့ ဘီလ်ဂိတ် ရဲ့ အမြော်အမြင်ကြီးမှုဟာ အတုယူဖို့ကောင်းပါတယ်။ ဒီမိုက်ကရိုကွန်ပျူတာတွေအတွက် ဆော့ဖ်ဝဲကောင်းကောင်းမရှိတာကို သိပြီး ဆော့ဖ်ဝဲရေးမယ်ဆိုပြီး ကုမ္ပဏီထောင်ခဲ့ပါတယ်။ ရလာတဲ့အခွင့်အရေးကို နှောင့်နှေးမနေဘဲ ကျောင်းကတောင်ထွက်ပြီး စွန့်စားခဲ့တာကို အလွန်ပဲ အတုယူရပါမယ်။ အကြံဉာဏ်ကောင်းတွေရှိပေမယ့် စတင်လုပ်ဆောင်ဖို့ နှောင့်နှေးနေတာ၊ စတင်စွန့်စားဖို့ မဝံ့မရဲဖြစ်နေသူတွေ ဘီလ်ဂိတ်ကို နမူနာယူပြီး လုပ်စရာရှိတာကို စလုပ်ဖို့ တိုက်တွန်းလိုပါတယ်။

**တတိယအချက်**

စစ်မှန်တဲ့ ဒီမိုကရေစီနိုင်ငံတွေရဲ့ စီးပွားရေးလုပ်ငန်းမှာ တရားသောယှဉ်ပြိုင်မှုကို အလေးပေးပါတယ်။ တကယ်တော့ ဘီလ်ဂိတ်ကို အစိုးရကနေ လက်ဝါးကြီးအုပ်ခွင့်ပေးခဲ့တာ မဟုတ်ပါဘူး။ မိုက်ကရိုဆော့ဖ်ကုမ္ပဏီကို ဘီလ်ဂိတ်အောင်မြင်ကြီးထွားအောင်လုပ်ရာကနေ တခြားကုမ္ပဏီတွေက ယှဉ်ပြိုင်ဖို့ ခက်လာတဲ့အတွက်ကြောင့် အမေရိကန်အစိုးရက ဝင်ပါလာတာ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ တစ်ချိန်တုန်းက စီးပွားရေးလုပ်ငန်းတွေမှာ တစ်ဦးတည်းကို လုပ်ခွင့်ပေးတာ၊ ကုမ္ပဏီတစ်ခုတည်းကို ပြိုင်ဘက်မရှိ လုပ်ကိုင်ခွင့်ပေးတာတွေ ရှိခဲ့ပါတယ်။ စစ်မှန်တဲ့ ဒီမိုကရေစီနိုင်ငံအဖြစ် ကမ္ဘာ့အလယ်မှာ ကြွားကြွားဝင့်ဝင့် ရပ်တည်ချင်ရင်တော့ ဒီလိုလုပ်ရပ်တွေကို ရှောင်ရှားရပါလိမ့်မယ်။ စီးပွားရေးမှာ တရားသော ယှဉ်ပြိုင်မှုဖြစ်ရေးကို အစိုးရက ထိန်းသိမ်းစောင့်ရှောက်ရပါလိမ့်မယ်။

**စတုတ္ထအချက်**

၂၀၁၄ ခုနှစ်စာရင်းအရ အမေရိကန်ဒေါ်လာ ၄၄ ဒသမ ၃ ဘီလီယံကို ဘီလ်ဂိတ် လှူဒါန်းခဲ့ပြီး ဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ်မှာ မိုက်ကရိုဆော့ဖ် စီအီးအိုအဖြစ်က အနားယူခဲ့ပြီး လူမှုရေးအလုပ်တွေပဲ လုပ်နေခဲ့ပါတယ်။ မိမိတစ်ယောက်တည်း လှူဒါန်းရုံသာမက သန်းကြွယ်သူဌေးတွေဖြစ်တဲ့ ဝါရင်ဘာဖက်နဲ့ မတ်ဇူကာဘတ်တို့ကိုလည်း သူနဲ့အတူ လှူဒါန်းဖို့အတွက် လက်တွဲစည်းရုံးခဲ့တာလေးက အတုယူဖို့ ကောင်းပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာလည်း သန်းကြွယ်သူဌေးတွေ စုပေါင်းကတိကဝတ်ပြုကြပြီး လူသားအကျိုးတွေကို ဆောင်ရွက်သင့်ပါတယ်။ ။

(ဆရာ ကျော်ကျော်လှိုင်၏ "၂၁ ရာစု တစ်လွှား လူသားအကျိုးပြု၍ ချမ်းသာအောင်မြင်လာသူများ" စာအုပ်မှ "မိုက်ကရိုဆော့ဖ် တည်ထောင်သူ ဘီလ်ဂိတ်" အတ္ထုပ္ပတ္တိဆောင်းပါးကို စာရေးသူ၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်း ဖြစ်ပါသည်။ စာတည်း)

# လေးစားတန်ဖိုးထားစရာ မြန်မာ့ယဉ်ကျေးမှုပန်းပုသုခုမအနုပညာ



ပန်းပုဆိုသည်မှာ သစ်သား၊ ဆင်စွယ်၊ ဖယောင်းစသော ဝတ္ထုပစ္စည်းများကို ရုပ်လုံး၊ ရုပ်ကြွပေါ်အောင် ထုလုပ်ရသော ပညာတစ်မျိုးဖြစ်သည်။ ပန်းပုပညာသည် အေဒီ ၁ ရာစုခေတ်ကပင် တည်ရှိခဲ့ပြီး ပျူလူမျိုးတို့ လက်ထက်တွင် အထင်အရှားပေါ်ပေါက်နေပြီဖြစ်ကြောင်း သရေခေတ္တရာမြို့ဟောင်း၊ ဟန်လင်းမြို့ဟောင်း၊ ဗိဿနိုးမြို့ဟောင်းများ တူးဖော်ရာတွင် တွေ့ရှိသောပစ္စည်းများက အခိုင်အမာသက်သေပြလျက်ရှိသည်။

## ပုဂံခေတ်တွင် ပန်းပုပညာထွန်းကား

ပန်းပုထုလုပ်ရာတွင် (၁) ရုပ်လုံး၊ (၂) ရုပ်ခုံး၊ (၃) ရုပ်ကြွဟူ၍ ပုံသဏ္ဌာန်အားဖြင့် သုံးမျိုးထုလုပ်ကြသည်။ ပန်းပုထုလုပ်သည့် ပညာကိုရှေးနှစ်ပေါင်း ၂၀၀၀ ကျော်က သစ်သားအပြင် ရွှေ၊ ငွေ၊ ကြေး၊ သတ္တု၊ သံလောဟာကျောက်၊ ကျောက်စိမ်းတို့ဖြင့် ထုလုပ်ကြကြောင်း ရုပ်တု၊ ပန်းပုလက်ရာ အထောက်အထားများနှင့် ရှေးဟောင်းပုဂံခေတ်ကျောက်စာများအရ သိရှိရပြီး ပုဂံခေတ်တွင် ပန်းပုပညာထွန်းကားနေကြောင်း သိရပြန်သည်။

မြန်မာနိုင်ငံတွင် ရှေးခေတ် ပန်းပုပညာလက်ရာများကို စေတီပုထိုးများနှင့် ကျောင်းကန်ဘုရားများ၌သာ တွေ့ရှိရသောကြောင့် ပန်းပုနှင့် စေတီပုထိုးအတူတကွ ပေါ်ပေါက်လာခဲ့သည်ဟုယူဆကြသည်။

## ယဉ်ကျေးမှုသုခုမအနုပညာ အထွန်းကားဆုံးခေတ်

ပုဂံခေတ်သည် မြန်မာပြည်၏ ယဉ်ကျေးမှု သုခုမအနုပညာများ အထွန်းကားဆုံးခေတ်ဟု မှတ်တမ်းတင်ခဲ့ကြရာ ဤပန်းဆယ်မျိုးထဲမှ ပန်းပုပညာသည်လည်း ယဉ်ကျေးမှုပညာရပ်များအဖြစ် အခိုင်အမာထွန်းကား ပေါ်ပေါက်နေပြီဖြစ်ကြောင်း တွေ့ရသည်။ ပုဂံခေတ်ရှိ ရုပ်လုံး၊ ရုပ်ခုံး၊ ရုပ်ကြွများမှာအဆင့်အတန်းမြင့်မားလှသောကြောင့် ပုဂံခေတ် ယဉ်ကျေးမှုအနုပညာလက်ရာများကို နိုင်ငံခြားမှ သုတေသနပညာရှင်တို့က တအံ့တသြချီးကျူးနေကြကြောင်းစာများအရလည်းကောင်း၊ လူပုဂ္ဂိုလ်များ၏ ပြောပြချက်များအရ လည်းကောင်း သိရသည်။

ပုဂံခေတ် လွန်ပြီးနောက် စစ်ကိုင်း၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင်၊ ရတနာပုံဖြိတိသျှကိုလိုနီခေတ်၊ လွတ်လပ်ရေးခေတ်၊ ဆိုရှယ်လစ်ခေတ်ပြောင်းတော်လှန်ရေးခေတ်စသည့် ခေတ်အသီးသီးတွင် ပန်းပုပညာရှင်တို့၏ ကြိုးပမ်းတီထွင်မှု၊ ထုလုပ်ဖန်တီးမှု၊ လက်ရာမြောက်မှုတို့သည် အံ့မခန်းအောင် သက်သေပြနိုင်ခဲ့ကြသည်။

## ပုံတူပန်းပုထုလုပ်မည်ဆိုပါက

ပန်းပုပညာရှင် တစ်ဦးသည် ပုံတူပန်းပုထုလုပ်မည်ဆိုပါက ပကတိပုံ၏ ပင်ကိုမျက်နှာအနေအထား၊ ကိုယ်ဟန်အနေအထားတို့ကို တူအောင်ထုလုပ်ရမည်။ မူလပိုင်ရှင်ပုံ၏ စိတ်ခံစားမှုများကို ဖော်ပြရာ၌ ဝမ်းနည်းရမည့်ပုံ၊ ဝမ်းသာရွှင်လန်းရမည့်ပုံ၊ ဒေါသထွက်ရမည့်ပုံ၊ ကြောက်ရွံ့ထိတ်လန့်နေသည့်ပုံ စသည့်ဟန်အမူအရာ အသွင်အပြင်များကို သရုပ်ဖော်ထုလုပ်ရာတွင် အသက်ဝင် ပီပြင်နေပြီး ကြည့်ရှုသူတို့အဖို့ ပကတိလူဟုပင် ထင်မြင်မှားရလောက်အောင် ရုပ်ကြွကာ အသက်ဝင်နေရပါမည်။

## မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံကို မစွန့်လွှတ်ရ

ပန်းပုပညာရှင်တို့သည် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံကို မစွန့်လွှတ်ရပါ။ အစဉ်ထိန်းသိမ်း၍ အမျိုးသားယဉ်ကျေးမှု၊ အမျိုးသားဟန်တို့ကိုထုလုပ်သည့်ပန်းပုရုပ်တွင် အပြည့်အဝပါဝင်စေရမည်။ ပန်းပုပညာရှင်များသည် ပန်းပုထုလုပ်ရာတွင် သူမတူအောင် အနုပညာစိတ်ကူးစိတ်သန်းများ၊ အတွေးအခေါ်အယူအဆများဖြင့် စိတ်ရှည်ရှည်ထားပြီး စေ့စပ်သေချာစွာဖြင့် ထုလုပ် အကောင်အထည်ဖော်ရပါမည်။ မိမိတို့ ထုလုပ်လိုက်သော အရုပ်များကို ရုပ်လုံးဖော်ရာတွင် တိကျစွာမှန်းဆတွက်ချက်နိုင်စွမ်းရှိရမည်။ ပန်းပုပညာသည် အနုပညာပြည့်စုံစွာ ဆည်းပူးထားသော အသိတရားနှင့် အထူးကျွမ်းကျင် လိမ္မာစွာလေ့ကျင့်ထားသောလက်ဖြင့် ပေါင်းစပ်လျက် ပန်းပုရုပ်ကို အမှားအယွင်းမရှိစေဘဲ ထုလုပ်နိုင်ရမည်။ သို့မှသာ မြင်ရသူတို့အဖို့ ကြွကြွရွရွဖြင့် လှပသေသပ် ခန့်ညားနေသော ပန်းပုရုပ်တုတစ်ခုဖြစ်လာပေတော့မည်။

**ဇေယျာထက် (မင်းဘူး)**



# ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသရှိ အထင်ကရဘုရားများသို့ သွားရောက်ဖူးမြော်သူဦးရေ တစ်ရက်ထက်တစ်ရက်များပြားလာ

**ညောင်ဦး ဖေဖော်ဝါရီ ၂၇**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသသို့ ဘုရားဖူးခရီးသွားများ လာရောက်ဖူးမြော်လျက်ရှိရာ တစ်ရက်ထက်တစ်ရက် ဘုရားဖူးလာရောက်သူများပြားလာလျက်ရှိကြောင်း ရွှေစည်းခုံဘုရား ဂေါပကအဖွဲ့ထံမှ သိရသည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသသို့ နယ်ပယ်စုံမှ လာရောက်ဖူးမြော်လျက်ရှိရာ ဘုရားဖူးလာရောက်သူများအား ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ဖူးမြော်ခွင့်ပြုထားပြီး ဘုရားရင်ပြင်တော် ပရိဝုဏ်အကျယ်အဝန်းပေါ်မူတည်ပြီး ဘုရားဖူးဝင်ရောက်ခွင့် သတ်မှတ်ထားရာ ဘုရားဖူးလာ ပြည်သူများကလည်း စည်းကမ်းလိုက်နာ ဖူးမြော်လျက်ရှိကြောင်း၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသအား ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားချိန်မှစတင်ပြီး ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ပိတ်ထားခဲ့ရာ ယခုနှစ် ဖေဖော်ဝါရီ ၈ ရက်မှစတင်ပြီး ပုဂံဒေသရှိအထင်ကရ သမိုင်းဝင်ဘုရား ၁၉ ဆူတို့အား ဗုဒ္ဓါဘိသေကဘုရားအနေကဇာတင်ကြကာ ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသပြန်လည်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသ ပြန်လည်ဖွင့်လှစ်ချိန်မှစတင်ကာ ပြည်တွင်းဘုရားဖူးလေ့လာရေး ခရီးသွားများလာရောက်လျက်ရှိရာ ဂေါပကအဖွဲ့ထားရှိသည့် ဘုရား ၁၉ ဆူသာ ဘုရားဖူးလာရောက်မှုမှတ်တမ်းထားရှိကြောင်း သိရသည်။

ရွှေစည်းခုံဘုရားကြီးသို့ ဘုရားဖူးလာရောက်သည့် မှတ်တမ်းအရ မန္တလေး၊ မိုးကုတ်၊ ရန်ကုန်၊ မြင်းခြံ၊ တံတားဦး၊ ပြင်ဦးလွင်၊ မိတ္ထီလာ၊ ကျောက်ပန်းတောင်း၊ မကွေး၊ ချောက်၊ နတ်မောက်၊ တောင်သာ၊ ကြို့ပင်ကောက်၊ ပခုက္ကူမြို့များမှ လာရောက်ဖူးမြော်ကြပြီး ဖွင့်လှစ်ပြီဟု သိချိန်မှစတင်ကာ တစ်ရက်ထက်တစ်ရက် ဘုရားဖူးဝင်ရောက်လာမှု များလာကြောင်း၊ တစ်ရက်လျှင် ၁၅၀ မှ ၂၀၆ ဦးထိ ဘုရားဖူးလာရောက်လျက်ရှိကြောင်း၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသတွင် ဘုရား၊ စေတီ၊ ပုထိုး၊ ဂူဘုရား၊ သာသနိကအဆောက်အအုံ ၃၈၀၀ ခန့်ရှိကြောင်း သိရကာ ကျန်းမာရေးဦးစီးဌာန၊ လမ်းညွှန်ချက်များနှင့်အညီ ဝင်ရောက်ဖူးမြော်ခွင့်ပြုထားကာ လာရောက်သည့်မြို့၊ ဖုန်းနံပါတ်၊ ကားနံပါတ်၊ နေရပ်လိပ်စာ၊ အပြည့်အစုံ စာရင်းယူမှတ်တမ်းထားကြောင်းလည်း သိရသည်။

**ကိုထိန်(ပြန်/ဆက်)**

# လိုဘာခို-ခူးပရာကျေးရွာချင်းဆက်လမ်း ကျောက်ခင်းခြင်း၊ Box Culvert တည်ဆောက်ခြင်းများ ဆောင်ရွက်

**ဒီးမော့ဆို ဖေဖော်ဝါရီ ၂၇**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် နယ်စပ်ဒေသဖွံ့ဖြိုးရေးအတွက် လမ်းပန်း ဆက်သွယ်ရေးကဏ္ဍ ကောင်းမွန်ရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာန၏ အဓိကလုပ်ငန်းတာဝန်(၂)ရပ်ဖြစ်သည့် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသနေ လူငယ်များ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းတာဝန်များအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ နယ်စပ်ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ပေးမည့် စီမံကိန်းမြို့နယ် ၁၆၈ မြို့နယ်မှ ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်သည်လည်း အဓိကအပါအဝင်ဖြစ်ကြောင်း သိရသည်။

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်အတွင်း ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ရန်ပုံငွေ ကျပ် ၂၄၃ ဒသမ ၆၁၅ သန်းဖြင့် လိုဘာခိုကျေးရွာအုပ်စု၊ လိုဘာခို-ခူးပရာ ကျေးရွာချင်းဆက်လမ်း ကျေးရွာချင်းဆက်ကျောက်ခင်းလမ်း ၇ မိုင်အနက် ၁ မိုင် ၂ ဖာလုံကတ္တရာခင်းခြင်းလုပ်ငန်းနှင့် အဆိုပါလမ်းပေါ်တွင် Box Culvert ငါးစင်း ဆောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်ပေးလျက်ရှိရာ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးနိုင်ရေး တာဝန်ရှိသူများကွင်းဆင်းစစ်ဆေးခဲ့ရာ လုပ်ငန်း ၇၅ ရာခိုင်နှုန်း ပြီးစီးနေကြောင်း သိရသည်။

အဆိုပါ ကျေးရွာချင်းဆက် ကတ္တရာလမ်း ဆောင်ရွက်ပြီးစီးပါက ဒေသခံကျေးရွာကိုးရွာ၊ အိမ်ခြေ ၅၆၁ အိမ်၊ လူဦးရေ ၃၂၈၇ ဦးတို့အား အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

**ကိုစိုင်း (လွိုင်ကော်)**

# မယ်စဲ့မြို့နယ်၌ ကျေးလက်ဒေသ ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်

**မယ်စဲ့ ဖေဖော်ဝါရီ ၂၇**

ကယားပြည်နယ် မယ်စဲ့မြို့နယ်၌ ကျေးလက်နေပြည်သူများ သောက်သုံးရေရရှိစေရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသရေပေးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ကွင်းဆင်းစစ်ဆေးခဲ့သည်။

မယ်စဲ့မြို့နယ်အတွင်းရှိ ကျေးလက်ဒေသများ၌ သောက်သုံးရေ ဖူလုံစွာ ရရှိစေရေးအတွက် ကျောက်စုကျေးရွာ၌ ဂါလန် ၂၄၀၀ ဆံ့ အမြင့်တင်ရေစင် တည်ဆောက်လျက်ရှိရာ လုပ်ငန်း ၉၂ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ပြီး ကျောက်စုကျေးရွာတွင်း ၂ လက်မ PVC ရေပိုက်လိုင်း အရှည်ပေ ၂၀၄၈၀ သွယ်တန်းခြင်းလုပ်ငန်း၊ လယ်တောကျေးရွာ ရေတားတမံ (၂၅x၃x၆) ပေ တည်ဆောက်ခြင်းလုပ်ငန်း၊ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန် တည်ဆောက်ခြင်းလုပ်ငန်းနှင့် ကျေးရွာတွင်း ၂ လက်မ PVC ရေပိုက်လိုင်း အရှည် (၁/၄) မိုင် သွယ်တန်းခြင်းလုပ်ငန်းနှင့် ဟိုဂျစ်ကျေးရွာ၌ အရှည်ပေ ၃၀၀၀ စိမ့်စမ်းရေ သွယ်တန်းခြင်းလုပ်ငန်းတို့ကို တင်ဒါအောင်မြင်သည့် ရွှေတြိဂံကုမ္ပဏီက တာဝန်ယူ ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်သဖြင့် လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေး ပြည့်မီမှု ရှိ/မရှိ မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဦးက ကွင်းဆင်းစစ်ဆေးရာ ကုမ္ပဏီမှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

**ဝတ်ရည် (ပြန်/ဆက်)**

■

# ပဲတီစိမ်းသီးနှံများ နည်းစနစ်မှန်ကန်စွာ စိုက်ပျိုးခြင်းကြောင့် အထွက်နှုန်းတိုး

**မင်းဘူး ဖေဖော်ဝါရီ ၂၇**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် ဥယျာဉ်ဇင်ကျေးရွာတွင် ပဲတီစိမ်းသီးနှံများကို နည်းစနစ်မှန်ကန်စွာစနစ်တကျ စိုက်ပျိုးခြင်းကြောင့် အထွက်နှုန်းကောင်းသလို ဈေးနှုန်းလည်းကောင်းသောကြောင့် တောင်သူများ အဆင်ပြေလျက်ရှိကြောင်း ဥယျာဉ်ဇင်ကျေးရွာနေတောင်သူများထံမှ သိရသည်။

ပဲတီစိမ်းသီးနှံသည် စိုက်ပျိုးသူများသကဲ့သို့ ပြည်တွင်းဈေးကွက်လည်း ဈေးကောင်းရရှိနေသော သီးနှံဖြစ်သည်။ မိုးစပါးအပြီး သီးထပ်စိုက်ပျိုးကြသူများရှိသလို မြေကြီးအတွင်းရှိ မြေအစိုဓာတ်ကို ဖမ်းပြီး စိုက်ပျိုးကြသူများနှင့် ရေသွင်းစိုက်ပျိုးကြသူများလည်းရှိသည်။ ရေသွင်းစိုက်ပျိုးနည်းသည် ပန်းပွင့်ချိန် သီးတောင့် အစေ့အဆံရင့်ချိန် ရေပေးနိုင်လျှင် ပို၍ကောင်းသည်။

ပဲတီစိမ်းပင်များသည် စိုက်ပျိုးချိန်၊ မျိုးစေ့ချချိန်၊ အပွင့်ပွင့်ချိန်၊ အစေ့တည်ချိန်များသည် ရေလိုအပ်ချိန်များဖြစ်သည်။ သို့သော် ရေသွင်းသည့်ပမာဏသင့်တင့်မှန်ကန်မှုရှိမှသာအပင်ဖြစ်ထွန်းမှုကောင်းသည်။ မျိုးစေ့မှအပင်ပေါက်ပြီး နှစ်လသားအတွင်း အစိုဓာတ် လုံလောက်မှုရှိရမည်။ ပန်းပွင့်ချိန်မှ ရိတ်သိမ်းချိန် အထိ မြေအစိုဓာတ် အနည်းငယ်နှင့် အေးမြနေလျှင် အထွက်နှုန်းကောင်းသော်လည်း ပန်းပွင့်ချိန် အပူချိန်မြင့်မားလျှင်တော့ အထွက်နှုန်းကို ထိခိုက်နိုင်သည်။

ယခုနှစ်တွင် ပဲတီစိမ်းများပေါ်ချိန် တစ်တင်းလျှင် ကျပ်၄၁၀၀၀ ဈေးမှအနည်းငယ်ကျဆင်းလာကာ ယခုအခါ တစ်တင်းလျှင် ကျပ်၃၈၀၀၀ ဈေးသာရောင်းချရကြောင်းတောင်သူကိုဘိုကြီးထံမှ သိရသည်။

မင်းဘူးမြို့တွင် ပွဲရုံများစွာရှိသော်လည်းဈေးများမှာ ညှိထားသကဲ့သို့ တစ်ရုံနှင့် တစ်ရုံကျပ် ၅၀၀ လောက်သာကွာပြီး ဈေးအသင့်အတင့်ရရှိကာ အထွက်နှုန်းလည်း ကောင်းသောကြောင့် အဆင်ပြေကြကြောင်း မင်းဘူး(စကု)မြို့နယ် ဥယျာဉ်ဇင်ကျေးရွာ တောင်သူများထံမှ သိရသည်။

**ဇေယျာထက် (မင်းဘူး)**





# ထိုင်ဝမ်သင်္ဘောသီးများရောင်းအားကောင်း၍ ထပ်မံစိုက်ပျိုး

**ညောင်ဦး ဖေဖော်ဝါရီ ၂၇**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် လက်ပံခြေပေါ်ကျေးရွာများ၊ သစ်ထောင့်ကျွန်းကျေးရွာများသည် ထိုင်ဝမ်သင်္ဘောစမ်းသပ်စိုက်ပျိုးခဲ့ရာ အသီးပေါ်ချိန် ဈေးကွက်အတွင်း ထွက်သလောက်ရောင်းအားကောင်းခြင်းကြောင့် ထပ်မံစိုက်ပျိုးရန် ပျိုးထောင်ခြင်းများ လုပ်ဆောင်လျက်ရှိကြောင်း သစ်ထောင့်ရွာနေတောင်သူ ဦးတင်မောင်ဝင်းထံမှ သိရသည်။

ညောင်ဦးမြို့နယ် ထိုင်ဝမ်သင်္ဘောစိုက်ပျိုးခြင်းကို ယခင်ကစိုက်ပျိုးမှုမရှိခဲ့ဘဲ တစ်ကေခန့် စမ်းသပ်စိုက်ပျိုးခဲ့ရာ အသီးသီးနှုန်းကောင်းမွန်ပြီး အသီးလည်းကြီးကာ အစိမ်းတစ်လုံးကျပ် ၃၀၀ မှ ၄၀၀ ထိ ရောင်းချခဲ့ရပြီး သင်္ဘောသီးအမှည့်တစ်လုံးကျပ် ၅၀၀ မှ ၇၀၀ အထိဖောက်သည် ဈေးရောင်းချခဲ့ရကြောင်း ဦးတင်မောင်ဝင်းက ရှင်းပြသည်။

ထိုင်ဝမ်သင်္ဘောသီးပင်သည် အပင်ခပ်နိမ့်နိမ့်ဖြင့်ပင် အသီးများပြွတ်နေအောင်သီးကာ အပင်နှင့် အသီးမလိုက်ဖက်အောင် အသီးများကြောင်း သိရပြီး သင်္ဘောသီးအမှည့်ကို ဦးစားပေးရောင်းချရခြင်းကြောင့် ပြွတ်သိပ်သီးသည့် အသီးများခွဲကာ သင်္ဘောသီး စိမ်းဆွတ်ခူးရောင်းချကြကြောင်းလည်း သိရသည်။

ထိုင်ဝမ်သင်္ဘောမျိုးများသည် ပထမမျိုးဆက်သာ အသီးသီးနှုန်း ကောင်းမွန်ကြီးထွားပြီး ဒုတိယမျိုးဆက် အပင်ပေါက်သော်လည်း အသီးမကြီးခြင်း၊ အဖိုပင်၊ အမပင်ရောနှောဖြစ်နေတတ်ခြင်းကြောင့် မူရင်းအစေ့ထုပ်သာ ပြန်ဝယ်၍စိုက်ပျိုးကြကြောင်းလည်းသိရသည်။

ညောင်ဦးမြို့နယ်တွင်ထိုင်ဝမ်သင်္ဘောများစီးပွားဖြစ်အောင်မြင်ဖြစ်ထွန်းလာကာ ပခုက္ကူဈေးကွက်၊ ညောင်ဦး၊ ပုဂံ၊ မြင်းခြံဈေးကွက်များသို့ ထွက်သလောက် ရောင်းချနေရကာ ထပ်မံစိုက်ပျိုးပျိုးထောင်မှုများရှိနေကြောင်း သစ်ထောင့်ကျေးရွာနေ ဦးရန်နိုင်က ရှင်းပြသည်။

ထိုင်ဝမ်သင်္ဘောစိုက်ပျိုးခြင်းအား ကျောက်ပန်းတောင်းမြို့နယ် ကြက်မောက်တောင်ဆည် ပတ်ဝန်းကျင်ကျေးရွာများတွင် စီးပွားဖြစ် အများအပြား စိုက်ပျိုးကြကြောင်းလည်း သိရသည်။

**ကိုထိန်(KPD)**



# ပွင့်ဖြူမြို့နယ် ညောင်ကုန်းကျေးရွာ၌ ဘူးသီးဈေးထက် အညွန့်ဈေးကောင်း

**ပွင့်ဖြူ ဖေဖော်ဝါရီ ၂၇**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ညောင်ကုန်းကျေးရွာ ဟင်းသီးဟင်းရွက်စားပင်သီးနှံများတွင် ဘူးသီးစိုက်ပျိုးရေးလုပ်ငန်းမှာ ဈေးကွက်တွင် အသီးဈေးနှုန်းထက် အညွန့်ခူး၍ ရောင်းချရာတွင် တောင်သူများအတွက် ပိုမိုတွက်ခြေကိုက်လျက်ရှိကြောင်း သိရသည်။

ဘူးသီးစိုက်ပျိုးရေးလုပ်ငန်းသည် ပင်ပြန့်စိုက်ပျိုးနည်းနှင့် စင်ထိုး၍ စိုက်ပျိုးနည်း ဟူ၍ နှစ်မျိုးရှိကြောင်း၊ ပင်ပြန့်စိုက်ပျိုးပါက အသီးသီးရာတွင် ဖြစ်ထွန်းမှုနည်းပြီး စင်ထိုး၍ စိုက်နည်းစနစ်ဖြင့် စိုက်ပျိုးပါက ပိုမိုအောင်မြင်ဖြစ်ထွန်းမှုရှိကာ အသီးများ ပို၍သီးကြောင်း သိရသည်။

ဘူးသီးစိုက်ပျိုးရေးလုပ်ငန်းသည် စိုက်ပျိုးပြီး နှစ်လကြာပါက အသီးနှင့် အညွန့်များကို ဆွတ်ခူးရောင်းချရကြောင်း၊ လက်ရှိတွင် ဈေးကွက်၌ ဘူးသီးတစ်လုံးလျှင် ငွေကျပ် ၅၀၀ နှုန်း ရောင်းချရပြီး ဘူးညွန့်တစ်ညွန့်လျှင် ၁၅ ကျပ်နှုန်း ရောင်းချနေရသဖြင့် စီးပွားရေး ပိုမိုတွက်ခြေကိုက်လျက်ရှိကြောင်း ညောင်ကုန်းကျေးရွာနေ ဟင်းသီးဟင်းရွက်စားပင်သီးနှံစိုက်ပျိုးတောင်သူများထံမှ သိရသည်။

**ရဲဝင်းနိုင်(ပြန်/ဆက်)**

# ပုံမှန်ဝင်ငွေဖော်ဆောင်ပေးနိုင်သော စံပယ်ပန်းစိုက်ပျိုးရေးလုပ်ငန်း

**မန္တလေး ဖေဖော်ဝါရီ ၂၇**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်အတွင်းရှိ ကျေးရွာများတွင် နေ့စဉ်ပုံမှန်ဝင်ငွေဖော်ဆောင် ပေးလျက်ရှိသည့် တစ်ပိုင်တစ်နိုင် စံပယ်ပန်း စိုက်ပျိုးသည့် လုပ်ငန်းလုပ်ကိုင်သူများပြားလျက်ရှိသည်။

ပုသိမ်ကြီးမြို့နယ်အတွင်းရှိ ကျေးရွာများတွင် အများအားဖြင့် စံပယ်လေးနှင့်စံပယ်ကြီး နှစ်မျိုးကို အဓိကစိုက်ပျိုးပြီး တပေါင်းလမှ သီတင်းကျွတ်လအထိ စံပယ်ပန်းခူးကာ ရောင်းချကြသည်။ အိုးမကွာအိမ်မကွာဝင်ငွေဖော်ဆောင်ပေးသည့်အတွက် အိမ်ဘေးပတ်ဝန်းကျင်တွင် စံပယ်ပန်းရုံများစိုက်ပျိုးလေ့ရှိသည်။

ပုသိမ်ကြီးမြို့နယ်အတွင်း သုံးရွာတွင် ကြက်ရုံး၊ ဘိတ်စံပယ်၊ စံပယ်ကြီး၊ ဆောင်းစံပယ်များကို အားထားစိုက်ပျိုးကြသည်။ စံပယ်ပင်ကို ဇွန်၊ ဇူလိုင်လများတွင် ပျိုးပင်များဝယ်ယူစိုက်ပျိုးလေ့ရှိသည်။ စံပယ်ပန်းပင်သည် တစ်ခါစိုက်ပျိုးရုံဖြင့် နှစ်စဉ်ပန်းခူးနိုင်ပြီး တွက်ခြေကိုက်သည်။

စံပယ်ကြီးမျိုးပွင့်ပြီဆိုပါက ညပိုင်း ၁၂ နာရီကျော်တွင် ပန်းခူးကာ မန္တလေးမြို့ရှိ ဈေးသို့ သွားရောက် ရောင်းချကြသည်။ ဘိတ်စံပယ်များကိုမူ ညနေပိုင်းအဖူးဖူးသည့်အချိန်မှစခူးပြီး ရေစိုအဝတ်ပါးဖြင့် ဖုံးအုပ်ပေးထားသည်။ ညပိုင်းတွင် မိသားစုလိုက်စုပေါင်းကာ စံပယ်ပန်းသီကာ ဈေးကွက်အတွင်း ရောင်းချကြရသည်။

စံပယ်ပန်းစိုက်ပျိုးမှုတွင် သုံးနှစ်သားအရွယ်တွင် ပန်းရုံကြီးမားပြီး တစ်ရုံလျှင် တစ်ခါခူး စံပယ်ပွင့် ၄၀၀ ကျော်ခူးကြရသည်။ ဘိတ်စံပယ်၊ စံပယ်ကြီး၊ ဆောင်းစံပယ်များ စိုက်ပျိုးထားပါက ရာသီအလိုက်ပွင့်သည့်အတွက် တစ်နှစ်ပတ်လုံးနီးနီးစံပယ်ပန်းခူးနေရသည်။ ဆောင်းစံပယ်မှာ မွှေးကြိုင်မှုနည်းပြီး ကျန်စံပယ်များမှာ မွှေးကြိုင်သင်းပျံ့မှုများသည်။

စံပယ်ရုံတစ်ရာခန့်ရှိပါက မိသားစုသုံးဦးနှင့် မနိုင်သည့်အတွက် လူငှားနှင့်ပန်းခူးရသည်လည်းရှိသည်။ စံပယ်ပန်းဈေးကွက်မှာ စံပယ်ပွင့်ခါစ တပို့တွဲလကုန်ခါနီးနှင့် တပေါင်းလတွင် ရှစ်ပွင့်ကုံးပါအကုံး ၁၀၀ လျှင် ငွေကျပ် ၅၀၀၀ အထိ ရောင်းချရသည်။ စံပယ်ပန်းအငှားခူးပါက တစ်ပြည်လျှင် ငွေကျပ် ၈၀၀ ပေးရသည်။

စံပယ်ပန်းများစိုက်ပျိုးခြင်းမှာ မိသားစု အိုးမကွာအိမ်မကွာ ပုံမှန်ဝင်ငွေဖော်ဆောင်ပေးသည့်အတွက် မန္တလေးမြို့နှင့်အနီး ပုသိမ်ကြီးမြို့နယ်အတွင်းရှိ ကျေးရွာများတွင် အများအပြား စိုက်ပျိုးကြကြောင်း တော်လှကျေးရွာမှ စံပယ်ပန်းစိုက်ပျိုးရောင်းချသူ တစ်ဦးက ရှင်းပြသည်။

**နွေနဒီ (မြစ်ငယ်)**

# ကြက်သွန်စိုက်တောင်သူများ ဈေးကောင်းရရန်မျှော်လင့်နေ

**မြင်းမူ ဖေဖော်ဝါရီ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ စိုက်ပျိုးထားရှိသော ကြက်သွန်စိုက်ခင်းများမှာ အောင်မြင်ဖြစ်ထွန်းလျက်ရှိရာ ကြက်သွန်ပေါ်ချိန်တွင်ဈေးကောင်းရရန် မျှော်လင့်လျက်ရှိကြောင်း သိရသည်။

ကြက်သွန်စိုက်ပျိုးရာတွင် တစ်ဧကလျှင် ငွေကျပ် ၁၀ သိန်းကျော်ကုန်ကျကြောင်း၊ စိုက်ပျိုးပြီး လေးလအကြာတွင် တူးဖော်ရကြောင်း၊ ထွက်ရှိမှုအနေဖြင့် တစ်ဧကလျှင် ကြက်သွန်အချိန် ၅၀၀၀ အထိရရှိနိုင်ကြောင်း၊ သို့ရာတွင် ကြက်သွန်ဈေးမှာ နှစ်စဉ် တည်ငြိမ်မှုမရှိကြောင်း၊ ပြည်ပ ဝယ်လက်များရှိသည့်နှစ်များတွင် တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀ အထက်ထိရရှိကြောင်း၊ ကျပ် ၁၀၀၀ နှုန်းရောင်းချရပါက တစ်ဧကလျှင် သိန်း ၅၀ ရရှိမည်ဖြစ်၍ မိမိတို့အတွက် အကျိုးအမြတ် သိန်း ၄၀ ခန့်ရရှိနိုင်မည်ဖြစ်သောကြောင့် ကြက်သွန်စိုက်တောင်သူများအနေဖြင့် ဈေးကောင်းရရန် မျှော်လင့်လျက်ရှိကြောင်း ထီးဆောင်းကျေးရွာမှ ကြက်သွန်စိုက် တောင်သူ ဦးမောင်လွင်ထံမှ သိရသည်။

မြင်းမူမြို့နယ် အတွင်းရှိ ထီးဆောင်းကျေးရွာ၊ ခြေယာတော်ကျေးရွာ၊ ကျော့မင်းကျေးရွာ အလ္လကပ္ပကျေးရွာနှင့် ပဲကူကျေးရွာတို့မှာနှစ်စဉ် ကြက်သွန်နီကို အဓိကထားကာ စီးပွားဖြစ် စိုက်ပျိုးကြသော ကျေးရွာများဖြစ်ကြောင်းသိရသည်။

**အောင်စိုးဖေ(မြင်းမူ)**

## ပဲခူးတိုင်းဒေသကြီး ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**ပဲခူး ဖေဖော်ဝါရီ ၂၇**
ပဲခူးတိုင်းဒေသကြီး ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီ ဥက္ကဋ္ဌ ဦးမျိုးဆွေဝင်း ဦးဆောင်၍ ပဲခူးတိုင်းဒေသကြီး ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၆ ရက် မွန်းလွဲ ၂ နာရီက တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး တော်ဝင်ဟံသာခန်းမ၌ Online Meeting စနစ်ဖြင့် ပြုလုပ်သည်။

ပဲခူးတိုင်းဒေသကြီး ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီ ဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းက ပဲခူးတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိမှုများ လျော့ကျလျက်ရှိသော်လည်း ပေါ့ဆ၍မရကြောင်း၊ ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုမိုထိရောက်မှုရှိကြောင်း၊ ဘုရား၊ စေတီ၊ ပုထိုးနှင့် ဘာသာရေး အဆောက်အအုံများအား ကိုဗစ်-၁၉ စည်းကမ်းချက်နှင့်အညီ ပြန်လည်ဖွင့်လှစ်ပေးထားပြီးဖြစ်ကြောင်း၊ မကြာမီ အခြေခံပညာကျောင်းများ ကိုဗစ်-၁၉ စည်းကမ်းချက်နှင့်အညီ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေး ကြိုတင်စီမံချက်များ ရေးဆွဲထားရန် လိုအပ် ကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်ဆေးများ ရောက်ရှိလာပါက လုံခြုံ၍ လိုအပ်သောအပူချိန်အတိုင်း စနစ်တကျထားရှိရန် နေရာနှင့် ကာကွယ်ဆေးထိုးနှံနိုင်ရေး စီစဉ်ဆောင်ရွက်ထားကြရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ကိုဗစ်-၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကော်မတီဝင်များက မြို့နယ်အလိုက် Facility Quarantine စခန်းများအဖြစ် အသုံးပြုထားသည့် အခြေခံပညာကျောင်းများ အစား အခြားနေရာများ ထပ်မံရှာဖွေထားရန်၊ ဘဏ္ဍာငွေ ခွဲဝေရရှိမှု / သုံးစွဲမှုနှင့် ကျန်ရှိမှုအခြေအနေများအား တိုင်းဒေသကြီးကော်မတီသို့ စာရင်းပြုစုတင်ပြရန်၊ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းစဉ်များအား အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်သွားကြရန် တင်ပြဆွေးနွေးခဲ့သည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာရန်နိုင်မောင်နှင့် ပဲခူး၊ တောင်ငူ၊ ပြည်၊ သာယာဝတီခရိုင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီ ဥက္ကဋ္ဌများက မြို့နယ်အလိုက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု အခြေအနေတို့အား အသီးသီး တင်ပြခဲ့ရာ ပဲခူးတိုင်းဒေသကြီး ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကော်မတီ ဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းက လိုအပ်သည်များ ဖြည့်စွက်လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်း၊ ကော်မတီအတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာရန်နိုင်မောင်နှင့် ပဲခူး၊ တောင်ငူ၊ ပြည်၊ သာယာဝတီခရိုင် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီ ဥက္ကဋ္ဌများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**





## မိုးနဲမြို့၌ တပို့တွဲလပြည့်နေ့ စေတီပုံ ရှားမီးပူဇော်ပွဲသို့ လာရောက်ကုသိုလ်ယူသူများဖြင့် စည်ကား

**မိုးနဲ ဖေဖော်ဝါရီ ၂၇**
ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော စေတီပုံရှားမီး ပူဇော်ပွဲကို လွိုင်မြေရပ်ကွက်ရှိ ဝိဇ္ဇာရိယဘုန်းတော်ကြီးကျောင်း၌ ဖေဖော်ဝါရီ ၂၆ ရက် တပို့တွဲလပြည့်ည ၉ နာရီက စည်ကားသိုက်မြိုက်စွာ ပြုလုပ်ခဲ့သည်။

မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဝိဇ္ဇာရိယကျောင်းတိုက်ဆရာတော်နှင့် သံဃာတော်များထံမှ သြဝါဒခံယူပြီး စေတီပုံအား မီးရှူးမီးပန်းပစ်ဖောက်ကာ ပူဇော်ခဲ့ကြောင်း သိရသည်။

အဆိုပါရှားမီးပူဇော်ပွဲကို ဝိဇ္ဇာရိယဘုန်းတော်ကြီးကျောင်း ကျောင်းထိုင်ဆရာတော်နှင့် ဆရာဒကာပူးပေါင်းကာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခုနှစ်တွင် ဘုရားငါးဆူ အားရည်မှန်း၍စေတီပုံငါးဆူပြုလုပ်ကာ ရှားမီး ပူဇော်ခဲ့ရာ လာရောက်ကုသိုလ်ယူသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ယင်းသို့ ရှားမီးပူဇော်ရခြင်းမှာ တပို့တွဲလတွင် အအေးဓာတ်လွန်ကဲမှုကြောင့် အေးချမ်းလှသည့် ရာသီမှာ မြတ်စွာဘုရားရှင်အား သက်တော်ထင်ရှားအဖြစ်နှင့် အအေးဓာတ်သက်သာစေရန် ရည်ရွယ်အာရုံပြုကာ အနွေးဓာတ်နှင့် ပူဇော်ကုသိုလ်ယူခြင်းဖြစ်ကြောင်း၊ ရှားသားအစား မျိုးခြားသစ်ရှမ်းအခေါ်(မယ့်လို)သားနှင့်ပြုလုပ်ခြင်းဖြစ်ကြောင်း၊ ဒေသတစ်ခုနှင့်တစ်ခု ပြုလုပ်ပုံချင်းကွဲပြားခြားနားခြင်း များရှိနိုင်ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ (မိုးနဲ)**

## ကွန်ဟိန်းမြို့နယ်တွင် လယ်ယာမြေဧက ၃၀၀ အကျိုးပြုမည့် ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်

**ကွန်ဟိန်း ဖေဖော်ဝါရီ ၂၇**
ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် ကွန်ဟိန်းမြို့နယ် ဝမ်ပန်ကျေးရွာရှိ လယ်ယာမြေဧက ၃၀၀မှ လယ်ယာထွက်ကုန်များ ဈေးကွက်သို့ အချိန်မီရောက်ရှိစေရေးရည်ရွယ်၍ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်လျက်ရှိကြောင်း ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ဝမ်ပန်ကျေးရွာကုန်ထုတ်လမ်းမှာ အရှည် ၃ မိုင်၊ အကျယ် ၁၈ပေ၊ ထု ဖြုန်းကျောက် ၆ လက်မခင်းခြင်း လုပ်ငန်းများကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ခွင့်ပြုရန်ပုံငွေကျပ် ၇၃ ဒသမ ၇၉ သန်းဖြင့် တင်ဒါအောင်မြင်သော ရွှေနယ်ခြားကုမ္ပဏီက ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ဆူးက ပြောကြားသည်။

**ငြိမ်းသူ**

■

## လှေလာစရာ အင်းဝမြို့ဟောင်းမှ ဥတည်တံခါးနှင့် အင်းဝမြို့ရှိ ရှေးဟောင်းအမွေအနှစ်များ

**အင်းဝ ဖေဖော်ဝါရီ ၂၇**
အင်းဝမြို့ဟောင်းသည် စိတ်ဝင်စားဖွယ်ရာ မြို့ဖြစ်ပြီး လေ့လာစရာများစွာတည်ရှိနေသည်။ ထိုလေ့လာစရာများထဲတွင် နန်းမြို့ရိုးများနှင့် မြို့ရိုးတံခါးများလည်း ပါဝင်သည်။

အင်းဝမြို့ရိုးများသည် တန်ဖိုးရှိသော သမိုင်းအမွေအနှစ်ဖြစ်နေသည်။ သတိုးမင်းဖျား (အေဒီ ၁၃၆၄-၁၃၆၈)တွင်ပထမမြို့ရိုးကို စတင်တည်ခဲ့သည်ဟု သိရသည်။ ပထမအင်းဝနန်းမြို့ရိုးသည် ယခုမြင်ရသည့်အတိုင်း စည်တိုပုံမဟုတ်ဘဲ မြေအနေအထားကို လိုက်၍တည်ဆောက်ခဲ့သောကြောင့် မြောက်ဘက်တွင်ကျဉ်းပြီး တောင်ဘက်တွင်အလျားကျယ်ကျယ်ထားရှိကာ ပုံသဏ္ဍာန်အားဖြင့် ခြသေ့်မင်းထိုင်နေသည့်ပုံစံနှင့်တူသည်ဟု မှတ်ချက်ပြုခဲ့ကြောင်း သိရသည်။

ဒုတိယမြို့ရိုး(စည်တိုပုံမြို့ရိုး)တည်ဆောက်ရာတွင် စည်တိုပုံသဏ္ဍာန်ရှိသောကြောင့် စည်တိုပုံမြို့ရိုးဟုလူသိများသည်။ စည်တိုပုံမြို့ရိုးတွင် တံခါးကိုးပေါက်ရှိသည်။ စည်တိုပုံမြို့ရိုး၏ အလျားသည် အရှေ့ဘက်တွင် ပေ ၂၃၀၀၊ အနောက်ဘက်တွင် ပေ ၂၅၀၀၊ တောင်ဘက်တွင်ပေ ၄၀၀၀ နှင့် မြောက်ဘက်တွင် ပေ ၄၀၀၀ ခန့်ရှိသည်။

မြို့ရိုးသည် ပျမ်းမျှအားဖြင့် ထု ၁၀ပေရှိပြီး အမြင့်ပေ ၂၀ ခန့်ရှိသည်ဟု သိရသည်။ အရှေ့ဘက် တောင်ဘက်နှင့် အနောက်ဘက်တွင် ကျုံးကိုအထင်အရှားတွေ့ရပြီး မြောက်ဘက်တွင် ဧရာဝတီမြစ်က ကျုံးအဖြစ် ကာရံထားသည်ဟုသိရသည်။ ကျုံးအကျယ်သည် ပေ ၁၉၀ ခန့်ရှိသည်။ ယခုအခါ စည်တိုပုံမြို့ရိုးအတွင်း ရှေးဟောင်းအဆောက်အအုံပေါင်း ၇၈ ခုရှိပြီး လူနေအဆောက်အအုံ ၂၀၀ကျော်နှင့် ဘုန်းကြီးကျောင်း ခုနစ်ကျောင်းရှိသည်။ အပြင်မြို့ရိုး တတိယမြို့ရိုးကို ဆင်ဖြူရှင်မင်းလက်ထက်တွင် ဒုတိယအင်းဝခေတ်ကတည်ရှိခဲ့သော စည်တိုပုံသဏ္ဍာန်မြို့ရိုး၏ အရှေ့တောင်ဘက်မှစ၍ တောင်ဘက်၊



အနောက်ဘက်၊ အနောက်မြောက်ထောင့်အရပ်အထိ တိုးချဲ့တည်ဆောက်ခဲ့သည်ဟု သိရသည်။ တတိယမြို့ရိုးတွင် တံခါး ၁၄ ပေါက်ဖောက်ခဲ့သည်ဟု သိရသည်။

အင်းဝမြို့ဟောင်းအတွင်း စတင်ဝင်သည်နှင့် ဥတည်တံခါးသည် ခရီးသွားဧည့်သည်များကို ဆွဲဆောင်စေသည့် ရှေးဟောင်းမြို့သင်္ကေတတစ်ခုအဖြစ်ဂုဏ်ယူဖွယ်တည်ရှိနေသည်။ **နွေနဒီ(မြစ်ငယ်)**

# ငါးမည်ရပြည်ရွှေဘိုမှ အောင်မြေဘုရားနှင့် အောင်မြေဗောဓိစေတီတော်ကြီး

**နိုင်ထွန်း (TGI)**

ရွှေဘိုမြို့ကို ငါးမည်ရပြည်ရွှေဘိုဟု လူသိများထင်ရှားသည်။ မုဆိုးဖို၊ ကုန်းဘောင်၊ ရန်ကြီးအောင်၊ ရတနာသိဃ်၊ ရွှေဘိုဟူသောအမည်ဖြင့် အရပ်ဒေသကို အောင်မြေအဖြစ် ယခင်အဆက်ဆက် ယုံကြည်ခဲ့ကြသည်။

**အောင်မြေကိုးရပ်**

ရန်အပေါင်းတို့ အောင်မြင်ရာ မင်္ဂလာရှိသောမြေ၊ အရပ်ဒေသကို "အောင်မြေ" ဟုခေါ်သည်။ ရွှေဘိုမြို့တွင် အောင်မြေကိုးရပ်ရှိသည်ဟု ဆိုသော်လည်း အဓိကနေရာသုံးခုကို စာဖွဲ့ရေးသားခဲ့ကြသည်။ ယင်းသုံးနေရာမှာ ဗုဒ္ဓမြတ်စွာဘုရားစိုင်မင်းဘဝနေခဲ့သော ရွှေတန်ဆာဘုရားနေရာကို ဗုဒ္ဓအောင်မြေ၊ ရဟန္တာပုဂ္ဂိုလ်များ ကံဆောင်ရာဥပုသ်ပြုရာ ရွှေသိမ်တော်ဘုရားကို သံဃာအောင်မြေ၊ မင်းအဆက်ဆက်၊ ဘေးရန်အပေါင်းအောင်မြင်ရာဖြစ်သော ရွှေဘုံရတနာ နန်းတော်အပါအဝင် ရွှေဘိုမြို့ကို ရာဇအောင်မြေအဖြစ် သတ်မှတ်ထားခဲ့ကြသည်။ အဆိုပါ ရာဇအောင်မြေနေရာတွင် အောင်မြေဘုရားနှင့် ရုပ်ပွားတော်တည်ထားသည်။ အောင်မြေဘုရားသည် မန္တလေး-ရွှေဘိုကားလမ်းဘေး မြို့တောင်ဘက်အရပ်တွင် တည်ရှိသည်။

အဆိုပါ အောင်မြေဘုရားနေရာသည် အလောင်းမင်းတရားကြီး အထွတ်အထိပ်မရောက်ခင်က ထိုနေရာတွင် ကျားကို သမင်က လိုက်ခြင်း၊ မြွေကို ဖားကမျိုခြင်း စသည့် နိမိတ်များပေါ်ခဲ့သည်ဟု ဆိုစမှတ်ပြုကြသည်။ ၁၂၁၅ ခုနှစ်တွင် မင်းတုန်းမင်းကြီး၏အမိန့်တော်ဖြင့် ဆည်တော်ထိပ်၊ ကုန်းတော်ထိပ်၊ ကောင်းကင်ထိပ်ဟူသော ထိပ်သုံးထိပ်အနက် မြို့တော်ဘက်မျက်နှာစာရှိ ကောင်းကင်ထိပ်ကျုံး၏ တောင်ဘက် (ယခုအောင်မြေနေရာကို) တံတိုင်းခတ်ကာရံခဲ့သည်။ ထို့နောက် အရှေ့ဖျားတွင် ဘုရားသုံးဆူတည်ခဲ့သည်။ အဆိုပါနေရာကို အောင်မြေအဖြစ် အသိအမှတ်ပြုခဲ့သည်။ ကိုလိုနီခေတ်က သင်္ချိုင်းဖြစ်ခဲ့သော်လည်း ယခုအခါ သာသနိကနယ်မြေအဖြစ် တည်ရှိခဲ့ပြီး ဖြစ်သည်။ သက္ကရာဇ် ၁၃၁၂ ခုနှစ်တွင် ဝေဘူဆရာတော်အား ပင့်ဆောင်၍ အောင်မြေကျောင်းတိုက်အတွင်း ကိုးကွယ်ခဲ့ကြသည်။ ထိုအချိန်မှစ၍ အောင်မြေကျောင်းတိုက်နှင့် သာသနာရိပ်သာအပြင် အောင်မြေဗိမာန်တော်သည်လည်း ခံ့ညားထည်ဝါစွာတည်ရှိခဲ့ရသည်။

အလောင်းမင်းတရားသည် မုဆိုးဖိုမြေကို အခြေခံပြီး တတိယမြန်မာနိုင်ငံတော်ကြီးကို စုစည်းခဲ့သည်။ မြို့တော်၊ နန်းတော်မတည်ဆောက်မီကပင် ရန်အပေါင်းကို အောင်မြင်ခဲ့သဖြင့် မုဆိုးဖိုမြို့တော်ကြီးကို "ရန်ကြီးအောင်" ဟု သမုတ်ခဲ့သည်။ အင်းဝနေပြည်တော်ကို အောင်နိုင်ခြင်း၊ ဟံသာဝတီ ရေတပ်ကြီးကို အောင်နိုင်ခြင်း၊ ထီးလင်းစော်ဘွားကြီး၏ သစ်ခေါက်တပ်ကို အောင်နိုင်ခြင်း၊ လွန်ဆေးမြို့ကို မြန်အောင်၊ ဒဂုံကို ရန်ကုန်ဟူ၍ သမုတ်တော်မူနိုင်ခြင်း၊ သန်လျင်ကို နှစ်ကြိမ်တိုင် အောင်နိုင်ခြင်းတို့သည် ထူးခြားသောဝိသေသများပင် ဖြစ်သည်။

အလောင်းမင်းတရားကြီး စစ်ထွက်တော်မူသည့်အခါ အောင်နိုင်ရေးအတွက် သစ္စာဆိုခဲ့သော ဗုဒ္ဓရုပ်ပွားတော်ကိန်းဝပ်ရာမြေကို စစ်ထွက်အောင်မြေအဖြစ် အသိအမှတ်ပြုထားသည်။ ယခုအခါ အောင်မြေဘုရားဝင်းအတွင်းမှာ အောင်မြေဗိမာန်ကြီးထားရှိပြီး ဘုရားဖူးများ လာရောက်ပါက လက်ယာရစ်သို့ ငါးပတ်၊ ခုနစ်ပတ် ပတ်ပြီး



ရွှေဘိုမြို့မှ အောင်မြေဗောဓိစေတီတော်ကြီး။

ဆုတောင်းကြကြောင်း သိရပါသည်။ အဆိုပါ အောင်မြေဘုရားအနီးတွင် အောင်မြေဗောဓိစေတီတော်ကြီး တည်ထားသည်ကိုလည်း တွေ့ရှိရပါသည်။

**အောင်မြေဗောဓိ စေတီတော်ကြီး**

အောင်မြေဗောဓိ စေတီတော်ကြီးအား အောင်မြေဆရာတော် ဘဒ္ဒန္တအဂ္ဂဓမ္မ ဦးဆောင်၍ မွန်မြတ်သောရည်ရွယ်ချက်ဖြင့် ဆရာတော်ကိုယ်တိုင် မတည်လှူဒါန်းပြီး ရွှေဘိုမြို့သူ မြို့သားများ၊ မော်တော်ယာဉ်လိုင်းပေါင်းစုံနှင့် ခရီးသွားလှူဒါန်းမှုဖြင့် တည်ထားကိုးကွယ်ခဲ့သည်။ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာရှိ မဟာဗောဓိစေတီတော်ကြီးနှင့်ပုံစံတူ အလျား ၆၆ ပေ၊ အနံ ၆၁ ပေ၊ ဉာဏ်တော်အမြင့် ၁၁၇ ပေရှိသော စေတီတော်ကြီးနှင့်အတူ သတ္တဌာနများကို ၁၃၇၈ ခုနှစ် တပေါင်းလဆန်း ၆ ရက်နေ့တွင် အနေကဇာတင်ရေစက်ချပြီး လှူဒါန်းခဲ့ပါသည်။

သတ္တဌာနများဖြစ်သည့် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့်နေ့တွင် အပရာဇိတပလ္လင်တော်ထက်၌ သဗ္ဗညုဘုရားအဖြစ်သို့ ရောက်ရှိခြင်း၊ အရဟတ္တဖိုလ်ချမ်းသာခံစားသော ပလ္လင်္ကသတ္တာဟ၊ ရေမီးအစုံတန်ခိုးပြပြီး အပရာဇိတပလ္လင်တော်နှင့် မဟာဗောဓိပင်ကို မျက်လုံးတော် မမှိတ်ဘဲ ခုနစ်ရက်ပတ်လုံး ကြည့်တော်မူသော အနိမိသတ္တာဟ၊ နတ်၊ ဗြဟ္မာများဖန်ဆင်းထားသည့် အတောင် ၆၀ အလျားရှိသော ရတနာစင်္ကြံတော်ဖြစ်သည့် ရတနာစင်္ကြမသတ္တာဟ၊ မြတ်စွာဘုရားရှင်သည် နတ်၊ ဗြဟ္မာများဖန်ဆင်းထားအပ်သော ရတနာရွှေအိမ်တော်၌ ထက်ဝယ်ဖွဲ့ခွေစံနေလျက် အဘိဓမ္မာတရားတော်မြတ်ကို ခုနစ်ရက်ပတ်လုံး သုံးသပ်ဆင်ခြင်တော်မူရာ ပဋ္ဌာန်းကျမ်းတော်ကြီးကို ဆင်ခြင်သည့်အခါ အသွေးတော်၊ အသားတော်စသည်တို့ ပိုမိုကြည်လင်လာ၍ ရောင်ခြည်တော်ခြောက်သွယ် ပေါ်ထွက်ကွန့်မြူးတော်မူသည့် ရတနာဃရသတ္တာဟ၊ မြတ်စွာဘုရားသခင်သည် ဆိတ်ကျောင်းသားများနားခိုရာ အဇပါလညောင်ပင်၌ တရားတော်ကို ဆင်ခြင်ကာ ဖလသမာပတ်ကို ဝင်စားပြီး သီတင်းသုံးခဲ့သည်။

ထိုအခိုက်တွင် ဟုံဟုပုံဏ္ဏား၊ မာရ်နတ်မင်းနှင့် မာရ်နတ်မင်း၏သမီးသုံးယောက်တို့အား တရားဟောဆုံးမသည့် အဇပါလသတ္တာဟ၊ သုံးလောကထွတ်ထား သဗ္ဗညုဘုရားရှင်သည် မုစလိန္ဒရေအိုင်အနီးကျည်းပင်ရင်း၌ ဖလသမာပတ်ဝင်စားတော်မူခဲ့သည်။ ထိုအချိန်တွင် ခုနစ်ရက်ပတ်လုံး မိုးကြီးရွာသွန်းချရာ မုစလိန္ဒနဂါးမင်းသည် ဘုရားရှင်အား မိမိကိုယ်ဖြင့် ခုနစ်ပတ်ခွေလျက် ဦးခေါင်းထက်မှ ပါးပျဉ်းအုပ်မိုးပြီး ကာကွယ်ပေးခဲ့သည့် မုစလိန္ဒသတ္တာဟဘုရားရှင်သည် လင်းလွန်းပင်ရင်း၌ ဖလသမာပတ်ကို ဝင်စား၍ ခုနစ်ရက်စေ့တော်မူသောအခါ ဥက္ကလာတိုင်းသား တဖုဿ၊ ဘလ္လိကညီနောင်တို့က ပျားဆွမ်း၊ မုန့်နှင့် မုန့်ကြွက်ကျစ်ဆွမ်းများ ဆက်ကပ်ကြသည်။ ဘုရားရှင်ထံမှလည်း ဒွေဝါစိက သရဏာဂုံတည်ကာ ဆံတော်ဓာတ်များ ခံယူခဲ့သည်။ ရာဇယတနသတ္တာဟ အစရှိသည့် သတ္တဌာနကိုလည်း ထည့်သွင်းတည်ဆောက်ပူဇော်ခဲ့သည်။ လပြည့်၊ လကွယ်နေ့များနှင့် ကြုံကြိုက်ပါက မဟာဗောဓိစေတီတော်ကြီး၏ အထက်ပစ္စယံပေါ်သို့တက်ရောက်ဖူးမြော်ခွင့်ရသည်။

သို့ဖြစ်၍ ရွှေဘိုမြို့သို့ ရောက်ပါက အောင်မြေဘုရားနှင့် မဟာအောင်မြေဗိမာန်တော် အောင်မြေဗောဓိစေတီတော်ကြီးနှင့် သတ္တဌာနများကို ဝင်ရောက်ဖူးမြော်နိုင်ရန် လမ်းညွှန်ကုသိုလ်ပြုလိုက်ရပါသည်။ ။

**အောင်မြေဗောဓိ စေတီတော်ကြီးအား အောင်မြေဆရာတော် ဘဒ္ဒန္တအဂ္ဂဓမ္မ ဦးဆောင်၍ မွန်မြတ်သောရည်ရွယ်ချက်ဖြင့် ဆရာတော်ကိုယ်တိုင် မတည်လှူဒါန်းပြီး ရွှေဘိုမြို့သူ မြို့သားများ၊ မော်တော်ယာဉ်လိုင်းပေါင်းစုံနှင့် ခရီးသွားလှူဒါန်းမှုဖြင့် တည်ထားကိုးကွယ်ခဲ့သည်။ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာရှိ မဟာဗောဓိစေတီတော်ကြီးနှင့်ပုံစံတူ အလျား ၆၆ ပေ၊ အနံ ၆၁ ပေ၊ ဉာဏ်တော်အမြင့် ၁၁၇ ပေရှိသော စေတီတော်ကြီးနှင့်အတူ သတ္တဌာနများကို ၁၃၇၈ ခုနှစ် တပေါင်းလဆန်း ၆ ရက်နေ့တွင် အနေကဇာတင်ရေစက်ချပြီး လှူဒါန်းခဲ့။**



# မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ (၇၄)ကြိမ်မြောက် မွန်အမျိုးသားနေ့(ဗဟို)အခမ်းအနားသို့ တက်ရောက်

**မော်လမြိုင် ဖေဖော်ဝါရီ ၂၇**

(၇၄)ကြိမ်မြောက် မွန်အမျိုးသားနေ့(ဗဟို) အခမ်းအနားကို ယနေ့နံနက် ၇ နာရီက မော်လမြိုင်မြို့ အထက်လမ်းမကြီးရှိ မွန်ဓမ္မာရုံ၌ကျင်းပရာ မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် သဘာပတိဆရာတော် ဘဒ္ဒန္တကေတုမာလာက အဖွင့်သြဝါဒစကားမြွက်ကြားပြီး သဘာပတိ နိုင်စိုးဝင်းနှင့် မွန်အမျိုးသားနေ့ကျင်းပရေးကော်မတီ(ဗဟို)ဥက္ကဋ္ဌ မင်းအောင်ထူးတို့က အမှာစကားအသီးသီးပြောကြားသည်။

ယင်းနောက် မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဖော်လင်းထွန်းက "ယနေ့ တပို့တွဲလပြည့်ကျော် ၁ ရက်နေ့တွင် ကျရောက်သော မွန်တိုင်းရင်းသားအပေါင်းတို့ အလေးအမြတ်ဂုဏ်ယူတန်ဖိုးထား နေ့ထူးနေ့မြတ်ဖြစ်သည့် (၇၄) ကြိမ်မြောက် မွန်အမျိုးသားနေ့ အခါသမယတွင် မွန်တိုင်းရင်းသားများအားလုံး ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း၊ ဟံသာဝတီမင်းနေပြည်တော်ကို စတင်တည်ထောင်ခဲ့သော သာသနာသက္ကရာဇ် ၁၁၁၆ ခုနှစ် တပို့တွဲလပြည့်ကျော် ၁ ရက်နေ့ကို မွန်အမျိုးသားနေ့အဖြစ် ၁၉၄၆ ခုနှစ်တွင် ကျင်းပပြုလုပ်သည့် မွန်အမျိုးသားညီလာခံကဆုံးဖြတ်ခဲ့ပြီး နှစ်စဉ် မွန်အမျိုးသားနေ့အခမ်းအနားများကို ကျင်းပခဲ့ရာ ယခုဆိုလျှင် (၇၄)ကြိမ် တိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ မွန်တိုင်းရင်းသားများသည် သမိုင်းအစဉ်အလာကြီးမားသည့် တိုင်းရင်းသားလူမျိုးဖြစ်ပြီး မြန်မာနိုင်ငံသမိုင်းတွင် တစ်ဦးတည်းသောဘုရင်မ ရှင်စောပု၊ သာသနာပြုမင်းကောင်းမင်းမြတ် ဓမ္မစေတီမင်းစသည့် ထူးခြားထင်ရှားသည့် မွန်အမျိုးသားများရှိသကဲ့သို့ ဖက်ဆစ်ဆန့်ကျင်ရေးတိုက်ပွဲနှင့် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုများတွင်လည်း မွန်တိုင်းရင်းသားများသည် အခြားတိုင်းရင်းသားများနှင့်အတူ လက်တွဲပါဝင်ခဲ့ကြပါကြောင်း"ဟု ပြောကြားသည်။



ဆက်လက်၍ မွန်အမျိုးသားနေ့အခမ်းအနားသို့ ပေးပို့လာသော သဝဏ်လွှာများနှင့် (၇၄)ကြိမ်မြောက် မွန်အမျိုးသားနေ့အထိမ်းအမှတ် မြေစိုက်ပိုစတာ ရှင်းလင်းချက်စာတမ်းကို တာဝန်ရှိသူများက ဖတ်ကြားပြီး မွန်အမျိုးသားနေ့အထိမ်းအမှတ် စာပေပြိုင်ပွဲတွင် ဆုရရှိသူများကို ဆရာတော်များနှင့် တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မွန်အမျိုးသားနေ့ အထိမ်းအမှတ်အဖြစ် သံဃာတော်(၇၄)ပါးကို နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး တက်ရောက်လာသူများအား မွန်တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကအလှများဖြင့် ဖျော်ဖြေတင်ဆက်သည်။

အဆိုပါ (၇၄)ကြိမ်မြောက် မွန်အမျိုးသားနေ့ အခမ်းအနားသို့ ဆရာတော်၊ သံဃာတော်များ၊ မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၊ မွန်အမျိုးသားနေ့ကျင်းပရေးကော်မတီ(ဗဟို) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မွန်ပြည်သစ်ပါတီ၊ မွန်ညီညွတ်ရေးပါတီ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် မွန်တိုင်းရင်းသား/သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။**ခရိုင်(ပြန်/ဆက်)**

# စေတုတ္တရာမြို့နယ်၌ ကျန်းမာရေးဝန်ထမ်းများအား ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံ

**စေတုတ္တရာ ဖေဖော်ဝါရီ ၂၇**

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် ပြည်သူ့ဆေးရုံ၌ မြို့နယ်အတွင်းရှိ ကျန်းမာရေးဝန်ထမ်းများအား ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ယနေ့နံနက် ၁၀ နာရီက မြို့နယ် ပြည်သူ့ဆေးရုံ၌ ထိုးနှံပေးခဲ့ကြောင်း သိရသည်။



အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအား ဒုတိယအကြိမ်အနေဖြင့် ရက်သတ္တပတ်လေးပတ်ခြား၍ မြို့နယ်အတွင်းရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန လက်အောက်ရှိ ကျန်းမာရေးဝန်ထမ်း ၆၄ ဦးနှင့် အား/ကာဝန်ထမ်း လေးဦး စုစုပေါင်း ၆၈ ဦးအား ယနေ့နံနက် ၁၀ နာရီမှစတင်၍ မြို့နယ်ပြည်သူ့ဆေးရုံ၌ ဒုတိယအကြိမ်အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခဲ့ခြင်းဖြစ်ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မက်မန်းမြို့ မြို့ရှောင်လမ်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီး

**မက်မန်း ဖေဖော်ဝါရီ ၂၇**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ရန်ပုံငွေကျပ် ၂၄၄ ဒသမ ၆၉၀ သန်းဖြင့် "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတိုင်း မက်မန်းခရိုင် မက်မန်းမြို့ မြို့ရှောင်လမ်း(၁/၄)မိုင်အား အပြီးသတ် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းအား တင်ဒါအောင်မြင်ခဲ့သည့် Ruby Sun Moon ကုမ္ပဏီက ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် လုပ်ငန်းအားလုံးပြီးစီးပြီဖြစ်၍ လုပ်ငန်း ပြီးစီးမှုအခြေအနေအား ရှမ်းပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးခွဲ (ကျိုင်းတုံ)မှ ဒေသကြီးကြပ်ရေးမှူး ဦးသီဟဇော်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ လမ်းကျောက်ချောခင်းခြင်းလုပ်ငန်းပြီးစီးသွားပြီ ဖြစ်သောကြောင့် မက်မန်းမြို့ရှိ ရပ်ကွက်နှစ်ခု၊ အိမ်ခြေ ၇၇ အိမ်တို့မှ လူဦးရေ ၅၀၂ ဦးတို့အား အကျိုးပြုလျက်ရှိသည့်အပြင် မြို့ရှောင်လမ်းများ ပိုမိုကျယ်ဝန်းလာပြီး ကွက်သစ်တိုးချဲ့ဆောင်ရွက်ရန် လျာထားမှုသည် မြို့ပြစီမံကိန်းတိုးတက်ရေး အစီအစဉ်များအတွက်လည်း အကျိုးပြုလျက်ရှိကြောင်း သိရသည်။

ငွေကြယ်

# ချင်းရွှေဟော် အခြေခံပညာအထက်တန်းကျောင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ချင်းရွှေဟော် ဖေဖော်ဝါရီ ၂၇**

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေကြောင့် စာသင်ကျောင်းများ ခေတ္တပိတ်ထားလျက်ရှိရာ ကျောင်းများပြန်လည်ဖွင့်လှစ်ချိန်တွင် ကျောင်းသားကျောင်းသူများ လွယ်ကူအဆင်ပြေစွာ ပညာသင်ကြားနိုင်ရေးနှင့် ကျောင်းဝန်းအတွင်း သန့်ရှင်းသာယာလှပရေးတို့အတွက် ချင်းရွှေဟော်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ယနေ့နံနက် ၈ နာရီက စုပေါင်းသန့်ရှင်းရေး ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ချင်းရွှေဟော်မြို့နယ်မြေခံတပ်မှ ဗျူဟာမှူး ဒုဗိုလ်မှူးကြီး ကျော်ထိန်နှင့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပူးပေါင်း၍ ကျောင်းဝင်းအတွင်းအပြင် သန့်ရှင်းရေးများဆောင်ရွက်ခြင်း၊ ချုံနွယ်၊ မြက်၊ ပေါင်းများ ရှင်းလင်းခြင်း၊ ကျောင်းဥပဓိရုပ်ကောင်းမွန်စေရေးအတွက် ဆေးသုတ်ခြင်းလုပ်ငန်းများနှင့် စာသင်ခန်းအတွင်းအပြင် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဇင်ဇင်(ပြန်/ဆက်)**

■



# နိုင်ငံခြားမှာ ဒုက္ခရောက်နေတဲ့သူတွေကို အခုလို နိုင်ငံတော်အစိုးရက သဘော်နဲ့ အခမဲ့ ခေါ်ဆောင်ပေးတာ အားလုံးကိုကျေးဇူးတင်ပါတယ်။ Camp မှာ ကျန်ခဲ့တဲ့သူတွေကိုလည်း ထပ်ခေါ်ပေးပါလို့ နိုင်ငံတော်အစိုးရ တာဝန်ရှိသူတွေကို ပြောချင်ပါတယ်။

**မနီနီလွင်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ မလေးရှားနိုင်ငံသို့ ရောက်ရှိနေပြီး မြန်မာနိုင်ငံသို့ ပြန်လာရန် အခက်အခဲများ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား စာနာထောက်ထားစွာ ကူညီပံ့ပိုးသည့်အနေဖြင့် တပ်မတော်မှ စစ်ရေယာဉ်(မုတ္တမ)၊ ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)၊ စစ်ရေယာဉ်(ဆင်ဖြူရှင်)တို့ဖြင့် မလေးရှားနိုင်ငံ လူမွတ်ရေတပ်ဆိပ်ကမ်းမှ ခေါ်ဆောင်လာခဲ့ရာ ယနေ့ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ အမှတ်(၃) ရေတပ်ဆိပ်ကမ်းသို့ ရောက်ရှိပြီး မြန်မာနိုင်ငံသား ၁၀၈၆ ဦး ပြန်လည်ခေါ်ဆောင်လာခဲ့သည်။



မလေးရှားနိုင်ငံမှ မြန်မာနိုင်ငံသို့ တပ်မတော်စစ်ရေယာဉ်များဖြင့် ပြန်လည်ရောက်ရှိလာသည့် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် အထက်လယ်ကုန်းကျေးရွာမှ မနီနီလွင်က "မလေးရှားကို ၂၀၂၀ ပြည့်နှစ် နှစ်လပိုင်းက ရောက်ပါတယ်။ ဟိုရောက်ပြီး မကြာဘူး ကိုဗစ်-၁၉ ဖြစ်လို့ အလုပ်မလုပ်ရဘူး။ ငါးလပိုင်းကျော်မှ အလုပ်လုပ်ရတယ်။ အလုပ် ၁၀ ရက်ပဲ လုပ်ရသေးတာ။ အော်ပရာစီဝင်လို့ အဖမ်းခံရတယ်။ ပတ်စပို့စ် မရှိတဲ့အတွက် အချုပ်ထဲမှာ ၁၀ ရက်နေရပြီး ထောင်ကို



မနီနီလွင်

ပို့လိုက်တယ်။ အချုပ်ရော၊ ထောင်ရောတစ်လနဲ့ ဆယ်ရက်နေရတယ်။ အခု နိုင်ငံတော်အစိုးရက ပြန်ခေါ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒီကို မပြန်ခင် ကိုဗစ်-၁၉ ရှိ၊ မရှိ စစ်ဆေးပြီး သီးသန့်ခန်းမှာထားပါတယ်။ မြန်မာနိုင်ငံကို အပြန်ခရီးမှာ သဘော်ပေါ်မှာလည်း နေရထိုင်ရတာ၊ စားရသောက်ရတာ အဆင်ပြေပါတယ်။ ဒီလိုမျိုး ပြန်ရမယ်ဆိုတာလည်း ထင်မထားမိဘူး။ ကျန်းမာရေးအတွက်လည်း သဘော်ပေါ်မှာ အချိန်ပြည့် ဂရုစိုက်ပါတယ်။ မိန်းကလေး အသုံးအဆောင်ပစ္စည်းကအစ လိုလေသေးမရှိ ဆောင်ရွက်ပေးပါတယ်။ ကလေးတွေအတွက်လည်း ဆန်ပြုတ်ယူမလား၊ နို့မှုန့်ယူမလား အကုန်အစစအရာရာ လုပ်ပေးပါတယ်။ အိမ်ကမိသားစုတွေကို သဘော်ပေါ်မှာ ရေတပ်ဗိုလ်ကြီးက ဖုန်းဆက်ပေးလို့ မိသားစုဝင်တွေနဲ့ ဖုန်းအဆက်အသွယ်ရပါတယ်။ ပြန်ရောက်လာပြီဆိုတာ အိမ်ကသိပါတယ်။ နိုင်ငံခြားမှာ ဒုက္ခရောက်နေတဲ့သူတွေကို အခုလို နိုင်ငံတော်အစိုးရက သဘော်နဲ့ အခမဲ့ ခေါ်ဆောင်ပေးတာ အားလုံးကို ကျေးဇူးတင်ပါတယ်။ Camp မှာ ကျန်ခဲ့တဲ့ သူတွေကိုလည်း ထပ်ခေါ်ပေးပါလို့ နိုင်ငံတော်အစိုးရ တာဝန်ရှိသူတွေကို ပြောချင်ပါတယ်။ ဟိုမှာ ကျန်ခဲ့တဲ့သူတွေအတွက်လည်း စိတ်မကောင်း ဖြစ်မိပါတယ်"ဟု ပြောသည်။

**လင်းလက်**

# အခြေခံပညာကျောင်းများ၌ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာရေးအတွက် စုပေါင်းသန့်ရှင်းရေးပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

COVID-19 ရောဂါဖြစ်ပွားမှုကြောင့် စာသင်ကြားမှုများအား ရပ်ဆိုင်းထားရှိရာမှ ပြန်လည်ဖွင့်လှစ်ခွင့်ရရှိပါက ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်စေရန်နှင့် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရေးအတွက် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများက အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများနှင့် လိုအပ်သည့် ထိန်းသိမ်းစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်များအလိုက် အခြေခံပညာကျောင်းများ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) မဘိမ်းမြို့နှင့် သိန်းနီမြို့ရှိ အခြေခံပညာအထက်တန်းကျောင်းများ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့၊ ကျိုင်းတောင်းမြို့၊ မောက်မယ်မြို့၊ ပင်လုံမြို့၊ မိုင်းနောင်မြို့၊ လဲချားမြို့၊ လင်းခေးမြို့၊ ကာလိမြို့၊ နမ့်စန်မြို့၊ မိုင်းပွန်မြို့၊ ကျေးသီးမြို့တို့ရှိ အခြေခံပညာအထက်တန်းကျောင်းများ၊ အခြေခံပညာအလယ်တန်းကျောင်းများ၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)များ၊ အခြေခံပညာမူလတန်းလွန်ကျောင်းများ၊ အခြေခံပညာမူလတန်းကျောင်းများ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်းနှင့် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)များ၊ မွန်ပြည်နယ် ကျိုက်ထိုမြို့၊ ဇေယျာမွန် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)နှင့် ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့ အခြေခံပညာအထက်တန်းကျောင်း၊ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အောင်ဆန်းရပ်ကွက်ရှိ အမှတ်(၅)အခြေခံပညာအလယ်တန်းကျောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ အမှတ်(၁၀၁)အခြေခံပညာမူလတန်းလွန်ကျောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့၊ ရသေ့တောင်မြို့ ပေါက်တောမြို့၊ ဘူးသီးတောင်မြို့နှင့် ချင်းပြည်နယ်၊ ပလက်ဝမြို့များရှိ အခြေခံပညာအထက်တန်းကျောင်းများ၊အခြေခံပညာအလယ်တန်းကျောင်းများ၊ အခြေခံပညာမူလတန်းလွန်ကျောင်းများ၊ အခြေခံပညာ မူလတန်းကျောင်းများ၊စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့ အမှတ်(၅)အခြေခံပညာမူလတန်းကျောင်းနှင့် အမှတ်(၆)အခြေခံပညာမူလတန်းကျောင်း၊ မကွေးတိုင်းဒေသကြီး သရက်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်၊ မိုးညိုမြို့၊ နတ်တလင်းမြို့နှင့် အင်းတကော်မြို့တို့ရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ကျောင်းဝင်းများအတွင်းရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်းနှင့် စာသင်ဆောင်များအတွင်း၊ အပြင်သန့်ရှင်းရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**✻ မြန်မာ့မီးရထားမှ**

ထိုသို့ဆောင်ရွက်လျက်ရှိရာ မြန်မာ့မီးရထား ရုံးချုပ်မှ ဌာနအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ တိုင်းအဆင့်အရာထမ်းများသည် ဖေဖော်ဝါရီ ၂၆ ရက်တွင် ပြေးဆွဲသောခရီးတို RBE ရထားဖြင့် တောင်ငူ-ပျဉ်းမနားလမ်းပိုင်း ၅၉ မိုင်အတွင်းလိုက်ပါ၍ ရထားသံလမ်းနှင့် တံတားများ၏ ကြံ့ခိုင်မှု၊ ဆက်သွယ်ရေးနှင့် အချက်ပြစနစ်များ၏ အခြေအနေ၊ ဘူတာ ၁၅ ဘူတာတို့၌ ဝန်ထမ်းများ၏ တာဝန်ထမ်းဆောင်မှုများကို စစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားသည်။ ဆက်လက်၍ ၎င်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၇ ရက်တွင် RBE ရထားဖြင့် ပျဉ်းမနား-ပျော်ဘွယ်လမ်းပိုင်း ၆၂ မိုင်အတွင်းရှိ ရထားလမ်း ကြံ့ခိုင်မှု၊ ဘူတာ ၁၆ ဘူတာတို့၏ လုပ်ငန်းဆောင်ရွက်မှုတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

အလားတူ ဖေဖော်ဝါရီ ၂၇ ရက်တွင် မြန်မာ့မီးရထားမှ(အထက်မြန်မာပြည်)နှင့် တိုင်းအဆင့်အရာထမ်းများ၊ တာဝန်ရှိသူများသည် ခရီးတို RBE ရထားဖြင့် မန္တလေး-ခင်ဦးရထားလမ်းပိုင်း ၇၈ မိုင်အတွင်းရှိ ရထားလမ်းအခြေအနေနှင့် ဘူတာ ၂၂ ဘူတာတို့၏ လုပ်ငန်းဆောင်ရွက်မှုများကို စစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ဤသို့ ဆောင်ရွက်မှုအစီအစဉ်များတွင် မြန်မာ့တပ်မတော် ဒေသခံတပ်ရင်းတပ်ဖွဲ့များ၊ ပြည်သူ့ရဲတပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သက်ဆိုင်ရာဌာနတို့မှ တာဝန်ရှိသူများကလည်း လုံခြုံရေး၊ လုပ်ငန်းများအဆင်ပြေချောမွေ့စေရေးတို့အတွက် လိုအပ်သည်များ ကူညီညှိနှိုင်းဆောင်ရွက်ပေးသည်။

မြန်မာ့မီးရထားအနေဖြင့် အရေးကြီးသော ရထားလမ်းပိုင်းအလိုက် လမ်းပိုင်းကြံ့ခိုင်မှု၊ သွားလာရေး စနစ်များနှင့် ဘူတာများ၏အခြေအနေတို့အရ မကြာမီတွင် ခရီးတိုနှင့် ခရီးဝေး လူစီးရထားခရီးစဉ်များ၊ ကုန်ရထားခရီးစဉ်များကို ပုံမှန်ပြန်လည်ပြေးဆွဲပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နေရပ်ပြန်လိုသည့် ထိုင်းနိုင်ငံသားများကို လွှဲပြောင်းပို့ဆောင်ပေး

**တာချီလိတ် ဖေဖော်ဝါရီ ၂၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့တွင် ရောက်ရှိနေထိုင် အလုပ်လုပ်ကိုင်လျက်ရှိသော ထိုင်းနိုင်ငံသားများကို မြန်မာတာဝန်ရှိသူများက ယမန်နေ့က မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား အမှတ်(၂)မှတစ်ဆင့် လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**စနစ်တကျပြန်လည်လွှဲပြောင်း**

လွှဲပြောင်းပို့ဆောင်ခြင်း မပြုမီ ကျန်းမာရေးစစ်ဆေးခြင်းနှင့် ကိုယ်အပူချိန် တိုင်းတာခြင်းများ ပြုလုပ်ခဲ့ကာ စနစ်တကျ ပြန်လည်လွှဲပြောင်းပို့ဆောင်ပေးခဲ့သည်။ ထိုင်းနိုင်ငံသားများသည် ကိုဗစ်-၁၉ ကူးစက်ရောဂါ မဖြစ်ပွားမီ အချိန်၌ တာချီလိတ်မြို့သို့လာရောက် အလုပ်လုပ်ကိုင် နေထိုင်ခဲ့ကြသူများဖြစ်ကြပြီး ကိုဗစ်-၁၉ စတင်ဖြစ်ပွားချိန်မှစ၍ စက်ရုံ၊ အလုပ်ရုံများ ပိတ်ပင်မှုကြောင့် အလုပ်အကိုင်ရှားပါးလာသဖြင့် ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာလျက်ရှိသည်။



နေရပ်ပြန်လိုသည့် ထိုင်းနိုင်ငံသူများကို တာချီလိတ်မြို့ လဝကဌာနခွဲ(၆)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်မြင့်နှင့် တာဝန်ရှိသူများက ပြန်လည် ပို့ဆောင်ပေးခဲ့ပြီး ထိုင်းနိုင်ငံမှ ကျန်းမာရေးစစ်ဆေးခြင်းကိုစနစ်တကျ လုပ်ဆောင်ခဲ့ကာ တံတား(၂)တာဝန်ခံရဲအရာရှိ Pathpon Onnoul၊ လဝက အရာရှိ Songsok Pakiang နှင့် ကျန်းမာရေးဌာနမှ ဦးစီးအရာရှိ Priawpurin Manopeaw ဦးစီးသည့်အဖွဲ့က ပြန်လည်လက်ခံခဲ့ကြကြောင်း သိရသည်။

**ယာဆေး(ပြန်/ဆက်)**

■

# ကိုဗစ် – ၁၉ ကာကွယ်ဆေးနှင့် ပတ်သက်သော မေးခွန်းနှင့်အဖြေများ

အပိုင်း (၁)

## ၁ COVID-19 ကာကွယ်ဆေးမှာ ဘယ်လိုအချက်တွေနဲ့ ပြည့်စုံဖို့လိုတာပါလဲ

COVID-19 ကာကွယ်ဆေးကောင်းသော လူများအတွက် အနည်းဆုံး (၅၀)ရာခိုင်နှုန်း မှ (၇၀)ရာခိုင်နှုန်း အထိ ကာကွယ်မှုရရှိခြင်း၊ ကာကွယ်ဆေးကိုထိုးလျှင် ပြင်းထန်သော ဘေးထွက်ဆိုးကျိုး မဖြစ်ခြင်းနှင့် အချိန်ကြာမြင့်စွာ ရောဂါခုခံနိုင်စွမ်းအားရရှိခြင်းစသည့် အချက်တို့နှင့် ပြည့်စုံရပါမည်။

## ၂ ကမ္ဘာတစ်ဝန်းတွင် COVID-19 ကာကွယ်ဆေးကို အမြိုင်အဆိုင် ထုတ်လုပ်နေကြရာ ယခုထိုးနှံပေးမည့် ကာကွယ်ဆေးများက ဘေးကင်း စိတ်ချရတဲ့ ကာကွယ်ဆေး ဟုတ်ပါသလား

COVID-19 ကာကွယ်ဆေးသည် ထုတ်လုပ်နိုင်သည့်မှာ မကြာသေး၍ ပုံမှန်ကာကွယ်ဆေးထုတ်လုပ်ပါက ... ကာကွယ်ဆေး ... ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ... စိတ်ချရသော ကာကွယ်ဆေးများကိုသာ ထိုးနှံပေးနိုင်ရန် ဆောင်ရွက်ပါမည်။

## ၃ COVID-19 ကာကွယ်ဆေးသည် လူတိုင်း မဖြစ်မနေထိုးနှံရမည့် ကာကွယ်ဆေးလား

COVID-19 ကာကွယ်ဆေးသည် မိမိဆန္ဒအလျောက် ထိုးနှံရမည့် ကာကွယ်ဆေး ဖြစ်ပါသည်။ ကာကွယ်ဆေးကို ထိုးနှံသည်ဖြစ်စေ ... နှာခေါင်းစည်း (Face mask) တပ်ဆင်ခြင်း၊ လက်ကို ... လူအစုအဝေးနှင့် ဝေးဝေးနေခြင်း ... (၆)ပေ ... ဆက်လက် လိုက်နာဆောင်ရွက်ရပါမည်။

## ၄ COVID-19 ရောဂါဖြစ်ပွားနေသူများနှင့် ထိတွေ့ ... COVID-19 ကာကွယ်ဆေးကို ထိုးနှံရန် လိုအပ်ပါသလား

COVID-19 ရောဂါဖြစ်ပွားနေသူများနှင့် ထိတွေ့ ... နေသူများသည် ... (၁၄)ရက်ကြာမှသာ ကာကွယ်ဆေးကို ထိုးနှံသင့်ပါသည်။

## ၅ COVID-19 ရောဂါ ပျောက်ကင်းပြီးသူများသည် COVID-19 ကာကွယ်ဆေးထိုးရန်လိုအပ်ပါသလား

COVID-19 ရောဂါဖြစ်ပွားခဲ့ဖူးသူများလည်း COVID-19 ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံရန် လိုအပ်ပါသည်။ ... COVID-19 ... COVID-19 ရောဂါ ... ကာကွယ်ရန် ... ရှိနေပြီဖြစ်ပါသည်။

## ၆ COVID-19 ကာကွယ်ဆေးထိုးနှံပြီးပါက COVID-19 ရောဂါကို ရှုပ်ရှင်းကာကွယ်နိုင်ပါသလား

... ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံပြီးပါက ... COVID-19 ကာကွယ်ဆေး ... ပါးစပ်နှင့် နှာခေါင်းစည်း (Face mask) တပ်ဆင်ခြင်း၊ လက်ကို စက္ကန့်(၂၀) ကြာအောင် ... (၆)ပေ ... ဆက်လက်လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။

## ၇ COVID-19 ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံပြီးပါက ပါးစပ်နှင့် နှာခေါင်းစည်း (Face mask) တပ်ဆင်ခြင်း၊ လက်ဆေးခြင်းကို ဆက်လက်လုပ်ဆောင်ရန် လိုအပ်ပါသလား

COVID-19 ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံပြီးပါကလည်း COVID-19 ရောဂါ ... လူတိုင်း(လူတိုင်း)မှ ပါးစပ်နှင့် နှာခေါင်းစည်း (Face mask) တပ်ဆင်ခြင်း၊ လက်ကို ... ဆေးကြောခြင်းနှင့် လူတစ်ဦးနှင့် တစ်ဦး (၆)ပေ ... လုပ်ဆောင်ရန် အလွန်အရေးကြီးပါသည်။

Ref: https://www.cdc.gov/coronavirus/2019-ncov/vaccines/faq.html
Ref: https://www.cdc.gov/coronavirus/2019-ncov/vaccines/facts.html
Ref: https://www.who.int/emergencies/diseases/novel-coronavirus-2019/media-resources/science-in-5/episode-5
Ref: https://www.cdc.gov/coronavirus/2019-ncov/vaccines/faq.html
Ref: FAQ on COVID-19 vaccine from Government of India

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

❖ ကျောဖုံးမှ

မန်စီးတီးအသင်းဟာ ဝက်စ်ဟမ်းအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ် ၂၆ ယှဉ်ပြိုင်ကစားအပြီးမှာ ရမှတ်စုစုပေါင်း ၆၂ မှတ် ရရှိထားကာ အမှတ်ပေးဇယား အဆင့် ၂ နေရာမှာ ရပ်တည်နေတဲ့ မန်ချက်စတာမြို့ခံပြိုင်ဘက် မန်ယူအသင်းကို ၁၃ မှတ် ဖြတ်အနေအထားနဲ့ အမှတ်ပေးဇယား အဆင့် ၁ နေရာမှာ ဆက်လက်ရပ်တည်နိုင်ခဲ့တာဖြစ်ပါတယ်။

ဝက်စ်ဟမ်းအသင်း ကတော့ မန်စီးတီးအသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ် ၂၆ ယှဉ်ပြိုင်ကစားအပြီးမှာ ရမှတ် ၄၅ မှတ်နဲ့ အမှတ်ပေးဇယား အဆင့် ၄ နေရာမှာ ရပ်တည်ခဲ့တာဖြစ်ပါတယ်။ မန်စီးတီးအသင်းဟာ လာမယ့် ပရီမီယာလိဂ်ပွဲစဉ် ၂၇ အဖြစ် မတ် ၂ ရက်မှာ ဝုလ်ဗာဟမ်တန်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး ဝက်စ်ဟမ်းအသင်းကတော့ မတ် ၈ ရက်မှာ လိဒ်ယူနိုက်တက်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာ ဖြစ်ပါတယ်။

# အာဆင်နယ်နောက်တန်းကစားသမား ဘယ်လာရင် နွေရာသီအပြောင်းအရွှေ့ကာလတွင် အသင်းမှ ထွက်ခွာမည်

အာဆင်နယ်အသင်းရဲ့ စပိန်နောက်တန်းကစားသမား ဟက်တာဘယ်လာရင်ဟာ နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ အာဆင်နယ်အသင်းမှ ထွက်ခွာတော့မှာဖြစ်တယ်လို့ သိရပါတယ်။

အသက် ၂၅ နှစ်အရွယ်ရှိ နောက်တန်းကစားသမား ဘယ်လာရင်အနေနဲ့ ပြီးခဲ့တဲ့ ဘောလုံးရာသီကုန်ကတည်းက အာဆင်နယ်အသင်းကနေ ထွက်ခွာဖို့ ဆန္ဒရှိနေခဲ့တာဖြစ်ပြီး ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းနဲ့ စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းတို့ကလည်း ဘယ်လာရင်ကို ခေါ်ယူဖို့ ပစ်မှတ်ထားနေတယ်လို့ သိရပါတယ်။

အာဆင်နယ်အသင်းနည်းပြ အာတီတာက ဘယ်လာရင်အား နောက်ထပ်တစ်ရာသီထပ်မံကစားရန်အတွက်ပြီးခဲ့တဲ့ဘောလုံးရာသီက တောင်းဆိုမှုရှိခဲ့တာကြောင့် အသင်းကနေ ထွက်ခွာမယ့်အစီအစဉ် မအောင်မြင်ခဲ့တာဖြစ်ပြီး ယခုနှစ် နွေရာသီကာလအတွင်းမှာတော့ အာဆင်နယ်အသင်းကနေ ထွက်ခွာတော့မယ်ဆိုတဲ့ သတင်းတွေထွက်ပေါ်လာခဲ့တာ ဖြစ်ပါတယ်။

အာဆင်နယ်အသင်းဟာ နောက်တန်းကစားသမားဘယ်လာရင်ရဲ့ ပြောင်းရွှေ့ကြေးကို ပေါင်သန်း ၃၀ တောင်းဆိုထားတာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ဘောလုံးရာသီက ဘယ်လာရင်ကို ခေါ်ယူဖို့ ပစ်မှတ်ထားနေတဲ့အသင်းတွေထဲမှာ ပီအက်စ်ဂျီအသင်းနဲ့ ဘာစီလိုနာအသင်းအပြင် မန်ယူအသင်းကလည်း နောက်တန်းခံစစ်ကြောင်းကို အားဖြည့်ဖို့ အိုးထရက်ဖို့ဒ်အရောက်ခေါ်ယူသွားဖို့ စီစဉ်ခဲ့တယ်လို့ သိရပါတယ်။



ဒါပေမယ့် မန်ယူအသင်းဟာ နောက်တန်းကစားသမား ဘယ်လာရင်ကို မခေါ်ယူနိုင်ခဲ့တာကြောင့် ဘစ်ဆာကာကို ပြောင်းရွှေ့ကြေးပေါင်သန်း ၅၀ နဲ့ ခေါ်ယူခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာ အာဆင်နယ်အသင်းက ဘယ်လာရင်ကို ရောင်းချဖို့ ဆန္ဒရှိနေတယ်လို့ သိရပါတယ်။

# လီဗာပူးအသင်းကို ကြီးကြီးမားမား ပြန်လည်တည်ဆောက်ရန် လိုအပ်မည်မဟုတ်ဟု လီဗာပူးအသင်းနည်းပြ ကလော့ပြောကြား



လီဗာပူးအသင်းနည်းပြ ကလော့က ယခုနှစ်နွေရာသီကာလအတွင်း အသင်းကို ကြီးကြီးမားမား ပြန်လည်တည်ဆောက်ဖို့ ကစားသမား အများအပြားခေါ်ယူဖို့ လိုအပ်မှာမဟုတ်ဘူးလို့ ပြောကြားခဲ့ပါတယ်။

ပရီမီယာလိဂ် လက်ရှိချန်ပီယံ လီဗာပူးအသင်းဟာ ပရီမီယာလိဂ် ပွဲစဉ်လေးပွဲဆက် ရှုံးပွဲကြုံတွေ့ခဲ့ရတာကြောင့် အမှတ်ပေးဇယားထိပ်ဆုံးမှာ ရပ်တည်နေတဲ့ မန်စီးတီးအသင်းနဲ့ ရမှတ် ၁၉ မှတ်အထိ ကွာဟမှုရှိနေပြီး အမှတ်ပေးဇယားအဆင့် ၆ နေရာမှာ ရပ်တည်နေတာလည်း ဖြစ်ပါတယ်။

ဒါပေမယ့် ရလဒ်ပိုင်းဆိုင်ရာ အကောင်းဆုံးပြန်လည်ရရှိဖို့အတွက် နွေရာသီကာလအတွင်းမှာ လီဗာပူးအသင်းအတွက် ကစားသမားခေါ်ယူမှု အများအပြားပြုလုပ်ပြီး အသင်းကို ကြီးကြီးမားမား ပြန်လည်တည်ဆောက်ဖို့ မလိုအပ်သေးဘူးလို့ အသက် ၅၃ နှစ်အရွယ်ရှိ နည်းပြကလော့က ပြောကြားခဲ့ပါတယ်။

နည်းပြကလော့က အဲဒီလိုပြောကြားခဲ့ပေမယ့် လက်ရှိမှာ လီဗာပူးအသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ် ၁၁ ပွဲမှာ နှစ်ပွဲသာအနိုင်ရရှိခဲ့တဲ့အပြင် အက်ဖ်အေဖလားပြိုင်ပွဲမှာလည်း စတုတ္ထအဆင့်မှာပဲ ထွက်ခဲ့ရတာဖြစ်ပါတယ်။

ဒါပေမယ့် လီဗာပူးအသင်းဟာ ချန်ပီယံလိဂ်ပြိုင်ပွဲမှာတော့ ရလဒ်ကောင်းတစ်ခုပိုင်ဆိုင်ထားတာဖြစ်ပြီး လိုက်ဇစ်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရတဲ့ ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပထမအကျော့မှာလည်း လိုက်ဇစ်အသင်းကို နှစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိထားတာဖြစ်ပါတယ်။

လီဗာပူးအသင်းဟာ အသင်းခေါင်းဆောင် ဂျော်ဒန်ဟန်ဒါဆန်အပါအဝင် ကစားသမားအများစု ဒဏ်ရာပြဿနာကြုံတွေနေတာဖြစ်ပြီး လာမယ့်ပရီမီယာလိဂ်ပွဲစဉ်မှာ ရှက်ဖီးလ်အသင်းကို အနိုင်ကစားဖို့ ရည်ရွယ်ထားကြောင်းနဲ့ ပရီမီယာလိဂ်အမှတ်ပေးဇယားအဆင့် ၄ စာရင်းဝင်ဖို့ စွမ်းဆောင်သွားမှာဖြစ်ကြောင်း နည်းပြကလော့က ပြောကြားခဲ့ပါတယ်။

**ငွေကြယ် - ရေးသားသည်**

# ဆောက်သမ်တန်ကွင်းလယ်ကစားသမား ရိုမီအူ ဒဏ်ရာပြဿနာကြောင့် ရာသီကုန်အထိ အနားယူရဖွယ်ရှိ

ဆောက်သမ်တန် အသင်း ကွင်းလယ်ကစားသမား ရိုမီအူဟာ ခြေချင်းဝတ်ဒဏ်ရာခွဲစိတ်ကုသမှု ခံယူရမှာ ဖြစ်တာကြောင့် ယခုနှစ် ဘောလုံးရာသီကုန်အထိ အနားယူရဖွယ်ရှိနေတယ်လို့ သိရပါတယ်။

အသက် ၂၉ နှစ်အရွယ်ရှိ စပိန်ကွင်းလယ်ကစားသမား ရိုမီအူဟာ အင်္ဂါနေ့ညပိုင်းက လိဒ်ယူနိုက်တက်အသင်းကို သုံးဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့တဲ့ ပွဲစဉ်အတွင်းမှာ ခြေချင်းဝတ်ဒဏ်ရာ ရရှိခဲ့တာဖြစ်ပါတယ်။

လက်ရှိကွင်းလယ်ကစားသမား ရိုမီအူရရှိထားတဲ့ ခြေချင်းဝတ်ဒဏ်ရာဟာ ခွဲစိတ်ကုသမှုခံယူဖို့အတွက် အနည်းဆုံး သုံးလကြာအထိ အချိန်ယူရမှာ ဖြစ်တယ်လို့လည်း ဆောက်သမ်တန်အသင်းနည်းပြ ဟာဆန်ဟွတ်တီက ပြောကြားခဲ့ပါတယ်။



ဆောက်သမ်တန် အသင်းမှာ ကစားသမားအများစု ဒဏ်ရာပြဿနာ ကြုံတွေ့နေရပြီး ကွင်းလယ်ကစားသမား ရိုမီအူအပါအဝင် နောက်တန်းကစားသမား ကီလီဝေါ်ကာ-ပီတာ၊ ကွင်းလယ်ကစားသမား ဒီယယ်လိုနဲ့ တိုက်စစ်မှူး သီယိုဝဲလ်ကော့တို့လည်း ဒဏ်ရာပြဿနာ အသီးသီး ရရှိထားတာကြောင့် မတ်လ ၁ ရက်နေ့မှာ အဲဗာတန်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမယ့် ပရီမီယာလိဂ်ပွဲစဉ်မှာ ပါဝင်ပွဲထွက်နိုင်မှာမဟုတ်ဘဲ လွဲချော်ရဖို့ရှိနေတာ ဖြစ်ပါတယ်။

# ဝက်စ်ဟမ်းကွင်းလယ်ကစားသမား ဒီကလန်ရိုက်ကို ခေါ်ယူရန် မန်ယူအသင်းစီစဉ်နေ



မန်ယူအသင်းဟာ ဝက်စ်ဟမ်းအသင်းကွင်းလယ်ကစားသမား ဒီကလန်ရိုက်ကို ခေါ်ယူဖို့ စီစဉ်နေတာကြောင့် မန်ယူအသင်းရဲ့ လက်ရှိကစားသမားတွေဖြစ်တဲ့ အင်္ဂလန်ကွင်းလယ်ကစားသမား လင်းဂတ်၊ ဆားဘီးယားကွင်းလယ်ကစားသမား မာတစ်နဲ့ အင်္ဂလန်နောက်တန်းကစားသမား ဖီးဂျုံးစ်တို့အနက် တစ်ဦးကို ဝက်စ်ဟမ်းအသင်းဆီ ရောင်းချခြင်းဖြင့် ဒီကလန်ရိုက်ကို ခေါ်ယူနိုင်ရေး ကြိုးပမ်းသွားဖို့ ရှိနေတယ်လို့ သိရပါတယ်။

မန်ယူအသင်းနည်းပြ ဆိုးရှားဟာ ကွင်းလယ်ကစားသမားဒီကလန်ရိုက်ကို ခေါ်ယူဖို့ ပြီးခဲ့တဲ့ နွေရာသီအပြောင်းအရွှေ့ကာလကတည်းက ပစ်မှတ်ထားခဲ့တာဖြစ်ပေမယ့် ဝက်စ်ဟမ်းအသင်းက ဒီကလန်ရိုက်ရဲ့ ပြောင်းရွှေ့ကြေးကို ပေါင်သန်း ၇၀ အထိတောင်းဆိုခဲ့တာကြောင့် မခေါ်ယူနိုင်ခဲ့တာဖြစ်ပြီး ယခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာတော့ ဒီကလန်ရိုက်ကို ပြောင်းရွှေ့ကြေး ပေါင်သန်း ၅၀ နဲ့ ခေါ်ယူနိုင်ဖို့ ရှိနေတာ ဖြစ်ပါတယ်။

လက်ရှိအနေအထားအရ ပရီမီယာလိဂ်ပြိုင်ဘက်အသင်းတွေဖြစ်တဲ့ လီဗာပူးအသင်း၊ မန်စီးတီးအသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ကလည်း ဝက်စ်ဟမ်းအသင်းကွင်းလယ်ကစားသမား ဒီကလန်ရိုက်ကို ခေါ်ယူဖို့ ပစ်မှတ်ထားနေတာကြောင့် မန်ယူအသင်းက အသင်းရဲ့ကစားသမားတချို့ကို ဝက်စ်ဟမ်းအသင်းဆီရောင်းချပြီး ဒီကလန်ရိုက်ခေါ်ယူဖို့ စီစဉ်လာခဲ့တာဖြစ်ပါတယ်။

# COVID–19 ကာကွယ်ဆေးနှင့်ပတ်သက်သော မေးခွန်းနှင့် အဖြေများ(အပိုင်း–၂)

**(၁) မြန်မာနိုင်ငံမှာ ကိုဗစ်-၁၉ ကာကွယ်ဆေးကို မည်ကဲ့သို့စတင်ထိုးနှံပေးမှာလဲ**

- ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဦးစားပေးလူအုပ်စုအလိုက် ထိုးနှံပေးသွားပါမည်။ ရှေ့တန်းမှ တာဝန်ထမ်းဆောင်နေသော ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ဗဟို/တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများကို ပထမအသုတ်အနေနဲ့ စတင်ထိုးနှံပေးမည်ဖြစ်ပြီး၊ ကျန်လူအုပ်စုများကိုလည်း ကာကွယ်ဆေးရရှိမှုအပေါ် မူတည်၍ ဆက်လက်ထိုးနှံပေးသွားမှာ ဖြစ်ပါသည်။

**(၂) ဆီးချို၊ သွေးတိုး၊ နှလုံး၊ ကင်ဆာ၊ စသည့် နာတာရှည်ရောဂါ အခံရှိသောသူများနှင့် ယင်းရောဂါများအတွက် သက်ဆိုင်ရာဆေးဝါးများသောက်သုံးနေရသောသူများအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးလို့ရပါသလား**

- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုး၍ရပါသည်။ ဤကဲ့သို့ရောဂါအခံရှိနေသောသူများသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရလျှင် အသက်အန္တရာယ်စိုးရိမ်ရသောကြောင့် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးသင့်သောသူများ ဖြစ်ပါသည်။

**(၃) ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဘယ်သူတွေမထိုးနှံသင့်ဘူးလဲ**

- ကိုဗစ်-၁၉ ရောဂါ အတည်ပြုခြင်းခံထားရသူလူနာများ၊ သံသယလူနာများနှင့် ရောဂါလက္ခဏာ သက်သာပျောက်ကင်းသွားပြီး (၁၄)ရက် မကျော်သေးသောသူများ၊
- ကိုဗစ်-၁၉ သံသယလက္ခဏာ (ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ရုတ်တရက်အနံ့အရသာပျောက်ဆုံးခြင်း၊ အသက်ရှူရခက်ခဲခြင်း... စသည်တို့) ရှိသောသူများ၊
- နို့တိုက်မိခင်နှင့် ကိုယ်ဝန်ဆောင်များနှင့်
- အသက် (၁၈)နှစ်အောက် လူအုပ်စုများတို့ကို ကိုဗစ်-၁၉ ကာကွယ်ဆေး မထိုးနှံသင့်ပါ။

(ကိုယ်အင်္ဂါအစားထိုး (organ transplant) ခွဲစိတ်ကုသမှုခံယူထားသူများ၊ ခုခံအားကျရောဂါရှိနေသူများနှင့် ခုခံအားကျဆင်းစေသည့်ဆေးဝါးတစ်ခုခုသုံးစွဲနေရသူများ အနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းခံယူရန် သင့်/ မသင့်ကို သက်ဆိုင်ရာ ဆရာဝန်ကြီးများနှင့် ကြိုတင်၍ တိုင်ပင်ပါ။)

**(၄) ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဘယ်နှကြိမ် ထိုးနှံရမှာပါသလဲ**

ကိုဗစ်-၁၉ကာကွယ်ဆေးအမျိုးအစားအပေါ်တွင်မူတည်ပါသည်။

မြန်မာနိုင်ငံတွင် ထိုးနှံမည့် COVISHIELD ကာကွယ်ဆေးကို(၂)ကြိမ် ထိုးနှံရမှာဖြစ်ပါသည်။ ယေဘုယျအားဖြင့် ပထမအကြိမ် ထိုးနှံပြီးနောက် ရက်သတ္တပတ် (၄)ပတ်ခြားပြီး ဒုတိယအကြိမ် ထပ်မံ ထိုးနှံရမှာဖြစ်ပါသည်။

**(၅) ကိုဗစ်-၁၉ ကာကွယ်ဆေးကို ပထမတစ်ကြိမ်မှာ ကာကွယ်ဆေးတစ်မျိုးထိုးထားပြီး ဒုတိယတစ်ကြိမ်မှာ အခြားဆေးအမျိုးအစားကို ထိုးနှံလို့ရနိုင်ပါသလား**

ယခုအချိန်အထိလေ့လာတွေ့ရှိချက်များအရ - အခြားဆေးအမျိုးအစားကိုထိုးနှံ၍ မရပါ။ ပထမအကြိမ်တွင် ထိုးနှံထားသော ကာကွယ်ဆေးအမျိုးအစားနှင့်တူညီသော ကာကွယ်ဆေးကို ဒုတိယအကြိမ်ထပ်မံထိုးနှံမှသာ ထိရောက်လုံလောက်သောကိုယ်ခံစွမ်းအား ရရှိမည်ဖြစ်ပါသည်။

**(၆) မြန်မာနိုင်ငံ၌ အရေးပေါ်အခြေအနေတွင် အသုံးပြုရန်အတွက် လက်ရှိတရားဝင် ခွင့်ပြုထားသော ကိုဗစ်-၁၉ ကာကွယ်ဆေးတွေက ဘာတွေပါသလဲ**

မြန်မာနိုင်ငံ၌ အရေးပေါ်အခြေအနေတွင် အသုံးပြုရန်အတွက် ကိုဗစ်-၁၉ ကာကွယ်ဆေး (၁)မျိုးဖြစ်သည့် COVISHIELD/ Astrazeneca ကာကွယ်ဆေးကို လတ်တလော တရားဝင်ခွင့်ပြုထားပါသည်။ ဤကာကွယ်ဆေးကို အသက် (၁၈)နှစ်နှင့်အထက် လူကြီးများအတွက်သာ အသုံးပြုခွင့်ပြုပေးထားပါသည်။

(နောက်ထပ်ခွင့်ပြုချက်ရရှိသော ကာကွယ်ဆေးများကိုလည်း ဆက်လက်ဖော်ပြပေးသွားပါမည်။)

**(၇) COVISHIELD ကာကွယ်ဆေးထိုးနှံပြီးလျှင် မည်ကဲ့သို့သော သာမန်လက္ခဏာများ ပြတတ်ပါသလဲ**

**(က) COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀) ဦးတွင် (၁) ဦးထက်ပို၍ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ–**

- ဆေးထိုးသည့်နေရာတွင် နာခြင်း၊ နီခြင်း၊ ယောင်ခြင်း၊
- ခေါင်းကိုက်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊
- နုံးချည့်ခြင်း၊ မအီမသာဖြစ်ခြင်း၊

**(ခ) COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀) ဦးတွင် (၁) ဦးခန့်သာ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ–**

- ဆေးထိုးသည့်နေရာတွင် အကျိတ်ငယ်ဖြစ်ခြင်း၊
- ဖျားခြင်း၊
- အန်ခြင်း၊
- ရာသီတုပ်ကွေးရောဂါကဲ့သို့ သာမန်လက္ခဏာများ (ဖျားခြင်း၊ အာသီးရောင်ခြင်း၊ နှာချေ/ချောင်းဆိုးခြင်း၊ ချမ်းတုန်ခြင်း...စသည်) တို့ ပြတတ်ပါသည်။

**(ဂ) COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀၀) ဦးတွင် (၁) ဦးခန့်သာ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ–**

- မူးဝေခြင်း၊
- ယားယံခြင်း၊
- ချွေးထွက်လွန်ခြင်း၊
- အစာစားချင်စိတ်လျော့နည်းခြင်း၊ ဗိုက်အောင့်ခြင်း၊
- ပြန်ရည်ကျိတ်များကြီးခြင်း တို့ဖြစ်နိုင်ပါသည်။

**ကာကွယ်ဆေးနှင့် ဓာတ်မတည့်မှု ရှိ/မရှိနှင့် ပြင်းထန်သည့်ဘေးထွက်ဆိုးကျိုးများ ရှိ/မရှိ သေချာစေရန် ဆေးထိုးပြီးပါက စောင့်ဆိုင်းသည့် နေရာတွင် "မိနစ်(၃၀)ခန့်" စောင့်ဆိုင်းရန် အရေးကြီးပါသည်။**

**ပထမအကြိမ်ကာကွယ်ဆေးထိုးပြီးနောက် ကာကွယ်ဆေးထိုးနှံခြင်းမှတ်တမ်း (ကာကွယ်ဆေးထိုးကတ်)ကို မပျောက်မပျက်စေရန် စနစ်တကျသိမ်းဆည်းထား၍ နောက်တစ်ကြိမ်ကာကွယ်ဆေးထိုးနှံမှု ခံယူရန် လာရောက်သည့်အခါတွင် မပျက်မကွက်ယူဆောင်လာရန်လိုအပ်ပါသည်။**

**မှတ်ချက်။** ကိုဗစ်-၁၉ ကာကွယ်ဆေးများသည် နည်းပညာအသစ်ဖြင့် အချိန်တိုအတွင်း ထုတ်လုပ်ထားသော ကာကွယ်ဆေးအသစ်များဖြစ်၍ ယခုအချိန်၌သိရှိထားသော သတင်းအချက်အလက်များသည် ပြောင်းလဲမှုများရှိလာနိုင်ပါသည်။ သတင်းအချက်အလက်အသစ်များ ထပ်မံ သိရှိရပါက ဆက်လက်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။


Reference: Serum Institute of India (SII). Fact sheet for vaccine recipient approved for restricted use in emergency situation of ChAdOx1 nCoV- 19 Coronavirus Vaccine (Recombinant), COVISHIELD, in prevention of (covid-19) disease in individuals 18 years of age and older. (Revised: 01 January 2021). Available at: https://www.seruminstitute.com/product_covishield.php

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# BLACK PINK အဖွဲ့ဝင်များ ဂျီစိုးထံ လက်ဆောင်ပေးပို့

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီး တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ BLACK PINK ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ဂျီစိုးဟာ လတ်တလောမှာ ရုပ်သံဇာတ်လမ်းတွဲတစ်ခုကို ရိုက်ကူးနေပြီး သူ့ထံကို အခြားသော အဖွဲ့ဝင်တွေက လက်ဆောင်ပေးပို့ခဲ့တာကြောင့် ဂျီစိုးက သူ့ရဲ့အဖွဲ့ဝင်တွေကို ကျေးဇူးတင်ရှိကြောင်း ပြန်လည်ပြောကြားခဲ့တယ်လို့ စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။





ဂျီစိုးဟာ လတ်တလောမှာ Snowdrop လို့ ယာယီအမည်ပေးထားတဲ့ ရုပ်သံဇာတ်လမ်းတွဲမှာ ပါဝင်သရုပ်ဆောင်နေတာဖြစ်ပါတယ်။ သူ့ရဲ့ ရိုက်ကွင်းဆီကို အခြားသော အဖွဲ့ဝင်တွေဖြစ်ကြတဲ့ ဂျန်းနီနဲ့ လီဆာတို့က ကော်ဖီတွေရောင်းချပေးတဲ့ ကားတစ်စီးကို လက်ဆောင်အဖြစ် ပေးပို့ခဲ့တာပါ။

ဒီအကြောင်းကို ဂျီဆိုးက ဖေဖော်ဝါရီ ၂၇ ရက်မှာ သူ့ရဲ့ လူမှုကွန်ရက်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့ရင်း လက်ဆောင်ပေးပို့သူတွေကို ကျေးဇူးတင်ကြောင်း ပြန်လည်ပြောကြားခဲ့တာကို တွေ့ရပါတယ်။

ဂျီစိုးပါဝင်သရုပ်ဆောင်နေတဲ့ ဇာတ်လမ်းတွဲဟာ အချစ်ရုပ်ရှင်အမျိုးအစားဖြစ်ပြီး JTBC ရုပ်သံလိုင်းကနေ ယခုနှစ်အတွင်း ထုတ်လွှင့်ပြသဖို့ရာ စီစဉ်ထားကြောင်းလည်း သိရပါတယ်။



# ချန်ယိုး လာမယ့်လအတွင်း စစ်မှုထမ်းဆောင်မည်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ EXO ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ချန်ယိုးဟာ လာမယ့်လအတွင်း စစ်မှုစတင်ထမ်းဆောင်တော့မှာဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဖေဖော်ဝါရီ ၂၆ ရက်မှာ ချန်ယိုးရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ အက်စ်အမ်အင်တာတိန်းမန့်က ပေ့ါပ်ကြယ်ပွင့်အနေနဲ့ လာမယ့် မတ် ၂၆ ရက်မှာ စစ်မှုစတင်ထမ်းဆောင်တော့မှာဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့ပါတယ်။ သို့သော် စစ်မှုထမ်းဆောင်ရမယ့် နေရာအတိအကျကိုတော့ မသိရှိရသေးကြောင်းနဲ့ ချန်ယိုးအနေနဲ့ စစ်မှုစတင်ထမ်းဆောင်တဲ့နေ့မှာ အထူးအစီအစဉ်တွေ လုပ်ဆောင်သွားဖို့ရာလည်း မရှိကြောင်း အေဂျင်စီက ပြောကြားခဲ့ပါတယ်။

သူဟာ EXO အဖွဲ့ဝင်တွေအနက် ငါးယောက်မြောက် စစ်မှုထမ်းဆောင်ခဲ့သူလည်း ဖြစ်ပါတယ်။ စစ်မှုထမ်းဆောင်မယ့် သတင်းမပေါ်ထွက်မီ ချန်ယိုးက သူ့ရဲ့ပရိသတ်တွေကို ကျေးဇူးတင်ရှိကြောင်း စာတစ်စောင်ရေးသားကာ လူမှုကွန်ရက်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့ကြောင်းလည်း သိရပါတယ်။

# လေဒီဂါဂါရဲ့ ခွေးလေးတွေ ပြန်လည်တွေ့ရှိ


ကျော်ကြားတဲ့ အမေရိကန်ပေ့ါပ်ကြယ်ပွင့် လေဒီဂါဂါရဲ့ ဖေဖော်ဝါရီ ၂၄ ရက်က ပျောက်ဆုံးသွားခဲ့တဲ့ခွေးလေးတွေ လတ်တလောမှာ ပြန်လည်တွေ့ရှိခဲ့ပြီဖြစ်ကြောင်းနဲ့ နှစ်ကောင်စလုံး အန္တရာယ်ကင်းရှင်းကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဖေဖော်ဝါရီ ၂၄ ရက်က လေဒီဂါဂါ ရောမကို ရောက်ရှိနေချိန်မှာ သူ့ရဲ့ ခွေးလေးတွေ အခိုးခံခဲ့ရတာပါ။ ခွေးလေးတွေကို လမ်းလျှောက်ထွက်ပေးရသူနဲ့ သူငယ်ချင်းက လော့စ်အိန်ဂျလိစ်မှာ ထိန်းကျောင်းနေစဉ် အမျိုးသားနှစ်ဦးက သေနတ်နဲ့ပစ်ကာ ခွေးတွေကို လုယူခဲ့ပါတယ်။ သေနတ်နဲ့အပစ်ခံရတာကြောင့် ခွေးကျောင်းပေးနေတဲ့ အမျိုးသားဟာ သေလုမျောပါးဖြစ်ခဲ့ရပါတယ်။ လေဒီဂါဂါရဲ့ ပြင်သစ်ခွေးဘီလူးအမျိုးအစား ခွေးလေးသုံးကောင်အနက် နှစ်ကောင်ပျောက်ဆုံးသွားခဲ့ပြီး တစ်ကောင်တော့ လွတ်မြောက်သွားခဲ့ကြောင်း သိရပါတယ်။

ခွေးလေးတွေ အခိုးခံရတဲ့အတွက် လေဒီဂါဂါဟာ အလွန်ကိုဝမ်းနည်းခဲ့ရပြီး သူ့ရဲ့ ခွေးလေတွေ ပြန်လည်ရှာဖွေပေးနိုင်သူကို အမေရိကန်ဒေါ်လာ ငါးသိန်း ဆုချမှာဖြစ်ကြောင်း တွစ်တာစာမျက်နှာပေါ်ကနေတစ်ဆင့် ရေးသားဖော်ပြခဲ့ကာ ဆက်သွယ်ရမယ့် လိပ်စာကိုပါ တစ်ပါတည်းဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

ဒီလိုဖော်ပြအပြီး ယမန်နေ့ အစောပိုင်းမှာ အမည်ဖော်ပြလိုခြင်းမရှိတဲ့ အမျိုးသမီးတစ်ဦးက လေဒီဂါဂါရဲ့ခွေးလေးတွေကို ခေါ်ဆောင်ကာ လော့စ်အိန်ဂျလိစ်ရဲဌာနကို လာရောက်အပ်နှံခဲ့တယ်လို့ သိရပါတယ်။ လော့စ်အိန်ဂျလိစ်ရဲဌာနမှ တာဝန်ရှိသူတစ်ဦးရဲ့ပြောကြားချက်အရ အဆိုပါအမျိုးသမီးဟာ လေဒီဂါဂါရဲ့ ခွေးလေးတွေကို လုယူခဲ့သူမဟုတ်သလို အဆိုပါဖြစ်ရပ်နဲ့ ပတ်သက်နေသူတစ်ဦးလည်း ဟုတ်ဟန်မတူဘူးလို့ ဆိုပါတယ်။ သို့သော် အဆိုပါ အမျိုးသမီးအနေနဲ့ လေဒီဂါဂါရဲ့ ခွေးလေးတွေကို တွေ့ရှိခဲ့တဲ့အကြောင်းအရင်းကိုတော့ ရှင်းရှင်းလင်းလင်းပြောကြားခဲ့ခြင်းမရှိပါဘူး။

လေဒီဂါဂါဟာ လက်ရှိအချိန်အထိ ရောမမှာပင် ရိုက်ကူးရေးလုပ်ငန်းတွေကို ဆက်လက်လုပ်ဆောင်နေဆဲဖြစ်ပြီး လာရောက်အပ်နှံခဲ့တဲ့ ခွေးလေးတွေဟာ သူ့ရဲ့ ခွေးလေးတွေဖြစ်ကြောင်းကိုတော့ အတည်ပြုခဲ့ပြီးဖြစ်တယ်လို့ သိရပါတယ်။



# ဖျော်ဖြေပွဲတွေ ဖျက်သိမ်းခဲ့ရတဲ့အတွက် စိတ်ပျက်မိကြောင်း တေလာဆွစ်ဆို

ကျော်ကြားတဲ့ အမေရိကန်ပေ့ါပ်ကြယ်ပွင့်တစ်ဦးဖြစ်သူ တေလာဆွစ်ဟာ သူ့ရဲ့ Lover Fest ဖျော်ဖြေပွဲတွေကို ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားမှုတွေကြောင့် ရွှေ့ဆိုင်းကြောင်း ပြီးခဲ့တဲ့နှစ်အတွင်း ကြေညာခဲ့ပါတယ်။ လတ်တလောမှာတော့ နယ်လှည့်ဖျော်ဖြေပွဲတွေ ပြုလုပ်ခွင့်ရဖို့ရာ မသေချာတဲ့အခြေအနေမှာ သူ့ရဲ့ ဖျော်ဖြေပွဲတွေကို ပြန်လည်စီစဉ်နိုင်ခြင်းမရှိတော့တာကြောင့် ယင်းဖျော်ဖြေပွဲတွေကို ဖျက်သိမ်းကြောင်း ကြေညာခဲ့ပါတယ်။ ယခုလို ဖျက်သိမ်းလိုက်ရတဲ့အပေါ် ပေ့ါပ်ကြယ်ပွင့်က သူ့အနေနဲ့ အတော်လေး စိတ်ပျက်မိကြောင်း ပြောကြားခဲ့တယ်လို့ အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

တေလာဆွစ်က ဖေဖော်ဝါရီ ၂၆ ရက်မှာ Lover Fest ဖျော်ဖြေပွဲတွေကို ဖျက်သိမ်းကြောင်း တရားဝင်ကြေညာခဲ့တာပါ။ အဆိုပါ ဖျော်ဖြေပွဲတွေဟာ ၂၀၁၉ ခုနှစ်အတွင်း ထွက်ရှိထားတဲ့ တေလာဆွစ်ရဲ့ တေးအယ်လ်ဘမ် Lover အတွက် ရည်ရွယ်ပြုလုပ်မယ့် ဖျော်ဖြေပွဲတွေဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်ကတည်းက ဖျော်ဖြေပွဲပြုလုပ်ဖို့စီစဉ်ထားပေမယ့် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားမှုတွေကြောင့် ရက်ရွှေ့ဆိုင်းခဲ့ရကာ နောက်ဆုံးမှာတော့ အားလုံးကို ဖျက်သိမ်းကြောင်း ကြေညာခဲ့တာလည်း ဖြစ်ပါတယ်။

ဂရမ်မီဆုများစွာကို ရရှိထားတဲ့ တေးသံရှင်တစ်ဦးဖြစ်သူ တေလာဆွစ်က သူ့အနေနဲ့ သတင်းကောင်းတွေ ထုတ်ဖော်ပြောကြားဖို့ ဒါမှမဟုတ် တေးသီချင်းသစ်တွေ ထုတ်လွှင့်မှာတွေနဲ့ပတ်သက်လို့ ပရိသတ်ကို အသိပေးဖို့ရာ လူမှုကွန်ရက်မီဒီယာကို အသုံးပြုလေ့ရှိကြောင်း၊ သူ့အတွက် ဝမ်းနည်းရတဲ့အကြောင်းအရာတွေကို လူမှုကွန်ရက်ပေါ်ကနေတစ်ဆင့် ပရိသတ်တွေကို ထုတ်ဖော်ပြောကြားရတာကို သူ့အနေနဲ့ မနှစ်သက်ကြောင်း၊ စိတ်မကောင်းဖြစ်မိသော်လည်း ရွှေ့ဆိုင်းထားတဲ့ နယ်လှည့်ဖျော်ဖြေပွဲတွေကို ပြန်လည်စီစဉ်နိုင်ခြင်းမရှိကြောင်း သူ့ရဲ့ လူမှုကွန်ရက်စာမျက်နှာပေါ်မှာ ရေးသားဖော်ပြခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

အေးပြည့် - စုစည်းသည်

# အသိပေးထုတ်ပြန်ချက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၇ အရ အရေးပေါ်အခြေအနေ ကြေညာထားသည့်ကာလတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးအာဏာများကို လွှဲအပ်ထားပြီးဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၈၊ ပုဒ်မခွဲ(ခ)အရ ထိုသို့ အာဏာလွှဲအပ်ဆောင်ရွက်သည့်နေ့မှစ၍ သက်ဆိုင်ရာလွှတ်တော်များ၏သဘောတူညီချက်ဖြင့် ခန့်အပ်တာဝန်ပေးထားသော အဖွဲ့အစည်းဝင်များသည် တာဝန်မှရပ်စဲသွားသည်ဖြစ်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အသစ်ကို ဖွဲ့စည်းခန့်အပ်တာဝန်ပေးထားပြီးဖြစ်ပါသည်။

၂။ လက်ရှိဖွဲ့စည်းထားသည့်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့ရက်စွဲဖြင့် အသိပေးကြေညာချက်တစ်စောင် ထုတ်ပြန်ထားပါသည်။ ယင်းအသိပေးကြေညာချက်တွင် "နိုင်ငံတော်အတွင်း ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကျင်းပရေးဖြစ်စဉ်များတွင် မဲမသမာမှုများပေါ်ပေါက်ခဲ့သဖြင့် ယင်းကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လိုအပ်သည့် စုံစမ်းစစ်ဆေးမှုများကို စတင်ပြုလုပ်လျက်ရှိကြောင်း၊ သို့ပါ၍ သက်ဆိုင်ရာ လွှတ်တော်အသီးသီးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပေးထားသော လွှတ်တော်ကိုယ်စားလှယ် အသိအမှတ်ပြုလွှာများသည် မဲမသမာမှုများအတွက် စုံစမ်းစစ်ဆေးမှုပြုလုပ်နေစဉ်ကာလအတွင်း အကျိုးသက်ရောက်မှု တစ်စုံတစ်ရာမရှိကြောင်း" ဖော်ပြပါရှိပါသည်။ ဖေဖော်ဝါရီလ ၂၅ ရက်နေ့ ရက်စွဲဖြင့် ထုတ်ပြန်သည့် အသိပေးကြေညာချက်တွင် "ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စုံစမ်းစစ်ဆေးခြင်းများ ဆောင်ရွက်ဆဲအဆင့်တွင် မိမိတို့သဘောအလျောက် လွှတ်တော်ကိုယ်စားပြုကော်မတီများဖွဲ့စည်းခြင်း၊ ယင်းကော်မတီကဆောင်ရွက်သည့် အစည်းအဝေးများပြုလုပ်ခြင်း၊ ကြေညာချက်၊ အသိပေးချက်များထုတ်ပြန်ခြင်း၊ ကိုယ်စားလှယ်များ ခန့်အပ်တာဝန်ပေးခြင်း အစရှိသည့် လွှတ်တော်ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေခြင်းတို့သည် တည်ဆဲဥပဒေများအရ တရားဝင်ခြင်းမရှိကြောင်း" ဖော်ပြပါရှိပါသည်။

၃။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅ နှင့် အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅ တို့တွင် လွှတ်တော်ကိုယ်စားလှယ်ဖြစ်မြောက်ရန် လိုအပ်ချက်(၃)ချက်အနက် "ဥက္ကဋ္ဌရွေးကောက်တင်မြှောက်ခြင်းမပြုရသေးပါက သဘာပတိ၏ ရှေ့မှောက်၌လည်းကောင်း၊ ဥက္ကဋ္ဌရွေးကောက်တင်မြှောက်ပြီးပါက ဥက္ကဋ္ဌ၏ ရှေ့မှောက်၌လည်းကောင်း နောက်ဆက်တွဲ(က)ပါအတိုင်း ကတိသစ္စာပြု၍ လက်မှတ်ရေးထိုးပြီးသူဖြစ်ခြင်း"ဟူသည့် အချက်ကိုလည်း သတ်မှတ်ပြဋ္ဌာန်းထားရာ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ကတိသစ္စာမပြုရသေးသူများသည် လွှတ်တော်ကိုယ်စားလှယ် ဖြစ်မြောက်ခြင်းမရှိသေးကြောင်း တွေ့ရှိရပါသည်။

၄။ သို့ပါ၍ လွှတ်တော်ကိုယ်စားလှယ်အဖြစ် တရားဝင်ရပ်တည်ပိုင်ခွင့်မရှိသေးသူများက "ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ" (CRPH) အမည်ဖြင့် ကော်မတီဖွဲ့စည်းဆောင်ရွက်နေခြင်းသည် ဥပဒေနှင့်ညီညွတ်ခြင်းမရှိသည့်အပြင် ကြီးလေးသည့် ရာဇဝတ်မှုကို ကျူးလွန်ရာရောက်သဖြင့် ယင်းတရားမဝင်ကော်မတီတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပါဝင်ဆောင်ရွက်ခြင်းမပြုကြရန်နှင့် ထိုသို့ဆောင်ရွက်ပါက ဥပဒေအရ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

## ကြေးမုံ ယနေ့ ဖတ်စရာ


**လိုတာထက်ပိုရင် မလိုတာတွေဖြစ်လာတတ်တယ်**
ကိုသံချောင်း – မစာဥ စကားပြောခန်း – ၃
ဆောင်းပါး စာမျက်နှာ » ၁၀

**ဥရောပတွင် ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်မှု အလျင်အမြန် ပျံ့နှံ့နေ**
စာမျက်နှာ » ၁၁

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ သာတူညီမျှစွာရရှိရေး ပူးပေါင်းဆောင်ရွက်ရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ တိုက်တွန်း**
စာမျက်နှာ » ၁၂


# မြန်မာ့မီးရထားက ရထားလမ်းပိုင်းများ၊ ရထားသွားလာရေးစနစ်များနှင့် ဘူတာများ၏လုပ်ငန်းများ စွမ်းအားပြည့်ဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိ



နေပြည်တော် ဖေဖော်ဝါရီ ၂၇

လက်ရှိကမ္ဘာ့ကပ်ရောဂါ ကိုဗစ်–၁၉ ဖြစ်ပွားချိန်မှစ၍ မြန်မာ့မီးရထား၏ ခရီးသည်ရထားခရီးစဉ်များနှင့် ကုန်ရထားခရီးစဉ်များကို လျှော့ချရပ်ဆိုင်းထားရသည်ဖြစ်ရာ အဆိုပါအခြေအနေမှ လုပ်ငန်းများပုံမှန်ပြန်လည်အကောင်အထည်ဖော်နိုင်ရေးအတွက် မြန်မာ့မီးရထားအနေဖြင့် လိုအပ်သည့် လုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၂၅ ကော်လံ ၁ သို့ ✳

# ဝက်စ်ဟမ်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့သည့် မန်စီးတီးအသင်း ပွဲ ၂၀ ဆက်တိုက်နိုင်ပွဲရရှိသည့် မှတ်တမ်းတစ်ရပ် စိုက်ထူနိုင်ခဲ့



ပရီမီယာလိဂ်ပွဲစဉ် ၂၆ ရဲ့ စနေနေ့ည အစောပိုင်းပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားခဲ့တဲ့ မန်စီးတီးအသင်းနဲ့ ဝက်စ်ဟမ်းအသင်းတို့ရဲ့ ပွဲစဉ်မှာ အိမ်ရှင်မန်စီးတီးအသင်းက ဝက်စ်ဟမ်းအသင်းကို နှစ်ဂိုး–တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။

**ပွဲ ၂၀ ဆက်တိုက်နိုင်ပွဲရ**

အဲဒီလို ဝက်စ်ဟမ်းအသင်းကို အနိုင်ရရှိခဲ့ခြင်းဟာ မန်စီးတီးအသင်းအတွက် ပွဲ ၂၀ ဆက်တိုက်နိုင်ပွဲရရှိခဲ့သည့် မှတ်တမ်းတစ်ရပ်ကို စိုက်ထူနိုင်ခဲ့တာဖြစ်ပြီး မန်စီးတီးအသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် မိနစ် ၃၀ မှာ ရူဘင်ဒိုင်ယက်စ်က တစ်ဂိုးနဲ့ ပွဲကစားချိန် ၆၈ မိနစ်မှာ ဂျွန်စတုန်းကတစ်ဂိုး အသီးသီးသွင်းယူပေးခဲ့တာဖြစ်ပြီး ဝက်စ်ဟမ်းအသင်းအတွက် ချေပဂိုးကို ပွဲကစားချိန် ၄၃ မိနစ်မှာ အန်တိုနီယိုက သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

**၂၇ ပွဲဆက်တိုက် ရှုံးပွဲမရှိခဲ့တဲ့စံချိန်**

မန်စီးတီးအသင်းဟာ ပွဲ ၂၀ ဆက်တိုက်နိုင်ပွဲရရှိအောင် စွမ်းဆောင်နိုင်ခဲ့တဲ့ အသင်းအဖြစ် မှတ်တမ်းတင်နိုင်ခဲ့သလို ပြိုင်ပွဲအရပ်ရပ်မှာ နောက်ဆုံးကစားခဲ့တဲ့ ၂၇ ပွဲဆက်တိုက် ရှုံးပွဲမရှိခဲ့တဲ့စံချိန်ကိုလည်း ရယူနိုင်ခဲ့တာဖြစ်ပါတယ်။

စာမျက်နှာ ၂၇ ကော်လံ ၁ သို့ ❖